
PRINCE OF PEACE

မင်းသမီးလေးငယ်ငယ်

# ဟင်္သာစီးပြီးပြန်လာမယ်

# ပုံပြင်များ

ရိုးရာထူး



# မင်းသမီးလေးငယ်ငယ်
# ဟင်္သာစီးပြီးပြန်လာမယ်

---

ရိုးရာထူး

# ကျေးဇူးစကား

ဘုရားသခင်၏ ကျေးဇူးတော်သက်သက်ကြောင့်သာ
ယခု တတိယမြောက် ပုံပြင်စာအုပ်ကို ထုတ်ဝေနိုင်ခြင်းဖြစ်၍
ဘုရားသခင်၏ ကျေးဇူးတော်ကို ချီးမွမ်းပါသည်။
ပထမဆုံး ပုံပြင်စာအုပ်ကို ထုတ်ဝေစဉ်က
ကျွန်တော်သည် ရပ်ဝေးတွင် ရောက်ရှိနေပါသည်။
ရပ်ဝေးမှ ပေးပို့လိုက်သော စာမူများကို
ယုံကြည်စိတ်ချစွာဖြင့် စာအုပ်အဖြစ်
ထုတ်ဝေပေးသော ကိုအယ်ဂလယ်မူးနှင့်
အကောင်းဆုံးဖန်တီးပေးခဲ့သော ကိုဂျိုနသန်တို့ကိုလည်း
ကျေးဇူးတင်ပါသည်။
သူတို့၏ ကူညီခဲ့မှုကြောင့်သာ
ယခု တတိယပုံပြင်စာအုပ်ထိတိုင် ရေးသားနိုင်ခဲ့ခြင်းဖြစ်ပါသည်။
ညအိပ်ရာဝင်ချိန်မှာ "ပုံပြောပြ" ဆိုပြီးပူဆာတတ်တဲ့
သမီးငယ်လေးနှစ်ယောက်ကိုလည်း ကျေးဇူးတင်ရပါသည်။
ကျွန်တော်ရေးသားသော စာအုပ်များကို
ဖတ်ရှုအားပေးကြတဲ့ စာဖတ်ပရိသတ်များနဲ့
ကူညီဖြန့်ချိပေးကြသူများအားလုံးကိုလည်း
အထူးကျေးဇူးတင်ရှိပါကြောင်း ဖော်ပြရင်းဖြင့်
ဘုရားသခင်ထံပါးမှ ကောင်းချီးမင်္ဂလာများစွာ
ခံစားရရှိပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

**မိုးရာထူး**

ပုံနှိပ်မှတ်တမ်း

မူပိုင်

PRINCE OF PEACE

ထုတ်ဝေခြင်း

ပထမအကြိမ်

ဒီဇင်ဘာလ၊ ၂၀၁၁

အုပ်ရေ

၁၀၀၀

ဆက်သွယ်ရန်လိပ်စာ

အမှတ် (၁၀၅)၊ ခိုင်ရွှေဝါလမ်း (ခ) ဗဟိုလမ်း

ကမာရွတ်မြို့နယ်၊ ရန်ကုန်။

ဖုန်း - ၀၉ ၄၉၅၅၈၀၅၈၉

တန်ဖိုး

၁၀၀၀ ကျပ်

(အသင်းတော်အတွင်း ကန့်သတ်ထုတ်ဝေသည်)

## မာတိကာ


၁။ ငှက်မြို့တော် ........... ၇

၂။ မင်းသမီးလေးငယ်ငယ်
ဟယ်ဘာစီးပြီး ပြန်လာမယ် ........... ၁၆

၃။ အိပ်ရာဝင်ပုံပြင် ........... ၂၆

၄။ ကောင်လေးနဲ့ ငှက်မကြီး ........... ၃၂

၅။ ဘုရားသခင်ရှိလား ........... ၃၇

၆။ ရွာပုံပြင် ........... ၄၃

၇။ ကော်ဘောပင် ........... ၅၁

၈။ နွားကျောင်းသားနဲ့ ကချေသည် ........... ၅၇

၉။ ပုလဲပုံပြင် ........... ၆၆

၁၀။ ပန်းပွင့်တိုင်းပြည် ........... ၇၀

၁၁။ ပန်းကြာဖြူ ........... ၇၇

၁၂။ အသံပုံပြင် ........... ၈၇


၁၃။ သူရဲကောင်းပုံပြင် ........... ၉၀

၁၄။ နာဂစ်ပုံပြင် ........... ၉၄

၁၅။ ခရစ်စမတ်ပုံပြင် ........... ၉၉

၁၆။ ကြောက်တတ်တဲ့ကောင်လေး ........... ၁၀၅

၁၇။ ပုံပြောတဲ့အဘိုးအို ........... ၁၁၁



# ငှက်မြို့တော်

**ရိုးရာထူး**

တစ်ခါက အေးချမ်းသာယာလှပတဲ့ တောင်ပေါ်မြို့လေးတစ်မြို့ ရှိသတဲ့။ အဲဒီမြို့လေးဟာ ဆောင်းခိုငှက်တို့ ရွှေ့ပြောင်းရာ လမ်းကြောင်းပေါ်မှာ တည်ရှိသတဲ့။ မြို့ထဲနဲ့ မြို့ပြင်မှာ တခြားမြို့တွေလိုပဲ ငှက်ကလေးတွေရှိပါ တယ်။ ငှက်ကလေးတွေဟာ မိုးလင်းတာနဲ့တစ်ပြိုင်နက် အစာရှာထွက်ကြတယ်။

တချို့က မြစ်နားချောင်းနားကို သွားကြတယ်။ တချို့က တောထဲတောင်ထဲ လယ်ကွင်းထဲကို အစာရှာထွက်ကြတယ်။ တောင်ထဲတောင်ထဲ၊ မြစ်နားချောင်းနားမှာ အစာမရှာတတ်ကြတဲ့၊ အစာမရှာချင်ကြတဲ့ ငှက်ကလေးတွေကတော့ မြို့ထဲလမ်းတွေပေါ်မှာ အစာရှာထွက်ကြပါတယ်။ သူတို့ အများဆုံးသွားတတ်တဲ့နေရာ၊ သူတို့အတွက် အစာအများဆုံးရတဲ့နေရာကတော့ မြို့လယ်ဈေးကြီးပဲပေါ့။

အဲဒီမှာ ငှက်တွေတော်တော်များများ စုမိတတ်ပါတယ်။ ငှက်မျိုးလည်းပေါင်းစုံပဲ။ အဲဒီလို စုမိကြပေမယ့် သူတို့တွေက ကိုယ့်အမျိုးနဲ့ကိုယ်၊ ကိုယ့်အစုနဲ့ကိုယ်သာ သီးသန့်နေကြ၊ အစာစားကြပါတယ်။ သူတို့စရိုက်တွေကလည်း တူမှမတူဘဲကိုး။

ဘုရားကျောင်းမှာနေတဲ့ ခိုမိသားစုက သိချင်းလေးတညည်းညည်းနဲ့ အစာစားပြီးတိုင်း ဘုရားသခင်ရဲ့ ဂုဏ်ကျေးဇူးတော်ကို ချီးမွမ်းတတ်တယ်။ ဘုရားကျောင်းနားက အိမ်ကြီးမှာနေကြတဲ့ ခိုမိသားစုကတော့တစ်မျိုး။ အစာစားရရင်လည်း တဟီးဟီး၊ မစားရရင်လည်း တဟင်းဟင်းနဲ့ အမြဲလို ညည်းနေတတ်တယ်။

ဆက်ရက်မလေးနှစ်ကောင်ကတော့ ဈေးနားနီးနီး တိုက်ကြီးကြီးမှာ မွေးထားတဲ့ ရွှေလှောင်ချိုင့်ထဲက ကြက်တူရွေးနှစ်ကောင်ကိုကြည့်ပြီး တွတ်တွတ်တွတ်တွတ်လုပ်နေကြတယ်။

"သူတို့ကျတော့လည်း ကောင်းစားလိုက်တာနော်၊ ဘာမှ ပင်ပင်ပန်းပန်းလုပ်ကိုင်စားသောက်စရာမလိုဘူး။ စားရတော့လည်း ကောင်းမွေ၊ နေရတော့လည်း အထက်တန်းကျကျနဲ့ ဇိမ်ပဲ"

"အောင်မယ်. . ညည်းက အားကျတာပေါ့လေ။ ညည်းသာ အဲဒီလို နေချင်နေ၊ ငါကတော့ မနေနိုင်ပေါင်။ ကြည့်ပါဦး သွားချင်ရာ သွားလို့မရနဲ့ မလွတ်မလပ် စိတ်ပျက်စရာကြီး"

"သိပ်လည်း မကြီးကျယ်ပါနဲ့နော် ညည်းကိုလည်း ဘယ်သူမှ အဲလိုထားမှာ မဟုတ်ဘူး"

"ထားလည်း မနေနိုင်ပါဘူးနော်။ ကိုယ့်လက်ကိုယ့်ခြေရှိတယ်၊ ကိုယ့်ထမင်းကိုယ်ရှာစားမယ်၊ ကိုယ့်ဘဝနဲ့ကိုယ် လွတ်လွတ်လပ်လပ်ပဲ"

ဒီလိုပါပဲလေ။ ဆက်ရက်မလေးတွေက အစာစားလိုက်၊ တတွတ်တွတ်လုပ်လိုက်ပါပဲ။ အဲဒီလို စုစုဝေးဝေးနေတတ်တဲ့ ငှက်တွေရှိသလို တစ်ကိုယ်တည်း အထီးကျန်နေတဲ့ ငှက်တစ်ကောင်လည်း ရှိပါရဲ့။

သူက မြို့ပြင် ဇရပ်ပျက်ကြီးမှာ တစ်ကိုယ်တော်နေထိုင်တဲ့ ခိုငှက်တစ်ကောင်ပါ။ သူက တစ်ကိုယ်ရည်တစ်ကာယသမားဆိုတော့ အေးအေးဆေးဆေးပဲ။ ဟိုသွားလိုက်၊ ဒီသွားလိုက်၊ ဟိုလျှောက် အဲ့ . ဟိုပျံဒီပျံနဲ့ လမ်းမှာတွေ့တဲ့ အစာလေးတစ်ဆုပ်တစ်ခဲ ကောက်စားလိုက် သွားချင်ရာဆက်သွားလိုက်နဲ့ အပူအပင်ကိုကင်းလို့။

သူကပဲ သူများနဲ့ မပေါင်းတာလား၊ သူများကပဲ သူနဲ့ မပေါင်းချင်လို့လားတော့ မသိပါဘူး။ သူကတော့ ဖြူဖြူမည်းမည်း အားလုံးနဲ့ သင့်တင့်အောင် ပေါင်းနိုင်ဖို့ အမြဲကြိုးစားပါတယ်။ သူကသာ အဲလိုသဘောထားပေမယ့် ဖြူဖြူတွေက မည်းမည်းနဲ့ မပေါင်းချင်၊ မည်းမည်းတွေကလည်း ဖြူဖြူနဲ့ မတည့်ဆိုတော့ ကြားက သူ့မှာသာ အခက်တွေ့ရတယ်။ အဲဒီလိုဖြစ်ရာက နောက်တော့ သူ့ဘာသာသူပဲ နေဖြစ်သွားတော့တယ်။

ဒီတော့လည်း သူ့ဘာသာသူ တစ်ကိုယ်တော်ငြိမ်းငြိမ်းချမ်းချမ်းပဲ။ မနက်ဆို ထ၊ ဟိုဟိုဒီဒီသွား၊ အစာလေးတစ်လုပ်နှစ်လုပ်ကောက်စား၊ လူ၊ ငှက်၊ တိရစ္ဆာန်၊ တောတောင်ရေမြေတွေကို ငေးမောရင်း ညနေနေဝင်ချိန်မှာတော့ မြို့ပြင်ဇရပ်အိုကြီးရဲ့ ရင်ခွင်ထက် မှေးစက်ဖို့ ပြန်လာပါတော့တယ်။

**

ဒီလို အေးအေးချမ်းချမ်းနဲ့ ပုံမှန်လည်ပတ်တည်ရှိနေတဲ့ မြို့ကလေးကို တစ်နေ့မှာတော့ တုန်လှုပ်ချောက်ချားဖွယ် သတင်းဆိုးကြီးတစ်ခု ရိုက်ခတ်လာပါတယ်။ ဒီသတင်းဆိုးကြောင့် ငှက်လောကတစ်ခုလုံး ဆောက်တည်ရာမရ သွေးပျက်ထိတ်လန့်ကုန်ကြတယ်။

သူတို့မြို့လေးမှာ "ကြက်ငှက်တုပ်ကွေးရောဂါ" စတင်ဖြစ်ပွားနေပြီတဲ့။ လမ်းပေါ်မှာလည်း ဒီအကြောင်း၊ ဈေးထဲမှာလည်း ဒီအကြောင်း၊ တောထဲတောင်ထဲ၊ မြစ်နားချောင်းနားမှာလည်း ဒီအကြောင်းချည်း ပြောကြဆိုကြဖြစ်ကုန်ရော။ ဘယ်မြို့မှာတော့ ကြက်ငှက်တုပ်ကွေး

ရောဂါကြောင့် ငှက်တွေအုပ်စုလိုက်ပျံလာရင်း ပြုတ်ကျသေဆုံးသွားတဲ့ အကြောင်း၊ ကြက်ခြံတွေမှာ ကြက်တွေကို အစုလိုက်အပြုံလိုက် သတ်ပစ်ကြတဲ့အကြောင်း၊ ရောဂါက တစ်ကောင်ကတစ်ကောင်ကို အလွန်ကူးစက်မြန်ဆန်တဲ့အကြောင်း၊ ဒီရောဂါက လူတွေကိုပါ ကူးစက်ပြီး အလွန်အန္တရာယ်ကြီးတဲ့ ကပ်ရောဂါဆိုးကြီးလို ဖြစ်သွားနိုင်ကြောင်းစတာတွေကို ထိတ်လန့်တကြား ပြောဆိုနေကြပါတော့တယ်။


သတင်းကြားကြားချင်းပဲ ဆက်ရက်မလေးနှစ်ကောင်က မျက်နှာဖုံးတွေကိုယ်စီတပ်လို့။ ရောဂါကို ကာကွယ်ဖို့ပဲလား၊ ခေတ်မီချင်တာပဲလား၊ ကြီးကျယ်တာပဲလားဆိုတာတော့ ဘယ်သူမှ အရေးတယူလုပ်ပြီး မမေးကြတော့ ဘယ်သူမှ ပြောနိုင်မှာမဟုတ်ပါဘူး။

သူတို့နှစ်ကောင်ကို ကြည့်မရတဲ့ ကျီးကန်းကြီးက. . .

"မျက်နှာဖုံးတွေ ဘယ်လောက်တပ်တပ် နင်တို့နှစ်ကောင်ကတော့ အန္တရာယ်ရှိနေမှာပဲ။ ရောဂါပိုးက လေထဲကတစ်ဆင့်၊ တံတွေးကတစ်ဆင့် ကူးစက်နိုင်တာဆိုတော့ နင်တို့တွေ စကားပြောတာလျှော့မှပဲ ကာကွယ်နိုင်မယ်"

ကျီးကန်းကြီးရဲ့စကားကို ဆက်ရက်မလေးနှစ်ကောင်က မျက်စောင်းတွေနဲ့ တုံ့ပြန်ပါတယ်။

ရောဂါက စတင်ကူးစက်လာပါပြီ။



မြို့အစွန် ကြက်ခြံက စတယ်လို့ပဲ ပြောရမယ်။ အဲဒီကြက်ခြံက ကြက်မလေးတစ်ကောင်က ရေကြက်တစ်ကောင်နဲ့ ဘာလိုလိုဆိုတော့ ကြက်မလေးကြောင့်ပဲ စဖြစ်သလိုလို၊ အဲဒီခြံက ကြက်ဖကလည်း ခြေမငြိမ်တော့ ကြက်ဖကြောင့်ပဲ ရောဂါ

ရသလိုလို. . .၊ ဘယ်သူ့ကြောင့်မှန်းအတိအကျမသိရပေမယ့် တစ်ခြံလုံး ကိုပြုတ်ရောပဲ။

နောက်တော့ အနားက ကြက်ခြံကိုပါကူးစက်ပြီး အဲဒီကြက်တွေလည်း ခြံလုံးကိုကျွတ်ရော။ နောက်နေ့မှာတော့ ဈေးနားနီးနီး တိုက်ကြီးကြီးမှာ မွေးထားတဲ့ ကြက်တူရွေးနှစ်ကောင်အနက် တစ်ကောင်ဟာ သေသွားပါတယ်။ ကျန်တဲ့တစ်ကောင်ကို ချက်ချင်းလွှတ်ပေးလိုက်ကြတယ်။ ဒီရောဂါက လူကိုပါ ကူးစက်တတ်တာ မဟုတ်လား။

တစ်မြို့လုံး ကာကွယ်ဆေးတွေသောက်ကြ၊ ထိုးကြ၊ သတိပေးဆိုင်းဘုတ်တွေထောင်ကြ၊ လက်ကမ်းစာစောင်တွေဝေကြနဲ့ ရှုတ်ရှုတ်သဲသဲ အုန်းအုန်းကျွက်ကျွက်ကိုဖြစ်သွားတော့တာပဲ။

**

အဲဒီလို ငှက်လောကတစ်ခုလုံး ထိတ်လန့်ချောက်ချားနေချိန်. .

တစ်နေ့မှာ. .

ဇရပ်အိုကြီးက ခိုငှက်ဟာ ဟိုဟိုဒီဒီလျှောက်သွားရင်း တစ်နေရာအရောက်မှာ ငှက်တစ်ကောင် လဲနေတာကို တွေ့သွားတယ်။ လဲကျနေတဲ့ငှက်ဟာ သူ့တို့မြို့က မဟုတ်မှန်းကိုပါ သိလိုက်ပါတယ်။

အနားကပ်ကြည့်လိုက်တဲ့အခါမှာ ကြိုးကြာငှက်တစ်ကောင်ဖြစ်နေတာကို တွေ့လိုက်ရတယ်။ ကြိုးကြာငှက်ဟာ လဲကျနေရာက တဟီးဟီးနဲ့ ညည်းနေရှာတယ်။ ခိုငှက်က ကြိုးကြာကို သူနေထိုင်ရာ ဇရပ်အိုဆီ တွဲခေါ်သွားခဲ့တယ်။

မခေါ်ဘဲပစ်ထားလို့ ဘယ်ဖြစ်ပါ့မလဲ။ လမ်းမှာက ခွေးတွေ၊ ကြောင်တွေရဲ့ အန္တရာယ်က ရှိသလို အမျိုးမတူတဲ့ ငှက်တွေရဲ့ရန်ကလည်း ဘယ်လွတ်နိုင်ပါ့မလဲ။

"ငါနဲ့မတူ ငါ့ရန်သူ" ဆိုတဲ့စကားက ငှက်လောကမှာ အတော်စွဲမြဲနေတဲ့စကား။ ဒါကြောင့်ထင်ပါရဲ့ ငှက်ပညာရှိကြီးတစ်ပါးဆို. .

"ငှက်တွေရဲ့သမိုင်းကို စကားတစ်လုံးတည်းနဲ့ ပြောနိုင်တယ်။ အဲဒါကတော့ ဆိတ်နိုင်ရင်ပိုင်းဆိတ်၊ မဆိတ်နိုင်ရင် ထွက်ပြေးကြ" လို့ ဆိုခဲ့တယ် မဟုတ်လား။

ခိုင့်ကလေးဟာ ကြိုးကြာကို အစွမ်းကုန် ပြုစုပါတယ်။ နွေး နွေးထွေးထွေးဖြစ်အောင် ထားတယ်၊ သက်သောင့်သက်သာရှိအောင် ပြု စုပေးတယ်။ နောက်တော့ ကြက်ငှက်တုပ်ကွေးရောဂါပျောက်ဆေး ရှာ ပုံတော်ဖွင့်ပါတော့တယ်။

အရင်ဆုံး "ဥဩပျို" အဖွဲ့ဆီသွားစုံစမ်းပါတယ်။ သူတို့တွေက ခေတ်မီကြသူတွေ။ ဒီရောဂါကို ကာကွယ်ဖို့ စတင်လှုံ့ဆော်ခဲ့တာ သူတို့ ပဲ မဟုတ်လား။ နောက်ပြီး သူတို့မှာ 'နတ်ဝပ်' တွေ 'သကြားဝပ်' တွေ ဆိုလားနဲ့ ဆက်သွယ်ဆောင်ရွက်နေကြတယ်ဆိုပဲ။

ခိုင့်ကသွားစုံစမ်းတဲ့အခါ သူတို့မှာ ကာကွယ်ဆေးမရှိဘူးတဲ့။ ပရောဂျက်တွေ၊ ရီပို့တွေ မှန်မှန်လုပ်ရင် ရောဂါကာကွယ်နိုင်သလိုလို၊ ရောဂါပျောက်မလိုလိုတော့ ကြားမိသလားလို့။ သူတို့ရဲ့ဆောင်ပုဒ်က "နိုး ရီပို့ နိုးဆပ်ပို့" ဆိုပဲ။

သူတို့ဆီကအပြန် လူစည်ကားရာ မြို့လယ်ခေါင်က ကြက်ငှက် တုပ်ကွေး သတိပေးဆိုင်းဘုတ်ပေါ်မှာ ဥဩငှက်တစ်ကောင်က "ဥဩ ဥဩ" နဲ့အော်ရင်း ကြက်ငှက်တုပ်ကွေးရောဂါ အန္တရာယ်ကို ကြိုတင်ကာ ကွယ်ဖို့ လှုံ့ဆော်စည်းရုံးနေတာကို တွေ့လိုက်ရတယ်။

သူ့ကိုကြည့်ပြီး ခိုင့်က အတော်ရယ်ချင်သွားတယ်။


ဟုတ်တယ်လေ။ ကြက်ငှက်တုပ်ကွေးရောဂါနဲ့ပတ်သက်တဲ့ သိ ကောင်းစရာတွေ၊ သတိပေးတာတွေ လုပ်ရမယ့်အစား ကိုယ့်ကိုယ်ကိုယ် လွှတ်ကြော်ငြာနေတာကိုး။

ခိုင့်က ဆေးရနိုင်ဖို့ အမျိုးမျိုးစုံစမ်းရှာဖွေပေမယ့် မရတဲ့အ တွက် လက်လျှော့မယ်ကြံတုန်းမှာပဲ ကြက်ခြံကြီးတစ်ခြံကို သတိရသွား တယ်။ အဲဒီမှာ သူနဲ့ ခင်မင်ရင်းနှီးတဲ့ ကြက်ဖကြီးတစ်ကောင်ရှိတယ်။

ခိုင့်ကရှင်းပြတာကို နားထောင်ပြီးသွားတဲ့အခါမှာ ကြက်ဖကြီး က သူ့ဆီကဆေးကို ထုတ်ပေးပါတယ်။

"ရော့ ဒီဆေးကို တိုက်လိုက်။ ဆေးက တစ်နေ့သုံးခါ သောက် ရတယ်။ နေ့တိုင်းလာယူပေါ့။ ငါ့အတွက်က ဆေးမလိုတော့ပါဘူး။ ရော ဂါနဲ့ မသေလည်း သတ်စားလို့သေရမှာပဲ" •

ကြက်ဖကြီးရဲ့ စကားကြောင့် ခိုင့်ဟာ အတော်စိတ်မကောင်း ဖြစ်သွားရတယ်။ နောက်တော့ ဆေးကိုယူ၊ ကျေးဇူးစကားဆိုပြီး ကြိုးကြာငှက်ရှိရာ လှည့်ပြန်ခဲ့ပါတော့တယ်။



❧❧

ဆေးသောက်ပြီးတဲ့နောက် ကြိုးကြာငှက်ဟာ တစ်နေ့တခြား ထူထူထောင်ထောင်ဖြစ်လာခဲ့တယ်။ ဒီအချိန်မှာပဲ သူ့ကို ဆေးတွေပေးနေတဲ့ ကြက်ဖကြီးကိုသတ်ဖို့ ဈေးထဲဖမ်းခေါ်သွားကြတဲ့ အကြောင်း ကြားလာရတယ်။ ကြိုးကြာငှက်က သူ့အသက်ကို ကယ်တင်ခဲ့တဲ့ ကြက်ဖကြီးကို တွေ့ပြီး ကျေးဇူးတင် စကားပြောချင်ကြောင်း ခိုင့်ကို ပြောတယ်။ ဒီလို တွေ့ဆုံဖို့က သိပ်တော့ မလွယ်လှဘူး။ ကြိုးကြာငှက်ကို လူတွေတွေ့သွားရင် အန္တရာယ်ရှိနိုင်တာမို့ တွေ့ဆုံမယ့်အစီအစဉ်ကို အသေအချာစီစဉ်ကြရတယ်။

ကြက်ဖကြီးကိုတွေ့နိုင်ဖို့ မနက်စောစော သူတို့ ထွက်ခဲ့ကြတယ်။ ကြိုးကြာက ဈေးအနီး သစ်ပင်ကြီးတစ်ပင်မှာ ပုန်းခိုနေရစ်တယ်။ ခိုင့်က ဈေးထဲဝင်ပြီး ကြက်ဖကြီးကို ရှာတယ်။ နောက်ဆုံးတော့ ကြက်ဖကြီးကို ကြက်ခြင်းကြီးတစ်လုံးထဲမှာ တွေ့လိုက်ရတယ်။ ကြက်ဖကြီးကိုတွေ့တာနဲ့ ခိုင့်က ကြိုးကြာကို အချက်ပြလိုက်တယ်။ ကြိုးကြာက သစ်ပင်ပေါ်ကနေ ကြက်ဖကြီးရှိရာဆီ ဆင်းလာခဲ့တယ်။ ကြက်ဖကြီးကိုတွေ့တာနဲ့ ကြိုးကြာက ကျေးဇူးတင်စကားပြောပါတယ်။ သူတို့တွေ့ကြတာ ခဏလေးသာဖြစ်ပေမယ့် လူတွေက ကြိုးကြာငှက်ကို တွေ့သွားတဲ့အတွက်

ဈေးကြီးတစ်ခုလုံး ရုတ်ရုတ်သဲသဲဖြစ်သွားတယ်။

သူတို့ရှိရာ လူတွေ ရောက်မလာခင်မှာပဲ ခိုင့်ငှက်က ကြိုးကြာကို ပြန်ဖို့အတွက် သတိပေးလိုက်တယ်။ နောက်ဆုံး နှုတ်ဆက်စကားဆိုပြီးတာနဲ့ သူတို့ တစ်ဟုန်ထိုးပျံတက်သွားကြတယ်။ လူတွေ အံ့အားသင့်ပြီး ကျန်ရစ်ခဲ့ပါတယ်။

ကြက်ရောင်းသူက ကြက်ဖကြီးကိုသတ်ဖို့အတွက် ကြက်ခြင်းထဲက ဆွဲထုတ်လိုက်တဲ့အချိန်မှာတော့ ကြက်ဖကြီးက သေနေပါပြီ။

❦

ဒီလိုနဲ့. . .၊

တစ်ညမှာ ကြိုးကြာက ခိုင့်ငှက်ကို နှုတ်ဆက်စကားဆိုပါတယ်။ သူ့ကို ကူညီခဲ့တဲ့အ တွက် အမြဲအမှတ် ရနေမယ်ဆိုပြီး ကျေးဇူးစကားဆိုပါတယ်။

မနက် စောစောမှာ သူတို့ ဟာ မြို့လယ်ကုန်းမြင့်က ကျောက်တိုင်ထိပ်မှာ နား လိုက်ကြတယ်။ တစ်အောင့်အကြာမှာ ကောင်းကင်မှာ အစက်အပြောက်ကလေး တစ်ခုကို တွေ့လိုက်ရတယ်။ အစက်ကလေးဟာ သူတို့နဲ့နီးလာတဲ့အခါ ကြီးကြီးလာတယ်။

အို. . ကြိုးကြာအုပ်ကြီးပါလား။

ကြိုးကြာက အောက်ကနေ လှမ်းအော်လိုက်တဲ့အခါ ငှက်အုပ်ကြီးဟာ ကောင်းကင်ထက်မှာ ခေတ္တရပ်တန့်ငြိမ်သက်သွားတယ်။ နောက်တော့ လှိုင်းလုံးတွေလို မြင့်တက်လိုက် နိမ့်ဆင်းလိုက်နဲ့. . .၊ ငှက်အုပ်ကြီးဟာ တောင်စဉ်တောင်တန်းတွေလို တစ်လွှာပြီးတစ်လွှာ၊ တစ်ထပ်ပြီးတစ်ထပ် တအိအိရှန်းကြွလှုပ်ရှားနေပါတယ်။

ကြိုးကြာက ငှက်အုပ်ကြီးရှိရာ တစ်ဟုန်ထိုးပျံတက်သွားတယ်။ ရုတ်တရက်ထွက်ပေါ်လာတဲ့ ငှက်အုပ်ကြီးရဲ့ အော်သံဟာ တစ်မြို့လုံးကို လွှမ်းခြုံရိုက်ခတ်တုန်ဟီးသွားတယ်။

ငှက်အုပ်ကြီးဟာ လေဆင်နှာမောင်းတစ်ခုလို မြေပြင်ထက်ကို ထိုးစိုက်ဆင်းလာပြီး ခရုပတ်သဏ္ဌာန် ဝဲလှည့်ပြန့်ကားသွားတယ်။ ငှက်အုပ်ကြီးရဲ့အော်သံကြောင့် ကုန်းမြင့်ထက်ကို လူအများရောက်ရှိလာကြ

ပြီး တအံ့တသြ မော့ကြည့်ကြတယ်။

ငှက်အုပ်ကြီးဟာ ကောင်းကင်ထက်မှာ ပုံသဏ္ဍာန်မျိုးစုံပျံသန်းရင်းက တဖြည်းဖြည်း ဝေး. . ဝေး. . သွားပါတော့တယ်။

ဆောင်းခိုငှက်တို့ရွှေ့ပြောင်းရာ ရာသီချိန်ရောက်လာပြီဆို တောင်ပေါ်မြို့လေးဆီ အနယ်နယ်အရပ်ရပ်က လူတွေ ရောက်လာကြပါတယ်။ အဲဒီလူတွေထဲမှာ ငှက်ဝါသနာရှင်တွေ၊ သုတေသီတွေ၊ လေ့လာသူတွေပါဝင်ပါတယ်။ နောက်ပြီး အနုပညာရှင်တွေ၊ သတင်းထောက်တွေလည်း ပါတာပေါ့လေ။ အဲ. . ခေတ်မီချင်သူတွေလည်း မပါမဖြစ်ပါကြပါတယ်။

အဲဒီအချိန်ဆို မြို့လေးဟာ ဧည့်သည်တွေနဲ့ စည်ကားနေပါတယ်။ မြို့ထဲမှာ ငှက်ပြပွဲတွေ၊ ငှက်နဲ့ပတ်သက်တဲ့ အမှတ်တရပစ္စည်းတွေကို ပြသရောင်းချကြပါတယ်။ ညစဉ်ညတိုင်း ကြိုးကြာနဲ့ခို ပြဇာတ်ကို အထူးတင်ဆက်ကပြပါတယ်။ ဒီဇာတ်လမ်းနဲ့ပတ်သက်တဲ့ ရုပ်ရှင်၊ ဗီဒီယို၊ ပြဇာတ်၊ သီချင်း၊ ဓာတ်ပုံ၊ ပို့စကတ်၊ ပန်းချီကားတွေကိုလည်း နေရာအနှံ့ မြင်တွေ့နိုင်ပါတယ်။

ပြီးရင်တော့. . .

လူတွေဟာ ဆောင်းခိုငှက်တို့ ရွှေ့ပြောင်းပျံသန်းသွားကြတာကို တွေ့မြင်နိုင်ဖို့အတွက် ကြိုးကြာနဲ့ ခိုရုပ်တုရှိရာ မြို့လယ်ကုန်းမြင့်က ပန်းခြံမှာ စုရုံးစောင့်စားနေကြပါတော့တယ်။



# မင်းသမီးလေးငယ်ငယ် ဟင်္သာစီးပြီးပြန်လာမယ်

တစ်ခါက ထီဆေ့မေ့ပြည်မှာ ရှင်ဘုရင်ကြီးတစ်ပါး အုပ်ချုပ်မင်းလုပ်သတဲ့။ သူ့တိုင်းပြည်ဟာ ဖွံ့ဖြိုးတိုးတက်ပြီး သာယာဝပြောပေမယ့် ရှင်ဘုရင်ကြီးခမျာ အပြည့်အဝ မပျော်နိုင်ရှာဘူးတဲ့ကွယ်။

ဘာကြောင့်လဲဆိုတော့ ရှင်ဘုရင်ကြီးဆီမှာ ထီးမွေနန်းမွေ ဆက်ခံမယ့် သားသမီးရတနာ မထွန်းကားတဲ့အတွက် ရှင်ဘုရင်ကြီးခမျာ စိတ်ဆင်းရဲရရှာသတဲ့။

တစ်ခါတော့ ရှင်ဘုရင်ကြီးဟာ ကောင်းကင်နဲ့ မြေကြီးကိုဖန်ဆင်းတော်မူသော ဖန်ဆင်းရှင်ထံ. . .

"အရှင်ဘုရား ကျွန်တော်မျိုးကို ထီးမွေနန်းမွေဆက်ခံဖို့ သားသမီးရတနာတစ်ပါး ပေးသနားတော်မူပါ" လို့ဆုတောင်းသတဲ့။

ရှင်ဘုရင်ကြီး ဆုတောင်းပြည့်တယ်လို့ပဲ ဆိုရမယ်။

မိဖုရားကြီးက ရှင်ဘုရင်ကြီးအတွက် သားရတနာတစ်ပါးကို ဖွားမြင်ပေးသတဲ့။

အဲ. . ဆုတောင်းက ပြည့်ချင်တော့လည်း သားတော်တစ်ပါးတင်မကဘဲ သားတော်လေးပါးတိတိ ဆက်တိုက်ရလာပါတယ်။ သားတော်လေးတွေရလာတဲ့အခါ ရှင်ဘုရင်ကြီးဟာ အလွန်ပျော်ရွှင်သတဲ့။ ဒါပေမဲ့ သားတော်လေးတွေနဲ့ ဆော့ကစားတိုင်းမှာ ရှင်ဘုရင်ကြီးစိတ်ထဲ တစ်ခုခုလိုနေသလို၊ ဟာနေသလို ခံစားရတယ်တဲ့။ နောက်တော့ ဘာကြောင့်ဖြစ်ရတယ်ဆိုတာ ရှင်ဘုရင်ကြီး သိသွားသတဲ့။

"အရှင်ဘုရား သားတော်လေးပါး ရရှိခဲ့လို့ ကျေးဇူးတင်ပါတယ်။ အခု ကျွန်တော်မျိုးကို သမီးလေးတစ်ပါး ထပ်မံပေးသနားမယ်ဆိုရင် ကျွန်တော်မျိုးရဲ့ဘဝဟာ အလွန်ပြည့်စုံသွားပါလိမ့်မယ်။ ကျွန်တော်မျိုးကို သမီးတော်လေးတစ်ပါး ပေးသနားတော်မူပါ၊ သနားကရုဏာထားသောအားဖြင့် သမီးသေးသေးလေးပဲဖြစ်ဖြစ် ပေးသနားတော်မူပါ" လို့ ဖန်ဆင်းရှင်ထံ ထပ်မံဆုတောင်းပါတယ်။

ဒီတစ်ကြိမ်မှာလည်း ရှင်ဘုရင်ကြီးဆုတောင်းပြည့်သတဲ့။ မိဖုရားကြီးက ရှင်ဘုရင်ကြီးအတွက် သမီးတော်လေးတစ်ပါး ဖွားမြင်ပေးခဲ့တယ်။ ဒါပေမဲ့ သမီးတော်လေးဟာ တစ်တောင်လောက်အရွယ်မှာပဲ ရပ်သွားပြီး ဆက်ကြီးမလာတော့ဘူးတဲ့ကွယ်။ ဒီလိုဖြစ်တဲ့အတွက် ရှင်ဘုရင်ကြီးဟာ စိတ်မပျက်ဘဲ ပိုတောင်ပျော်ရွှင်သတဲ့။ သမီးလေးက သေးသေးလေးဆိုတော့ ပိုပြီးချစ်စရာကောင်းနေတော့တာကိုး။



ဒီလို ပျော်ရွှင်နေချိန်မှာပဲ တစ်နေ့တော့ မိဖုရားကြီးဟာ ဆုံးပါးသွားသတဲ့။ မိဖုရားကြီးဆုံးပါးသွားတဲ့အတွက် ရှင်ဘုရင်ကြီးနဲ့ သားသမီးလေးဦးဟာ အလွန်ကြေကွဲဝမ်းနည်းကြရတယ်။ ရှင်ဘုရင်ကြီးအနေနဲ့ မိဖုရားကြီးကို ချစ်ခင်တွယ်တာ လွမ်းဆွေးရပေမယ့် မိဖုရားသစ်တစ်ပါးရှာဖို့ လိုအပ်ပါတယ်။ ဒီတော့လည်း မိဖုရားသစ်တစ်ပါးကို ရှာဖွေတင်မြှောက်ခဲ့ရပါတယ်။

ရှင်ဘုရင်ကြီးရွေးတာ မှန်တယ်ပဲဆိုရမလား မသိဘူး။ အသစ်တင်မြှောက်လိုက်တဲ့ မိဖုရားသစ်က ချောလည်းချော၊ လှလည်းလှတဲ့အပြင် ရှင်ဘုရင်ကြီးနဲ့ သားတော်၊ သမီးတော်တွေကို အလွန်ချစ်သတဲ့။ မိဖုရားကြီးက ချောမောလှပရုံတင်မက ဉာဏ်ပညာလည်း အလွန်ထက်မြက်သတဲ့။ ဒီတော့လည်း ရှင်ဘုရင်ကြီးဟာ မိဖုရားသစ်ကို စိတ်ချယုံကြည်ပြီး အားလည်းကိုးလာသတဲ့။

ဒီလို ရှင်ဘုရင်ကြီးရဲ့ အားကိုးယုံကြည်မှု၊ ချစ်ခင်မြတ်နိုးမှုကို ရလာတဲ့အခါမှာ မိဖုရားကြီးက ရှင်ဘုရင်ထံ သူ့သဘောထားတစ်ခုကို တင်ပြခဲ့တယ်။

ရှင်ဘုရင်ကြီးရဲ့ သားတော်လေးပါးဟာ အရွယ်ရောက်လာပြီဖြစ်လို့ အနားမှာ မထားသင့်ကြောင်း၊ အခြားသူများရဲ့ သွေးထိုးစကားကို နားယောင်ပြီး ဖခင်ကိုလုပ်ကြံပြီး ထီးနန်းကိုလုယူမှာ စိုးရိမ်ရကြောင်းကို ဖွင့်ဟပြောဆိုပါတယ်။

မိဖုရားရဲ့ စကားကြောင့်ပဲလား၊ ကိုယ်တိုင်ရဲ့ စိတ်ဆန္ဒကြောင့်လားတော့ မသိဘူး။ ရှင်ဘုရင်ကြီးဟာ သားတော်လေးပါးကိုခေါ်ပြီး. .

"သားတော်တို့ အခု မင်းတို့အားလုံး သိသင့်တာတွေ၊ တတ်သင့်တာတွေအားလုံး သင်ကြားတတ်မြောက်ခဲ့ပြီ။ ဒါပေမဲ့ မင်းတို့မှာ အရည်အချင်းတစ်ခု လိုအပ်နေသေးတယ်။ အဲဒါကတော့ ကိုယ်ရည်ကိုယ်သွေး

နဲ့ အတွေ့အကြုံပဲ။ ဒီအရည်အချင်းက ကိုယ်တိုင်သင်ယူမှရတယ်။ အခု မင်းတို့ လက်တွေ့သင်ယူရတော့မယ်။

မင်းတို့အားလုံး အခုအချိန်ကစပြီး ရှင်ဘုရင်ရဲ့သားတော် မင်းသားတွေဆိုတာကို မေ့လိုက်ပေတော့။ ဒီနန်းတော်က ထွက်ခွာပြီး ကိုယ့်အတွက် စီးစရာကိုရှာ၊ ကိုယ့်အရည်အချင်းကို တိုးတက်အောင်လုပ်၊ အတွေ့အကြုံကောင်းတွေကို လက်တွေ့သင်ယူလေ့လာပေတော့"။

သားတော်လေးပါးဟာ နန်းတော်ကြီးကိုစွန့်ခွာခဲ့ပြီး စီးစရာရှာဖို့ မိမိတို့နှစ်သက်ရာလမ်းကို ရွေးချယ်ထွက်ခွာလာခဲ့ကြတော့တယ်။

ဒီလိုထွက်ခွာလာတဲ့အခါ. . .

သားတော်ကြီးက တောနက်ကြီးတစ်ခုမှာ ဆင်ဖြူတစ်စီးတွေ့ပြီး စီးစရာရသွားတယ်။

ဒုတိယသားတော်ကတော့ လွင်ပြင်ကျယ်ကြီးမှာ မြက်စားနေတဲ့ မြင်းတစ်ကောင်ကို ကျော့ကွင်းနဲ့ထောင်ဖမ်းရင်း စီးစရာရခဲ့တယ်။

တတိယသားတော်ကတော့ ကန္တာရထဲက ကုလားအုပ်တစ်ကောင်ကိုချော့မော့ပြီး စီးစရာအဖြစ်ရခဲ့တယ်။

အငယ်ဆုံးသားတော်ကတော့ ချောင်းကမ်းနံဘေးမှာတွေ့ရတဲ့ မိကျောင်းကြီးတစ်ကောင်ကို စီးနိုင်ဖို့ အပြင်းအထန်ကြိုးစားပြီးတဲ့နောက် တက်စီးလို့ရသွားပါတော့တယ်။

❦

မင်းသားတွေအားလုံး နန်းတော်ထဲက ထွက်သွားတဲ့အခါ ဝမ်းနည်းစွာကျန်ရစ်ခဲ့ရသူကတော့ မင်းသမီးလေးပဲပေါ့ကွယ်။ သူတစ်ယောက်တည်း ဆော့ကစားတဲ့အခါတိုင်း အစ်ကိုတွေကို ဆိုးနွဲ့အနိုင်ယူကစားခဲ့တာတွေကို သတိရပြီး လွမ်းဆွေးရသတဲ့။ အစ်ကိုတွေမရှိတဲ့အခါ သူ့အတွက် ခြောက်ကပ်ကပ်ကြီးဖြစ်ရသလို နန်းတော်ကြီးဟာလည်း သွေ့ခြောက်တိတ်ဆိတ်သွားသလိုပဲ။

နန်းတော်ထဲမှာလည်း ကောလဟာလ သတင်းပေါင်းစုံ ပြန့်နှံ့နေတယ်။ ဒီအခါ နန်းတော်ကြီးထဲမှာ စိုးရိမ်ပူပင်မှုတွေ ဖြစ်လာတယ်။ တစ်ခုခုကို ပူပင်စိုးရိမ်နေသလိုလို၊ တစ်ခုခုပဲ ဖြစ်တော့မလိုနဲ့. . ၊ ဘာ

ရယ်မှန်းမသိဘဲ ထိတ်ထိတ်လန့်လန့်ဖြစ်နေကြပါတယ်။ ဒီလိုအခြေအနေမျိုးမှာ မင်းသမီးလေးဟာ အရာရာကို သတိထားပြီး စောင့်ကြည့်မိသတဲ့။

တစ်နေ့၊

ဈေးကြီးသုတ်ပျာလျှောက်သွားတဲ့ ကိုယ်ရံတော်တပ်မှူးကို တွေ့လိုက်တယ်။ သူ့ပုံစံကိုမြင်တာနဲ့ တစ်ခုခုကို အရေးတကြီးဆောင်ရွက်နေမှန်းသိသာပါတယ်။ မင်းသမီးလေးက သူ့နောက်ကို ပုန်းလျှိုးကွယ်လျှိုး နောက်ယောင်ခံလိုက်ကြည့်လိုက်တယ်။

"အလို့ . . တပ်မှူးက မိဖုရားကြီးကို လာတွေ့တာကိုး။ တီးတိုးတီးတိုးနဲ့ သူတို့ ဘာတွေများပြောကြပါလိမ့်"

မင်းသမီးလေးက သူတို့စကားကိုကြားနိုင်အောင် အသာတိုးသွားလိုက်တယ်။

"ဒီည ဘုရင်ကို လုပ်ကြံမယ်။ အခုကစပြီး ဘုရင်ကို မျက်ခြေမပြတ်စောင့်ကြည့်ထားပေတော့"

မိဖုရားကြီးရဲ့စကားကြောင့် မင်းသမီးလေးခမျာ အံ့အားသင့်ပြီး တုန်လှုပ်ချောက်ချားသွားသတဲ့။ ဒါပေမဲ့ ဒီသတင်းကိုပြောဖို့ ချက်ချင်းပဲ ဖခင်ဘုရင်ကြီးရှိရာ အမြန်ပြေးထွက်သွားပါတော့တယ်။

မင်းသမီးလေးပြောပြီးတာနဲ့တစ်ပြိုင်နက် ရှင်ဘုရင်ကြီးဟာ ချက်ချင်းလှုပ်ရှားပါတော့တယ်။ ရှင်ဘုရင်ကြီးဟာ ကိုယ်ပေါ်က မင်းဝတ်တန်ဆာတွေကိုချွတ်လိုက်ပြီး သာမန်လူတစ်ယောက်လို ဝတ်ဆင်လိုက်တယ်။ နောက်ဈေးသည်ကြီးတစ်ဦးအသွင် ရုပ်ဖျက်လိုက်သတဲ့။

အခုအချိန်မှာ ဘယ်သူ့ကိုမှ မယုံရသလို၊ ဘာကိုမှလည်း စုံစမ်းစစ်ဆေးလို့ရမှာ မဟုတ်ဘူး။ ဘယ်သူတွေက ဘယ်သူ့ဘက်မှာရှိမှန်းလည်း မသိနိုင်တော့ဘူး။

ရှင်ဘုရင်ကြီးက မင်းသမီးလေးကို တောင်းထဲ ကောက်ထည့်လိုက်ပြီး ဈေးသည်ကြီးတစ်ဦးအဖြစ် နန်းတော်ထဲက ထွက်ခွာခဲ့ပါတယ်။ ရှင်ဘုရင်ကြီး ထွက်သွားချိန်မှာပဲ ကိုယ်ရံတော်တပ်မှူးနဲ့ သူ့တပ်သားတွေ ရောက်လာပါတယ်။ ရှင်ဘုရင်ကြီး လက်မတင်လေး လွတ်သွားခဲ့တယ်။

နောက်တစ်နေ့မှာတော့ မိဖုရားကြီးက သူ့ကိုယ်သူ ဘုရင်မအဖြစ် ကြေညာခဲ့တယ်။ ရှင်ဘုရင်ကြီးကို မတွေ့တွေ့အောင်ရှာပြီး သုတ်သင်ဖို့အတွက် သူ့တပ်သားတွေကို တိုင်းပြည်အနှံ့စေလွှတ်လိုက်ပါတော့တယ်။

"နန်းတော်ထဲက မင်းသားတွေရယ်. .
စီးစရာရှာဖို့ ထွက်သွားတယ်. . .
မင်းသမီးလေးငယ်ငယ် ဟင်္သာစီးပြီး ပြန်လာမယ်. . ."

ရှင်ဘုရင်ကြီးဟာ မင်းသမီးလေးကို တောင်းထဲထည့်၊ ဈေးသည်ကြီးတစ်ဦးအသွင်ဟန်ဆောင်ကာ ရွှေမြို့တော်ကြီးနဲ့ဝေးသထက်ဝေးရာ ပြေးလာခဲ့ပြီးနောက် ရွာတစ်ရွာအရောက် သစ်ရိပ်အောက်မှာ ခိုနားစဉ် တေးကဗျာလိုလို၊ တဘောင်လိုလို စာချိုးတစ်ခုကို ကလေးငယ်လေးတွေ အော်ဟစ်သီဆိုနေတာ ကြားလိုက်ရတယ်။ သီချင်းကိုကြားလိုက်ရရင်ပဲ တစ်ခုခုထူးခြားနေမှန်း သိလိုက်တယ်။

ဘုရင်ကြီးက ကလေးငယ်လေးတွေကို ခေါ်ယူစုံစမ်းကြည့်တဲ့အခါ သူတို့ကို အဘိုးအိုကြီးတစ်ဦးက မုန့်ဖိုးပေးပြီး အမြဲသီဆိုခိုင်းကြောင်း ပြောပြကြတယ်။ အဘိုးအိုအကြောင်းဆက်စုံစမ်းတဲ့အခါ ရွာပြင်ဇရပ်ကို တစ်ခါတစ်ရံ ရောက်လာတတ်ကြောင်းကို ပါ သိခဲ့ရတယ်။



ရွာပြင်မှာရှိတဲ့ ဇရပ်ကို စောင့်ကြည့်တဲ့အခါ တစ်နေ့တော့ အဘိုးအိုတစ်ဦး ရောက်လာတာကို တွေ့လိုက်တယ်။ ဘုရင်က အဘိုးအိုကို အနီးကပ်ကြည့်မိတဲ့အခါ အံ့အားသင့်သွားရတယ်။ အဘိုးအိုဟာ ရှင်ဘုရင်ကြီးရဲ့ဆရာ

ပညာရှိ အမတ်ကြီးဖြစ်နေတယ်။

အဘိုးအိုဟာ ပညာရှိပီပီ နန်းတော်ထဲက အခြေအနေတွေ သိပ်မဟန်မှန်းသိတဲ့အခါ ကြိုတင်ပြင်ဆင်မှုတွေ လုပ်ခဲ့ပါတယ်။ ရှင်ဘုရင်ကြီးနဲ့ မင်းသမီးလေးကို တောနက်ထဲ ခေါ်ဆောင်သွားခဲ့တယ်။ တစ်နေရာအရောက်မှာတော့ မြေကွက်လပ်တစ်ခုကို တွေ့တယ်။ မြေကွက်လပ်အလယ်မှာတော့ သပ်သပ်ရပ်ရပ် အိမ်ငယ်တစ်လုံး။

"ကဲ. . သမီးတော်လေး၊ တိုင်းပြည်ကို ပြန်လည်ကယ်တင်ဖို့အတွက် သမီးတော်ပဲ တာဝန်ယူရတော့မယ်။ အခုအချိန်ကစပြီး အဘိုးသင်ပေးမယ့် ပညာရပ်တွေကို ကြိုးကြိုးစားစားသာ သင်ယူပေတော့"

အဲဒီအချိန်ကစပြီး မင်းသမီးလေးဟာ ပညာရှိအမတ်ကြီးထံက ပညာရပ်တွေကို ကြိုးစားသင်ယူလေ့လာပါတော့တယ်။

❦❦

တစ်နေ့၊

မင်းသမီးလေးဟာ တစာစာအော်နေတဲ့ ဟင်္သာပေါက်လေးတစ်ကောင်ကိုတွေ့ပြီး ကောက်ယူမွေးမြူခဲ့ပါတယ်။ ဟင်္သာပေါက်လေးကနေ ဟင်္သာကြီးတစ်ကောင်ဖြစ်လာတဲ့အချိန်မှာတော့ မင်းသမီးလေးအတွက် စီးစရာလည်းရသွားပါတော့တယ်။

"အခုဆို သမီးတော်လေးဟာ ပညာလည်းစုံပြီ၊ စီးစရာလည်းရပြီဆိုတော့ နောင်တော်မင်းသားတွေကိုစုစည်းပြီး တိုင်းပြည်ကို ပြန်လည်ကယ်တင်ဖို့လုပ်ပေတော့"

ပညာရှိအမတ်ကြီးစကားဆုံးတာနဲ့ မင်းသမီးလေးဟာ ဟင်္သာငှက်ပေါ် တက်လိုက်ပြီး နောင်တော်မင်းသားတွေကို အရှာထွက်ခဲ့ပါတော့တယ်။

ဒီလိုထွက်လာတဲ့အခါ. . .

အကြီးဆုံးမင်းသားကို တောနက်ကြီးတစ်ခုအလယ် ဆင်ဖြူစီးပြီး ဆင်ရိုင်းအုပ်ကြီးနဲ့ ပျော်မြူးကစားနေတာကိုတွေ့တယ်။

ဒုတိယမင်းသားကိုတော့ လွင်ပြင်ကျယ်ထဲ မြင်းတစ်စီးကို ဒုန်းစိုင်းစီးနေတုန်း ရှာတွေ့ခဲ့တယ်။

တတိယမင်းသားကတော့ ကုန်သည်တစ်စုနဲ့ ကန္တာရအလယ် အိုအေစစ်တစ်ခုမှာ အပန်းဖြေနေပါတယ်။

စတုတ္ထမင်းသားကတော့ သောင်ပြင်မှာနေပူဆာလှုံနေလေရဲ့။ မင်းသားတွေအားလုံးကို ဖခင်ဘုရင်ကြီးရှိရာ ခေါ်ဆောင်လာခဲ့ပါတယ်။

❦

တိုင်းပြည်ကို ပြန်လည်ကယ်တင်ဖို့အတွက် စီမံကိန်းကြီးတစ်ခုကို အတူတိုင်ပင်ဆွေးပြီးနောက် သူတို့တွေ စတင်လှုပ်ရှားပါတော့တယ်။

ရှင်ဘုရင်ကြီးကိုယ်တိုင်ဦးဆောင်တဲ့ စစ်ကြောင်းကြီးတစ်ကြောင်း ချီတက်လာပါပြီ။

စစ်ကြောင်းရဲ့ထိပ်ဆုံးမှာ သားတော်ကြီးရဲ့ ဆင်တပ်က နေရာယူပါတယ်။

ဆင်တပ်နောက်မှာတော့ ဒုတိယသားတော်ရဲ့ မြင်းတပ်။ စတုတ္ထသားတော်ရဲ့ ရေတပ်က မြစ်ကြောင်းတစ်လျှောက် လိုက်ပါချီတက်လာပါတယ်။ တတိယသားတော်ကတော့ စစ်ကြောင်းကြီးတစ်ခုလုံးအတွက် လိုအပ်တဲ့ လက်နက်၊ ရိက္ခာ၊ ဆေးဝါးတွေကို ကုလားအုပ်တွေ၊ မြည်းတွေ၊ လားတွေနဲ့ သယ်ဆောင်ချီတက်လာပါတယ်။ မင်းသမီးလေးကတော့ ကောင်းကင်ထက်မှာ ဝဲပျံရင်း ရန်သူတွေကိုကင်းထောက်တယ်၊ သတင်းပို့တယ်၊ စစ်ကြောင်းကြီးတစ်ခုလုံး ဘေးအန္တရာယ်ကင်းစွာ ချီတက်နိုင်ဖို့ လမ်းပြပေးပါတယ်။

သူတို့စစ်ကြောင်းကြီးဟာ ဓားတစ်ချက်မဝင့်၊ လှံတစ်ချက် မပင့်ရဘဲ တစ်ရွာပြီးတစ်ရွာ၊ တစ်မြို့ပြီးတစ်မြို့ကို အခုအခံအတားအဆီးမရှိ သိမ်းသွင်းနိုင်ခဲ့ကြတယ်။ သူတို့ကို ဘယ်သူမှ ပြန်ပြီးမခုခံဘဲ သူတို့ရဲ့အတူပူးပေါင်းခဲ့ကြတယ်။ နောက်ဆုံး ရွှေမြို့တော်ကြီးကို ဝန်းရံပိတ်ဆို့ထားလိုက်ကြတယ်။

နန်းတော်မြို့ရိုးကို ဝန်းရံခံရပြီဆိုတာ သိတာနဲ့ မိဖုရားကြီးဟာ လုံးဝအညံ့မခံဘဲ နောက်ဆုံးသွေးတစ်စက်ကျန်သည်အထိ ခုခံကာကွယ်ရန် အမိန့်ထုတ်လိုက်တယ်။ တကယ့်ကို သွေးချောင်းစီးမယ့် တိုက်ပွဲကြီးတစ်ပွဲဖြစ်လာတော့မှာပေါ့။ လူ့အသက်ပေါင်းများစွာ သေကျေရမယ့်

တိုက်ပွဲကြီးတစ်ပွဲ။ နှစ်ဖက်တပ်တွေ နေရာယူ အသင့်ဖြစ်ထားကြပါပြီ။

တိုက်ပွဲကိုအကဲခတ်ဖို့ မိဖုရားကြီးက နန်းမြင့်မျှော်စင်ပေါ် တက်လိုက်တယ်။ နန်းမြင့်မျှော်စင်ကနေ မိဖုရားကြီးက အမိန့်ပေးလိုက်တယ်။

"တိုက်ကြ"

ဒီအချိန်မှာပဲ မင်းသမီးလေးရဲ့ ဟသ်ာငှက်ကြီးက မိဖုရားကြီးရှိရာ တစ်ဟုန်ထိုးပျံတက်သွားပြီး မိဖုရားကြီးကို ကုတ်ဆွဲချီမလိုက်တယ်။ ရုတ်တရက်မို့ အားလုံးအံ့အားသင့်ပြီး ဘာမှမလုပ်နိုင် ဖြစ်သွားတယ်။ နှစ်ဖက်တပ်အလယ် လေထဲမှာ မိဖုရားကြီး တွဲလွဲချည်းဖြစ်နေတယ်။

"မိဖုရားကြီး ရှင့်တပ်သားတွေကို လက်နက်ချခိုင်းလိုက်ပါ"

မင်းသမီးလေးရဲ့စကားကို ဂရုမစိုက်ဘဲ မိဖုရားကြီးက ဒေါသတကြီး သူ့လူတွေကို အမိန့်ပေးလိုက်တယ်။

"အသေခံတိုက်ကြ"

အမိန့်ပေးပြီးတာနဲ့ မိဖုရားကြီးက ဟသ်ာငှက်ရဲ့ခြေထဲက လွတ်အောင်ဆောင့်ရုန်းလိုက်တယ်။ ရုတ်တရက် ရုန်းထွက်တာမို့ မိဖုရားကြီး လွတ်မြောက်သွားပြီး မြေပြင်ပေါ်ကို အရှိန်ပြင်းစွာ ပြုတ်ကျသွားပါတယ်။

"ဝုန်း"

မိဖုရားကြီး ပြုတ်ကျသေဆုံးသွားခဲ့ပါပြီ။

မိဖုရားကြီးသေသွားတာနဲ့ သူ့လူတွေအားလုံး လက်နက်ချခဲ့ကြပါတော့တယ်။

❧❧

အခုဆို ထီးဆော့မေ့ပြည်ကြီးဟာ အရင်ကထက် ပိုမိုဖွံ့ဖြိုးတိုးတက်ပြီး သာယာဝပြောလာပါတယ်။

ရှင်ဘုရင်ကြီးက. .

အကြီးဆုံးသားတော်ကို အိမ်ရှေ့အရာအပ်နှင်းတယ်၊

ဒုတိယသားတော်ကို စစ်သေနာပတိချုပ်အဖြစ်ခန့်အပ်တယ်၊

တတိယသားတော်ကို ကုန်သွယ်ရေးဝန်ကြီးရာထူးပေးသနားတယ်၊

စတုတ္ထသားတော်ကို ရေကြောင်းဝန်ကြီးတာဝန်ပေးတယ်၊

မင်းသမီးလေးကိုတော့ ပညာရေးဝန်ကြီးအဖြစ်တာဝန်ပေးပြီး တိုင်းပြည်အတွင်းမှာရှိတဲ့ လူတွေအားလုံး စာတတ်မြောက်ရေးအတွက် စီစဉ်ဆောင်ရွက်စေပါတယ်။


တိုင်းပြည်အတွင်း မှီတင်းနေထိုင်ကြတဲ့ ကလေးငယ်လေးတွေဟာ တစ်ချိန်က တင်းကျပ်စွာတားမြစ်ပိတ်ပင်ခဲ့ပြီး သီဆိုသူကို အဆုံးစီရင်ဖို့ အမိန့်ထုတ်ထားတဲ့ သီချင်းတစ်ပုဒ်ကို ပျော်ရွှင်လွတ်လပ်စွာ သီဆိုနေကြပါတယ်။

"နန်းတော်ထဲက မင်းသားတွေရယ်. . .
စီးစရာရှာဖို့ ထွက်သွားတယ်. . .
မင်းသမီးလေးငယ်ငယ်
ဟာသ်ာစီးပြီး ပြန်လာမယ်. . ."

ဟိုးရှေးရှေးတုန်းက ရွာလေးတစ်ရွာမှာ အဘိုးကြီးနဲ့ အဘွားကြီး လင်မယားနှစ်ယောက်ရှိသတဲ့။ သူတို့မှာ သားသမီး၊ မြေးမြစ်တွေမရှိတဲ့အတွက် သူတို့နှစ်ဦးတည်းသာ နေထိုင်ကြသတဲ့။

# အိပ်ရာဝင်ပုံပြင်

ရိုးရာထူး



သူတို့နှစ်ဦးဟာ အသက်အရွယ် အိုမင်းလာကြတဲ့အတွက် အဘိုးကြီးဆီမှာ သွားတစ်ချောင်းနဲ့ အဘွားကြီးဆီမှာ ဆံပင်တစ်ချောင်းပဲ ကျန်တော့သတဲ့။

တစ်နေ့လည်းကျရော အဘွားကြီးက. . .

"ရေသွားချိုးမယ်" ဆိုပြီး စမ်းချောင်းရှိရာဆီထွက်လာခဲ့တယ်။

ချောင်းထဲမှာ အဘွားကြီးက ရေချိုးရင်းနဲ့ ခေါင်းလျှော်သတဲ့။ အဲဒီလို ခေါင်းကို အားရပါးရ လျှော်လိုက်တဲ့အခါ သူ့မှာရှိတဲ့ ဆံပင်တစ်ချောင်းဟာ ကျွတ်ထွက်သွားရောတဲ့။

အဘွားကြီးရေချိုးပြီး အိမ်ပြန်လာတဲ့အခါ ဆံပင်တစ်ချောင်းမှ မကျန်တော့တဲ့ အဘွားကြီးကိုကြည့်ပြီး အဘိုးကြီးက အားရပါးရ အော်ရယ်သတဲ့။ အဲလို ရယ်ရင်းရယ်ရင်းနဲ့ အဖိုးကြီးမှာရှိတဲ့ တစ်ချောင်းတည်းသောသွားဟာ ကျွတ်ထွက်သွားသတဲ့ကွယ်။ ဒါကိုမြင်တဲ့အခါ အဘွားကြီးဟာ အဘိုးကြီးကိုကြည့်ပြီး အူနှိပ်ပြီးရယ်ရောတဲ့။

ဒီလိုနဲ့ အဘိုးကြီးနဲ့ အဘွားကြီးဟာ အသက်ထက်ဆုံး ပျော်ပျော်ရွှင်ရွှင် ရယ်ရယ်မောမော နေထိုင်သွားကြသတဲ့။

ပုံပြင်လေးကတော့ ဒါပါပဲကွယ်။

"နောက်တစ်ပုံပြော" "ဟုတ်တယ် နောက်ထပ်တစ်ပုံပြောပြ"

မိခင်ဖြစ်သူရဲ့ ပုံပြင်အဆုံးမှာ သမီးလေးနှစ်ယောက်က မိခင်ကို လှုပ်ခါရင်း နောက်ထပ်ပုံပြင်တစ်ပုဒ်ပြောဖို့ အတင်းပူဆာပါတော့တယ်၊

"ဒီတစ်ပုဒ်ပြောရင် နတ်သမီးလေးတွေပါတဲ့ ပုံပြင်ပြော"

"ဒီပုံပြင်က နောက်ဆုံးပဲနော်။ ဒီတစ်ပုဒ်ပြီးရင် အိပ်တော့မယ်နော်"

"ဟုတ်ကဲ့"

သမီးလေးတွေမကြားဖူးသေးတဲ့ ပုံပြင်တစ်ပုဒ်ကိုပြောပြနိုင်ဖို့ မိခင်ဖြစ်သူခမျာ အတော်လေးခေါင်းခြောက်ခံပြီး စဉ်းစားရတယ်။

"အော်. . ရပြီ၊ ရပြီ။ ဒီပုံပြင်ပြီးရင် အိပ်မယ်နော်"

"ဟုတ်ကဲ့"

ဟိုးတစ်ခါတုန်းက. . .

ဟိုး. . မိုးကောင်းကင်ပေါ်မှာ နေမင်းနဲ့ လမင်း လင်မယားနှစ်ယောက်ရှိသတဲ့။ သူတို့မှာ သားသားကြယ်လေးတွေ၊ မီးမီးကြယ်လေးတွေလည်း အများကြီးရှိတယ်။ သူတို့မိသားစုက သားသမီးတွေအများကြီးဆိုတော့ အရမ်းပျော်စရာကောင်းတာပေါ့။ ညီအစ်ကိုမောင်နှမတွေက အများကြီးဆိုတော့ ကစားကြတဲ့အခါ သိပ်ပျော်ကြတယ်တဲ့။ သူတို့တွေက တိမ်တွေကြားမှာ တူတူပုန်းတမ်းဆော့ကြ၊ သက်တံပေါ်မှာ လျှောစီးကြ၊ စိန်ပြေးတမ်းကစားကြနဲ့ စကြာဝဠာတစ်ခုလုံးက သူတို့အတွက် ကစားကွင်းကြီးတစ်ခုလိုပဲ။

ဒီလိုနဲ့ တစ်နေ့မှာတော့ ဖေဖေနေကြီးက ခရီးထွက်စရာရှိတဲ့အတွက် အိမ်မှာကောင်းကောင်းနေကြဖို့မှာပြီး ထွက်သွားသတဲ့။ မေမေလမင်းကလည်း. . .

“နင်တို့ အဖေမရှိဘူးနော်၊ သိပ်မဆော့ကြနဲ့။ ကောင်းကောင်းမွန်မွန်နေကြ” လို့ ကြယ်လေးတွေကို ထပ်ပြီးဆုံးမပြန်သတဲ့။

ဖခင်နေကြီး ခရီးထွက်တော့ မေမေလမင်းက အိမ်တံခါးကို စောစောပိတ်လိုက်သတဲ့။ အဲဒီအခါ ကောင်းကင်တစ်ခုလုံး မည်းမှောင်သွားရောပဲ။ ကြယ်လေးတွေဟာ အိမ်ပြန်မထွက်ရတော့ အိမ်ထဲကနေသာ အိမ်အပြင်ကို ချောင်းကြည့်ရရှာတယ်။

အဲ. . ညနက်လို့ မေမေလမင်း အိပ်သွားတာနဲ့တစ်ပြိုင်နက် ကြယ်လေးတွေဟာ အိမ်ပြင်ကို တစ်ယောက်ပြီးတစ်ယောက်ထွက်လာလိုက်တာ ကောင်းကင်တစ်ပြင်လုံး ဖွေးသွားတော့တာပဲ။ သူတို့တွေဟာ ညအခါ ကောင်းကင်မှာ အမျိုးမျိုးဆော့ကစားကြတော့သတဲ့။ ဒီလို အမျိုးမျိုးဆော့ကစားနေရာက ကြာလာတဲ့အခါ ပျင်းသွားပြီး ကစားနည်းအသစ်တစ်မျိုးကစားကြဖို့ တိုင်ပင်ကြတော့တယ်။


သူတို့တွေ ငုတ်တုတ်လေးထိုင်ပြီး စဉ်းစားနေတုန်းမှာ ကြယ်တစ်ပွင့်ကို ဟိုး. . မြေပြင်က အိမ်လေးတစ်လုံးမှာ အိပ်မောကျနေတဲ့ ကလေးငယ်လေးတစ်ယောက်ကို တွေ့သွားရောတဲ့။ ကြယ်ကလေးက တခြားကြယ်လေးတွေကိုပါ ပြောပြလိုက်တဲ့အခါ သူတို့အားလုံး အိပ်မောကျနေ



တဲ့ ကလေးငယ်လေးကို ငုံ့ကြည့်ကြသတဲ့။ အိပ်မောကျနေတဲ့ ကလေးငယ်ရဲ့မျက်နှာဟာ အပြစ်ကင်းစင်ပြီး အလွန်ချစ်စရာကောင်းလှတယ်။

ကြယ်ကလေးတွေဟာ ကလေးငယ်လေးကိုကြည့်ပြီး ပွေ့ဖက်နမ်းချင်စိတ်တွေ ဖြစ်ပေါ်လာကြသတဲ့။ ဒါနဲ့ ကလေးငယ်လေးရဲ့မိခင်ဖြစ်သူ အိပ်ပျော်သွားချိန်မှာပဲ ကြယ်လေးတစ်လုံးဟာ မြေပြင်ထက်ကို အသာလေးဆင်းသက်လာပြီး ကလေးငယ်လေးကို ပွေ့ချီခေါ်သွားသတဲ့။

ကြယ်ကလေးတွေဟာ ကလေးငယ်လေးကို တစ်ယောက်တစ်လှည့်ပွေ့ဖက်ပြီး ဝိုင်းကြီးပတ်ပတ် လှည့်ပတ်ကခုန်ကြသတဲ့။ အဲဒီအချိန်မှာပဲ ကလေးငယ်လေးရဲ့မိခင်ဖြစ်သူဟာ ရုတ်တရက်လန့်နိုးလာပြီး နံဘေးက ကလေးငယ်လေးကို အလိုလိုစမ်းကြည့်မိလိုက်တယ်။ ကလေးငယ်လေးကို မတွေ့တော့ မိခင်ဖြစ်သူဟာ ထိတ်ခနဲဖြစ်သွားပြီး ဟိုဟိုဒီဒီ လိုက်စမ်းပြန်တယ်။ မတွေ့တဲ့အဆုံးတော့ မီးခွက်ကိုထွန်းပြီး ရှာပါသတဲ့။ ကလေးငယ်လေးကို အိမ်ထဲအနှံ့ရှာလို့မတွေ့တဲ့အခါ အိမ်အောက်ဆင်းရှာပြန်ပါတယ်။ အိမ်အောက်မှာ မတွေ့ပြန်တော့ အိမ်ဘေးဝန်းကျင်တစ်ဝိုက် လိုက်ရှာပြန်ပါတယ်။ မိခင်ဖြစ်သူရဲ့အဖြစ်ကိုမြင်တော့ ပုစဉ်းကောင်လေးတွေက တကျွတ်ကျွတ်နဲ့ စုတ်သတ်ကြသတဲ့။ မိခင်ဖြစ်သူဟာ ကလေးငယ်လေးကိုရှာဖို့အတွက် မီးခွက်လေးကိုထွန်းပြီး ထွက်လာခဲ့တာကိုတွေ့တဲ့ ဖိုးကွက်တစ်ကောင်က. .



"ကွတ်. . ကွတ်ကွတ်၊ ကလေးလေးကို ငါတွေ့တယ်၊ ကြယ်ကလေးတွေ ယူသွားတယ်၊ မိုးကောင်းကင်ပေါ်ယူလို့ကွယ်. . . ဝိုင်းကြီးပတ်ပတ် ဆော့ကြတယ်" လို့ အော်သွားပါတယ်။

မိခင်ဖြစ်သူ ကောင်းကင်ပေါ် မော့ကြည့်လိုက်တဲ့အခါ ကလေးငယ်လေးကို ကြယ်တွေ တစ်ယောက်တစ်လှည့် ချီပွေ့ဆော့ကစားနေတာကိုတွေ့ရတော့ ချုံးပွဲချငိုပါလေရော။

မတော်တဆ ကြယ်တွေလက်ထဲက ကလေးငယ်လေး လွတ်ကျသွားမှဖြင့်. . .၊ ကောင်းကင်ဟင်းလင်းပြင်မှာ ကလေးငယ်လေး ချမ်းနေရှာမယ်. . .၊ လေစိမ်းတွေတိုက်လို့ အဖျားဝင်မှာဖြင့်. . .၊ မိခင်ဟာ တွေးရင်းနဲ့ ငိုပြန်တယ်။

ဒီလို မိခင်တစ်ဦးရဲ့ငိုသံကို ကောင်းကင်ဘုံ၌ ရှိတော်မူသော အဖဘုရားသခင်ဟာ ကြားတော်မူပါတယ်။ ဘုရားသခင်က မိခင်ကို ကူညီဖို့အတွက် ဆုံးဖြတ်တော်မူတယ်။

မိခင်ဖြစ်သူဟာ ငိုရင်းငိုရင်း ကျောကယားလိုလိုဖြစ်လာတဲ့အတွက် ကုတ်လိုက်တဲ့အခါ အဖုလေးတစ်ဖုကို စမ်းမိသွားတယ်။ ဒီအချိန်မှာပဲ အဖုလေးဟာ ပိတ်ထားရာက ဖွင့်လိုက်တဲ့ထီးလို ပြန့်ဆို မိခင်ရဲ့ ကိုယ်ပေါ်မှာ အတောင်ပံတစ်စုံဖြစ်သွားသတဲ့။ မိခင်ဟာ ချက်ချင်း ကောင်းကင်ပေါ် ပျံတက်သွားတယ်။

ကောင်းကင်ဆီရောက်တာနဲ့ ကြယ်လေးတစ်လုံးရဲ့လက်ထဲက သူ့ကလေးကို ဆွဲယူပြီး ရင်ခွင်ထဲ ထွေးပွေ့ထားလိုက်တယ်။ ကြယ်ကလေးတွေကို ဘာမှပြောမနေတော့ဘဲ အိမ်တံခါးကို ခပ်ကျယ်ကျယ်လေး ခေါက်လိုက်တယ်။ တံခါးခေါက်သံကြောင့် မေမေလမင်းဟာ အိပ်မှုံစုံမွှား

နဲ့ ထပြီးတံခါးဖွင့်ကြည့်ပါတယ်။ မိခင်ဖြစ်သူက ကြယ်ကလေးတွေ သူ့ကလေးကိုယူပြီး ဆော့ကြတဲ့အကြောင်း မေမေလမင်းကို တိုင်လိုက်တယ်။

မေမေလမင်းက သူ့ရဲ့လက်စွဲတော် ကြိမ်လုံးကိုယူပြီး ကြယ်လေးတွေကိုတစ်လုံးချင်းလှမ်းခေါ်တယ်။ အိမ်ထဲပြန်ဝင်လာကြတဲ့ ကြယ်လေးတွေကို ညမအိပ်ဘဲ အိမ်ပြင်ထွက်တဲ့အတွက် တစ်ချက်၊ သူများကလေးယူဆော့တဲ့အတွက် တစ်ချက်၊ ကြယ်တစ်လုံးစီကို ကြိမ်လုံးနဲ့ နှစ်ချက်စီ ရိုက်သတဲ့။ နောက်ပြီး သူများကလေးငယ်လေးတွေကို ယူမဆော့ဖို့ သတိပေးဆုံးမလိုက်တယ်။

မိခင်ဖြစ်သူကတော့ ကလေးငယ်လေးကိုပွေ့ချီပြီး မြေပြင်ထက်က အိမ်လေးဆီပြန်ခဲ့တယ်။ အိမ်ထဲရောက်တာနဲ့ ကလေးငယ်လေးကို စောင်ခြုံပေးပြီး နွေးနွေးထွေးထွေးဖြစ်အောင် ထားလိုက်တယ်။ ခဏအကြာမှာ မိခင်ဖြစ်သူဟာ မောပန်းသွားတဲ့အတွက် အိပ်မောကျသွားပါတော့တယ်။ မိခင်အိပ်သွားချိန်မှာပဲ ကလေးငယ်လေးဟာ နိုးလာပြီး မျက်လုံးတောက်တောက်လေးတွေနဲ့ ဟိုဟိုဒီဒီလိုက်ကြည့်သတဲ့။

အလင်းရောင်ရှိရာ ပြတင်းတံခါးဆီ မျက်လုံးရောက်သွားချိန်မှာတော့ မေမေလမင်းကြီး အိပ်ပျော်သွားလို့ အိမ်ပြင်ကို ခိုးထွက်လာတဲ့ ကြယ်ကလေးတွေကို တွေ့သွားပါတယ်။ ကြယ်ကလေးတွေကလည်း ကလေးငယ်လေးကိုတွေ့သွားပြီး တလက်လက်နဲ့ ပြောင်ပြတဲ့အတွက် ကလေးငယ်လေးဟာ သဘောကျပြီး တခစ်ခစ်နဲ့ ရယ်သတဲ့ကွယ်။

ပုံပြင်ပြီးဆုံးသွားတဲ့အခါ သမီးလေး နှစ်ဦးဟာ ကျေနပ်သွားပြီး မိခင်ကို ပုံထပ်ပြောဖို့ မပူဆာကြတော့ဘူး။

တစ်အောင့်အကြာ အိပ်ပျော်သွားတဲ့အခါ အိပ်မက်မက်ကြသတဲ့။ အိပ်မက်ထဲမှာ သူတို့ဟာ ကောင်းကင်ပေါ်မှာ ကြယ်ကလေးတွေနဲ့ အတူ ဆော့ကစားကြသတဲ့ကွယ်။

❦





# ကောင်လေးနဲ့ ငှက်မကြီး

ရှိုးရာထူး

တစ်ခါက ရွာတစ်ရွာမှာ ကောင်လေးတစ်ယောက်ရှိတယ်။ သူနေတဲ့ ရွာလေးဟာ သူတို့အနားက မြို့နဲ့ တစ်ရက်ခရီးလောက်သွားရသတဲ့။ သူတို့အတွက် လိုအပ်တဲ့ စားစရာတွေ၊ အဝတ်အထည် အသုံးအဆောင်တွေကို ဝယ်ချင်ရင် တစ်လတစ်ခါရောင်းလေ့ရှိတဲ့ တစ်လဈေးနေ့မှာ မြို့ပေါ်တက်ပြီး ဝယ်ယူရပါတယ်။

ဒီအခေါက် ဈေးနေ့ကျရင် အဖေနဲ့ အမေက သူ့ကိုပါခေါ်သွားမယ်ဆိုတာကိုသိတာနဲ့ ကောင်လေးဟာ ပျော်ပြီး ညမှာကောင်းကောင်းတောင် အိပ်မပျော်ရှာဘူး။ ညအတော်နက်မှပဲ အိပ်ပျော်သွားတဲ့အတွက် နောက်တစ်နေ့ မြို့ပေါ်သွားမယ့်အချိန်မှာ သူ့ကို ခေါ်နိုးယူရတယ်။

ဈေးမှာရောင်းဖို့အတွက် ခြံထွက်သီးနှံတွေကို အဖေကထမ်းပြီး အမေကတော့ ပလိုင်းထဲထည့်လွယ်ပါတယ်။ သူက လမ်းတစ်လျှောက် ငေးပြီး လျှောက်လာခဲ့ပါတယ်။ ဈေးကိုရောက်ချိန်မှာ အဖေနဲ့အမေက ပါလာတဲ့ ခြံထွက်သီးနှံတွေကို ချရောင်းတုန်း သူ့ကို မုန့်ဖိုးပေးပြီး ဈေးထဲ လျှောက်လည်ခွင့်ပြုပါတယ်။ သူက အမေပေးလိုက်တဲ့ မုန့်ဖိုးကို ခပ်တင်းတင်းဆုပ်ကိုင်ပြီး ဈေးထဲလျှောက်ကြည့်ပါတယ်။

ဈေးမှာရောင်းတဲ့ ပစ္စည်းတွေက မျိုးစုံပဲ။ တိရစ္ဆာန်အရေခွံတွေ၊ အစွယ်တွေ၊ ချိုတွေ၊ အသားတွေနဲ့ အရိုးတွေ။ တိရစ္ဆာန်အရှင်တွေ ရောင်းချတာကိုလည်း တအံ့တသြလိုက်ကြည့်ပါတယ်။ စားစရာတွေက လည်းမျိုးစုံ၊ တောက်တောက်ပြောင်ပြောင်နဲ့ လက်ဝတ်ရတနာတွေက လည်း အမျိုးအမည်စုံလှပါတယ်။

ကောင်လေးက လျှောက်သွားရင်းနဲ့ ငှက်တွေရောင်းတဲ့ဆိုင်ထဲ ဝင်ကြည့်မိတယ်။

"ငါ့ကို ကယ်ပါဦး"

ငှက်က လူစကားပြောတော့ ကောင်လေး အံ့သြသွားတယ်။ ထူးဆန်းလွန်းလို့ စကားပြောတဲ့ ငှက်နားကို ကောင်လေးတိုးကပ်ပြီး အသေအချာကြည့်မိတယ်။

"ငါ့ကို ကယ်ပါ။ ငါ့ကို မကယ်ရင် တောမှာကျန်ခဲ့တဲ့ ငါ့ဥတွေ အကောင်ပေါက်တော့မှာ မဟုတ်ဘူး။ ငါ့ကလေးတွေ အကုန်သေကုန်လိမ့်မယ်။ ငါ့ကို ကယ်ပါ။ ငါ့ကို သနားသဖြင့် ကူညီပါ"

ငှက်မကြီးက တစာစာပြောရင်း ငိုပါတော့တယ်။ ငှက်မကြီးငိုတာတွေ့တော့ ကောင်လေးက သနားသွားတယ်။ နောက်တော့ ဆိုင်ရှင်ဆီသွားပြီး ပါလာတဲ့မုန့်ဖိုးနဲ့ ငှက်မကြီးကို ဝယ်ပြီးလွှတ်ပေးလိုက်တယ်။

"ကျေးဇူးတင်လိုက်တာ. .၊ နင့် ကျေးဇူးကို မမေ့ဘူး သိလား။

တစ်နေ့ နင့်ကို ငါပြန်ပြီး ကူညီပါ့မယ်"

ငှက်မကြီးက ပြောပြီးတာနဲ့ အဝေးကို ပျံထွက်သွားပါတော့တယ်။

❦❦

ဒီလိုနဲ့ တစ်နေ့မှာ. . ကောင်လေးရဲ့ မိခင်ဟာ မကျန်းမမာဖြစ်ပြီး အိပ်ရာထဲလဲပါတော့တယ်။ သူတို့မှာ ငွေမရှိတော့ ဆေးဆရာလည်း မခေါ်နိုင်၊ ဆေးလည်းမကုနိုင်ရှာဘူးပေါ့။ သူ့မိခင်ကို ဘာမှလုပ်မပေးနိုင်တဲ့အတွက် ကောင်လေးဟာ စမ်းနည်းပြီး စမ်းချောင်းလေးရှိရာကို ထွက်ခဲ့တယ်။

စမ်းချောင်းဆီရောက်တဲ့အခါ ကောင်လေးဟာ တအားအော်ငိုပါတော့တယ်။

"ဘာလို့ ဒီလောက်တောင် ငိုကြီးချက်မဖြစ်နေရတာလဲ"

အသံကြားရာဆီ ကောင်လေး ကြည့်လိုက်တဲ့အခါ ငှက်မကြီးကို တွေ့လိုက်ရတယ်။ ကောင်လေးပြောပြလို့ အကြောင်းစုံကို သိသွားတဲ့အခါ ငှက်မကြီးက. .

"ခဏစောင့်" ဆိုပြီး ပျံထွက်သွားပါတယ်။

တအောင့်အကြာမှာ ငှက်မကြီးပြန်ရောက်လာတယ်။

"ရော့ ဒါကိုရောင်းပြီး နင့်အမေကို ဆေးကုပေတော့"

ငှက်မကြီးက ချီယူလာတဲ့ ပတ္တမြားလက်စွပ်ကို ကောင်လေးကို ပေးလိုက်ပါတယ်။

လက်စွပ်ကိုရောင်းချပြီး ရလာတဲ့ငွေတွေနဲ့ ကောင်လေးရဲ့ မိခင်ကို ဆေးကုသခဲ့တဲ့အတွက် မိခင်ဖြစ်သူဟာ အသက်ချမ်းသာရာရခဲ့ပါတယ်။ မိခင်ဖြစ်သူ ကျန်းမာလာတဲ့အတွက် ဝမ်းသာလို့ မဆုံးခင်မှာတဲ မြို့က သူဌေးကြီးရဲ့ လက်ပါးစေတွေရောက်လာပြီး ကောင်လေးရဲ့ဖခင်ကို ဖမ်းချုပ်ခေါ်ဆောင်သွားပါတော့တယ်။ ဖခင်ကို ဘာကြောင့်ဖမ်းရတာလဲလို့ လိုက်လံစုံစမ်းတဲ့အခါမှာတော့ ဖခင်ဖြစ်သူ ရောင်းချခဲ့တဲ့ ပတ္တမြား လက်စွပ်ဟာ သူဌေးကတော်ကြီးရဲ့ လက်စွပ်ဖြစ်နေတာကို သိလာရတယ်။



အကြောင်းစုံ သိသွားတဲ့အခါ ကောင်လေးဟာ စမ်းချောင်းရှိရာဆီသွားပြီး ငိုရပြန်ပါတယ်။ ဒီတစ်ခါလည်း ငှက်မကြီး ရောက်လာပါတယ်။

"ငါက နင်နဲ့ နင့်ကလေးတွေကိုသနားလို့ နင့်ကို လွှတ်ပေးခဲ့တယ်။ အခုတော့ နင်လုပ်တာနဲ့ ငါ့အဖေ အဖမ်းခံရပြီ"

ကောင်လေးက ငှက်မကြီးကိုတွေ့တာနဲ့ ပြောပြီးငိုပါတော့တယ်။ ငှက်မကြီးက ကောင်လေးကို စိတ်မကောင်းစွာကြည့်ရင်း . . .

"ငါက လိုတရငှက် မဟုတ်ဘူးဟဲ့။ နင့်အမေ ဆေးကုဖို့အတွက် ငါလည်း ကြံမိကြံရာလုပ်လိုက်တာ။ သူဌေးကြီးကတော် ရေချိုးနေတုန်း သူ့လက်စွပ် ချွတ်ထားတာတွေ့တာနဲ့ နင့်ကို ယူပြီးပေးလိုက်တာ"

"အဲဒီလိုပေးလို့ ဘယ်ရမလဲ။ အဲဒါ သူများပစ္စည်းခိုးတာပေါ့။ အခု နင့်ကြောင့် ငါ့အဖေ အဖမ်းခံရပြီ"

"ငါတို့မှာက ကိုယ်တွေ့တဲ့ဟာ ကိုယ့်ဟာပဲ။ အဲလိုယူလို့လည်း ဘယ်ငှက်မှ အဖမ်းမခံရဘူး။ နင့်အဖေကို နင် ကယ်ချင်လား"

"ကယ်လို့ရရင် ကယ်ချင်တာပေါ့။ အခုဘာမှမလုပ်နိုင်လို့ ထိုင်ငိုနေရတာ"

"ငါ အခု တောထဲက ဖြတ်လာတော့ ဓားပြတွေ တိုင်ပင်နေတာကို ကြားခဲ့ရတယ်။ သူတို့တွေ ဒီည သူဌေးကြီးအိမ်ကို ဓားပြတိုက်ဖို့ တိုင်ပင်နေကြတယ်။ အဲဒါကို သူဌေးကြီးဆီသွားပြောပြ။ ဒါဆို နင့်ကို ကျေးဇူးတင်ပြီး နင့်အဖေကို ပြန်လွှတ်ပေးလိမ့်မယ်"

"ငါသွားပြောလို့ရော သူက ယုံပါ့မလား"

"ဒါကတော့ နင့်အပေါ် မူတည်တာပဲ။ နင့်အဖေကို ကယ်ချင်ရင် နင်ကြိုးစားကြည့်ရမှာပေါ့"

သူ့ဖခင် ပြန်လွှတ်လာဖို့အတွက် သူ သတ္တိရှိရတော့မှာပဲ။

ကောင်လေးက သူဌေးကြီးကို တွေ့ခွင့်ရဖို့ အမျိုးမျိုးကြိုးစားပါတယ်။ သူဌေးကြီးကို ကိုယ်တိုင်တွေ့ခွင့်ရဖို့အတွက် ခွင့်တောင်းပါတယ်။ နောက်ဆုံးတော့ သူဌေးကြီးက သူ့ကို တွေ့ခွင့်ပြုပါတယ်။

သူ့စကားကိုကြားတော့ သူဌေးကြီးက မယုံဘူး။ ဒါပေမဲ့ ကောင်လေးက အလျှော့မပေးဘဲ အထပ်ထပ်အခါခါ ပြောပါတယ်။ နောက်ဆုံးတော့ သူ့ကိုဖမ်းချုပ်ထားပြီး သူ့စကားမမှန်ရင် သူ့ကိုသတ်ပါဆိုမှ သူဌေးကြီးလည်း သူပြောသလိုလုပ်လို့ အကျိုးမယုတ်ပါဘူးလေ၊ ဟုတ်မဟုတ်စမ်းကြည့်တာပေါ့ဆိုပြီး သူ့ကို ဖမ်းချုပ်ထားလိုက်ပြီး ဓားပြရန်က ကာကွယ်ဖို့ ပြင်ဆင်ပါတယ်။

ညအချိန် ဓားပြတွေရောက်လာတဲ့အခါ သူဌေးကြီးက ကြိုတင်ပြင်ဆင်ထားတဲ့အတွက် ဓားပြတွေအားလုံးကို ဖမ်းနိုင်ခဲ့ပါတယ်။ ဖမ်းမိတဲ့ ဓားပြတွေကို မြို့စားကြီးဆီ လွှဲပြောင်းပေးလိုက်တဲ့အခါ မြို့စားကြီးဆီက ဆုတံဆိပ်တွေ ရရှိခဲ့ပါတယ်။

မြို့စားကြီးဆီက ပြန်ရောက်တာနဲ့ ကောင်လေးတို့သားအဖကို ချက်ချင်းပဲ လွှတ်ပေးလိုက်ပါတယ်။ သူ့ဖခင် ပြန်လွှတ်လာတဲ့အခါ သူတို့မိသားစုလည်း ပျော်ပျော်ရွှင်ရွှင်နဲ့ နေနိုင်သွားပြီပေါ့။ ဒီတော့လည်း ကောင်လေးဟာ စမ်းချောင်းနံဘေး သွားငိုစရာ မလိုတော့တဲ့အတွက် ငှက်မကြီးနဲ့လည်း ပြန်မတွေ့တော့ဘူးတဲ့ကွယ်။

တစ်ခါက ရွာတစ်ရွာမှာ သူဌေးကြီးတစ်ဦးရှိသတဲ့။

သူက သူဌေးကြီးဆိုတော့ ပိုက်ဆံတွေလည်း အများကြီးရှိသလို လောဘလည်း အလွန်ကြီးသတဲ့။

သူက ရွာမှာရှိတဲ့ လယ်ယာမြေအားလုံးလိုလိုကို ပိုင်ဆိုင်ပြီး ရွာမှာရှိတဲ့ တစ်ခုတည်းသော ကုန်ပဒေသာဆိုင်ကြီးကိုလည်း ပိုင်ဆိုင်ပါတယ်။ ရွာသူ၊ ရွာသားတွေဟာ သူပိုင်ဆိုင်တဲ့ လယ်ယာမြေတွေနဲ့ သူ့ကုန်ပဒေသာဆိုင်ကြီးမှာ အလုပ်လုပ်ကြရတယ်။

သူဌေးကြီးက ဘုရားသခင်ကို မယုံကြည်သလို ဘုရားကျောင်းလည်း ဘယ်တော့မှမတက်၊ အလှူအတန်းလည်း ဘယ်တော့မှ မလုပ်ဘူးတဲ့။ ဒီလိုသာလုပ်ရင် သူ့မှာရှိတဲ့ပိုက်ဆံတွေကို အလဟဿဖြုန်းတီးသလို ဖြစ်လိမ့်မယ်လို့ သူက ခံယူတယ်။

တစ်နေ့မှာတော့ သူ့ဆီမှာ အလုပ်လုပ်နေတဲ့သူအားလုံးကို တနင်္ဂနွေနေ့မှာ ဘုရားကျောင်းသွားဖို့အတွက် နားရက် မပေးဘို့ ဆုံးဖြတ်လိုက်တယ်။



# ဘုရားသခင်ရှိလား

ရိုးရာထူး

"အလုပ်မလုပ်ဘဲ ဘုရားပဲရှိခိုးနေလို့ မင်းတို့ကို ဘယ်သူမှ လာကျွေးမှာ မဟုတ်ဘူး။ ကိုယ့်မှာ ပိုက်ဆံရှိမှ စားလို့ရတာ၊ ပိုက်ဆံရှိအောင် အလုပ်လုပ်ရမယ်။ ငွေရှိရင် ဘုရားသခင်လည်း မလိုဘူး" တဲ့။

အဲဒီရွာမှာပဲ ဘုရားသခင်ကို ကိုးစားယုံကြည်တဲ့ ဦးလုကာဆိုသူတစ်ဦးရှိပါတယ်။ သူက ဘာသာတရားကိုင်းရှိုင်းပြီး အကျင့်သီလဖြူစင်တဲ့အတွက် သူ့ကို လူအများက လေးစားကြည်ညိုကြတယ်။ သူက သူဌေးကြီးရဲ့ ဖခင်လက်ထက်ကတည်းက သူဌေးကြီးတို့ပိုင်ဆိုင်တဲ့ လယ်ယာမြေမှာ အလုပ်လုပ်လာခဲ့သူတစ်ဦးပါ။

သူက သူဌေးကြီးဆီသွားပြီး တနင်္ဂနွေနေ့မှာ ဘုရားကျောင်းတက်ခွင့်ရဖို့ တောင်းပန်ပါတယ်။

"တနင်္ဂနွေနေ့မှာ ဘုရားကျောင်းတက်ခွင့်ပြုပါ ခင်ဗျား။ ဒီလိုဘုရားကျောင်းတက်ခွင့်ပေးတဲ့အတွက် ကျန်တဲ့ရက်တွေမှာ အလုပ်ပိုလုပ်ပေးပါ့မယ်"

"ခင်ဗျား ဘုရားကျောင်းသွားလို့ ဗိုက်ဝတယ်ဆို ဘုရားကျောင်းပဲသွားပါ။ ကျွန်တော့်ဆီမှာ အလုပ်လုပ်တဲ့သူတွေကို တနင်္ဂနွေနေ့မှာ ဘုရားကျောင်းတက်ခွင့် မပေးနိုင်ဘူး ဒါပဲ"

သူဌေးကြီးက ဦးလုကာကို ဘုရားကျောင်းတက်ခွင့် မပြုပါဘူး။

"မိန်းမရေ. . .၊ သူဌေးကြီးကတော့ ငါတို့ကို ဘုရားကျောင်းတက်ခွင့် မပေးဘူး။ ဒါ ငါတို့ရဲ့ယုံကြည်ခြင်းကို စုံစမ်းခြင်းတစ်ခုပဲ မဟုတ်လားကွာ။ ငါတော့ တနင်္ဂနွေနေ့မှာ ဘုရားကျောင်း မတက်ဘဲ အလုပ်မလုပ်နိုင်ဘူး။ ငါတို့မှာ ယုံကြည်အားကိုးစရာဆိုလို့ ဘုရားသခင်ပဲရှိတယ်၊ ဘုရားသခင်ကိုသာ စွန့်ပယ်ရရင် ငါတို့မှာ ဘာမှကျန်တော့မှာ မဟုတ်ဘူး"

ဦးလုကာဟာ နှစ်ရှည်လများ လုပ်ကိုင်လာခဲ့တဲ့ လယ်ယာလုပ်ငန်းကို စွန့်လွှတ်ခဲ့ပြီး ဘုရားသခင်ကိုပဲ ရွေးချယ်လိုက်တယ်။ သူ့မှာ အလုပ်မရှိတော့တဲ့အတွက် ဝင်ငွေလည်း ဘယ်ရှိတော့မလဲ။ ဒီတော့ သူတို့မှာ စားရေးသောက်ရေး အခက်ကြုံရပါတယ်။

ဦးလုကာရဲ့ မိန်းမက သူဌေးကြီးရဲ့ ကုန်ပဒေသာဆိုင်ကြီးဆီ

သွားပြီး စားစရာအနည်းငယ်ကို အကြွေးနဲ့ရောင်းချပေးဖို့ အသနားခံပါတယ်။

"ငါ့ဆီမှာ အလုပ်လုပ်တဲ့သူတွေကိုပဲ အကြွေးပေးနိုင်မယ်။ နင်တို့က ဘုရားသခင်ရဲ့ သားသမီးတွေဆိုတော့ ဘုရားသခင်ဆီမှာ အကြွေးယူပေါ့"

အကြွေးယူလို့မရတဲ့အခါမှာတော့ ဦးလုကာက သူ့အိမ်မှာမွေးထားတဲ့ ဝက်ကိုရောင်းချလိုက်ရတယ်။ သူဌေးကြီးက ဦးလုကာရဲ့ဝက်ကို ဈေးအဆမတန်နှိမ်ပြီး ဝယ်ပါတယ်။ ဦးလုကာခမျာ ဈေးနှိမ်ပေးတာသိပေမယ့် ဘာမှမတတ်နိုင်ဘဲ ပေးသလောက်နဲ့သာ ကျေနပ်ခဲ့ရတယ်။

ရွာမှာ ဘာမှလုပ်လို့ မဖြစ်နိုင်တော့တဲ့အတွက် ဦးလုကာဟာ မြို့ကိုတက်ပြီး ကြုံရာကျပန်းအလုပ်တွေ လုပ်ခဲ့ရတယ်။ ဖြစ်သလိုနေ၊ ခြိုးခြံစားပြီး ရသမျှငွေလေးကို ကျစ်ကျစ်ပါအောင်စုလို့ ရွာမှာကျန်ခဲ့တဲ့ မိသားစုဆီ ပို့ပေးတယ်။ ဦးလုကာဟာ ပင်ပင်ပန်းပန်း ဆင်းဆင်းရဲရဲ လုပ်ရပေမယ့် ဘုရားသခင်ကို ဘယ်တော့မှအပြစ်မတင်တဲ့အပြင် ပိုလို့တောင် ယုံကြည်ကိုးစားလာသတဲ့။

ဒီလို ကြုံရာကျပန်းအလုပ်တွေကို ကြိုးကြိုးစားစားလုပ်နေရင်းက သူဌေးတစ်ဦးနဲ့တွေ့ပြီး သူပိုင်ဆိုင်တဲ့မြင်းခြံမှာ အလုပ်လုပ်ခွင့်ရခဲ့ပါတယ်။ သူဌေးက သဘောကောင်းသူမို့ တနင်္ဂနွေနေ့မှာ သူ့ကို နားခွင့်ပြုပါတယ်။ လုပ်အားခငွေကိုလည်း ထိုက်ထိုက်တန်တန်ပေးတယ်။ ဦးလုကာဟာ ဒီအလုပ်ကိုရတဲ့အတွက် ဘုရားသခင်ကို ချီးမွမ်းလို့ကို မဆုံးတော့ပါဘူး။

ဒီလိုနဲ့ ခရစ်စမတ်ရောက်ခါနီးမှာ ဦးလုကာက ရွာကိုပြန်ခွင့်ပြုဖို့ သူဌေးထံ ခွင့်ပန်ပါတယ်။ သူဌေးက သူ့ကို ပြန်ခွင့်ပြုတဲ့အပြင် သူ့ရဲ့ သားသမီးတွေအတွက် အဝတ်အစားတွေ၊ စားစရာတွေကိုပါ လက်ဆောင်အဖြစ်ပေးလိုက်ပါတယ်။ နောက်ပြီး ရွာကိုမြန်မြန်ပြန်ရောက်ပြီး မြန်မြန်ပြန်လာနိုင်ဖို့အတွက် မြင်းခြံထဲက မြင်းတစ်ကောင်ကို ယူသွားခွင့်ပြုပါတယ်။

ဦးလုကာဟာ စုဆောင်းထားတဲ့ငွေ၊ သူဌေးပေးလိုက်တဲ့ တလေး

တွေအတွက် ကစားစရာ၊ စားစရာနဲ့ အဝတ်အစားတွေကို မြင်းပေါ် စုတင်ပြီး ရွာကို ပြန်လာပါတော့တယ်။

ဒီအချိန်မှာပဲ ရွာက သူဌေးကြီးဟာလည်း အလုပ်ရှုပ်နေပါပြီ။ သူ့အလုပ်သမားတွေကို ခရစ်စမတ်နားရက်ပေးရမှာ မကျေမနပ်ဖြစ်ရသလို ခရစ်စမတ်အချိန်မှာ သူ့ရဲ့ ကုန်ပဒေသာဆိုင်က ပစ္စည်းတွေ ရောင်းကောင်းမှာမို့ စိတ်သက်သာရာရသလိုလိုဖြစ်နေပါတယ်။ လောလောဆယ်တော့ သူ့ကုန်ပဒေသာဆိုင်မှာ လိုအပ်နေတဲ့ပစ္စည်းတွေကို ဝယ်ယူဖြည့်ဆည်းဖို့ ငွေထုပ်ကြီးပိုက်ပြီး မြို့ကိုတက်လာပါတယ်။

ဒါပေမဲ့ သူဌေးကြီးဟာ မြို့ကိုရောက်မသွားဘဲ လမ်းခုလတ်မှာတင် ဓားပြအတိုက်ခံရပါတယ်။ ဓားပြတွေက သူဌေးကြီးရဲ့ ပိုက်ဆံတွေကိုသာမက ကိုယ်ပေါ်က အဝတ်အစားတွေကိုပါ ချွတ်ယူကြပြီး သူဌေးကြီးကိုလည်း ထိုးကြိတ်ကန်ကျောက်ကြတယ်။ စိတ်ကျေနပ်လောက်အောင် နှိပ်စက်ပြီးမှ သူဌေးကြီးကိုထားခဲ့ပြီး ဓားပြတွေဟာ ထွက်သွားခဲ့ကြတယ်။ သူဌေးကြီးဟာ သေလုမျောပါးခံစားရပြီး လမ်းပေါ်မှာ လဲကျန်ရစ်ခဲ့တယ်။

သူဌေးကြီးခမျာ သူ့ကိုကယ်မယ့်သူကိုမျှော်ရင်း တစ်ချက်တစ်ချက် သတိလစ်သလိုလိုဖြစ်ဖြစ်သွားပါတယ်။ အဲဒီအချိန်မှာ မြင်းခွာသံကိုကြားလိုက်ရလို့ အားတက်သွားတယ်။ သူ့အနားရောက်လာတဲ့အခါ မြင်းက ရပ်သွားပြီး မြင်းပေါ်ကလူတစ်ယောက်ဆင်းလာတာကို သူ တွေ့လိုက်တယ်။ အဲဒီလူက သူဌေးကြီးကို ပွေ့လိုက်တဲ့အခါ သူဌေးကြီးခမျာ ဖုံ့အားသင့်လွန်းလို့ ပါးစပ်အဟောင်းသားနဲ့ ကြက်သေသေသွားတယ်။ နောက်တော့ သူဌေးကြီး သတိလစ်သွားပါတော့တယ်။

သူဌေးကြီးကို ပွေ့ထားတဲ့ ဦးလုကာလည်း ဘာမှမစဉ်းစားတော့ဘဲ သူဌေးကြီးကို မြင်းပေါ် ပွေ့တင်ပြီး မြို့ဘက်ကို ပြန်လှည့်ခဲ့တယ်။ မြို့ပေါ်ရောက်တော့ သူဌေးကြီးကို သမားတော်တစ်ပါးထံအပ်နှံပြီး ဆေးကုပေးတယ်။ သူဌေးကြီး စိတ်ချရတဲ့အခြေအနေရောက်မှ ရွာကို ပြန်ခဲ့ပါတယ်။ ဦးလုကာရဲ့ ခြိုးခြံစုဆောင်းထားတဲ့ငွေတွေလည်း သူဌေးကြီးအတွက် ဆေးကုသစရိတ်ပေးလိုက်ရလို့ ကုန်သွားပါတော့တယ်။

အိမ်ကိုပြန်ရောက်တဲ့အခါ မိန်းမနဲ့ ကလေးတွေက သူ့ကို အားရဝမ်းမြောက်စွာ ကြိုဆိုကြတယ်။ မြို့ကသူဌေးပေးလိုက်တဲ့ လက်ဆောင်ပစ္စည်းတွေကိုရတဲ့အခါ ကလေးငယ်လေးတွေ ပျော်သွားကြတယ်။ အေးအေးဆေးဆေးဖြစ်မှ သူ့မိန်းမကို သူတွေ့ကြုံခဲ့ရတဲ့ အဖြစ်အပျက်ကို ပြောပြလိုက်တယ်။


"ဘယ်တတ်နိုင်မလဲလေ၊ အရာရာဟာ ကျေးဇူးတော်ပဲပေါ့။ အခု ရှိတာလေးကိုပဲ ခြိုးခြံစားသောက်ရတော့မှာပဲ"။

ခရစ်စမတ်နေ့ရောက်တော့ ကလေးငယ်တွေဟာ သူဌေးကြီးပေးလိုက်တဲ့ အဝတ်အစားအသစ်တွေဝတ်ပြီး ပျော်ပျော်ရွှင်ရွှင်နဲ့ ဘုရားကျောင်းကို ထွက်သွားကြတယ်။ ဦးလုကာတို့လင်မယားနှစ်ယောက်က အိမ်တံခါးတွေပိတ်ပြီး ဘုရားကျောင်းသွားဖို့ ပြင်ဆင်နေချိန်မှာပဲ အိမ်ရှေ့ကို သူဌေးကြီးရဲ့ မြင်းရထားက ဆိုက်ရောက်လာတယ်။

"ကျွန်တော့်ကို ကူညီတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ကျွန်တော့်မှာ ခင်ဗျားပေးတဲ့အသက်ပဲ ရှိပါတော့တယ်။ ကျွန်တော့်ရဲ့ ခရစ်စမတ်လက်ဆောင်ကို လက်ခံပေးပါ"

ဦးလုကာက သူဌေးကြီးပေးတဲ့ ခရစ်စမတ်လက်ဆောင်ကို လက်ခံယူပြီး အိပ်ခန်းထဲက သေတ္တာထဲ ထည့်သိမ်းလိုက်ပါတယ်။

"အခု ခင်ဗျားတို့ ဘုရားကျောင်းသွားကြမလို့ မဟုတ်လား။ ကျွန်တော်နဲ့အတူ လိုက်ခဲ့ပါလား။ ကျွန်တော်လည်း အခု ဘုရားကျောင်းသွားမလို့"



ဦးလုကာတို့ လင်မယားဟာ သူဌေးကြီးရဲ့ မြင်းရထားနဲ့ ဘုရားကျောင်းကို လိုက်သွားတယ်။ အသင်းတော်ကြော်ငြာချိန်မှာ ဒီနေ့ည သူဌေးကြီးအိမ်မှာပြုလုပ်မယ့် ခရစ်စမတ်အစီအစဉ်ကို အသင်းသူ၊ အ

သင်းသားအားလုံးသာမက ရွာသူ၊ ရွာသားအားလုံး တစ်ယောက်မကျန် ကြွရောက်ချီးမြှင့်ဖို့အတွက် အလှူကြော်ငြာသွားပါတယ်။

အဲဒီည သူဌေးကြီးအိမ်မှာဖြစ်ပျက်တဲ့ ခရစ်စမတ်ဝတ်ပြုခြင်းကို ရွာသူ၊ ရွာသားအားလုံး တက်ရောက်ခဲ့ကြပါတယ်။ တက်ရောက်လာသူ တိုင်းကို သူဌေးကြီးက ကောင်းကောင်းကျွေးမွေးပေးပါတယ်။

“အရင်က ကျွန်တော် ဘုရားသခင်ရှိတာကို မယုံခဲ့ဘူး။ အခု တော့ ဘုရားသခင်ရှိတယ်ဆိုတာ ဘယ်တော့မှ မမေ့နိုင်တော့ဘူး။ ဘုရားသခင်သာ မရှိရင် ဒီနေ့ည ကျွန်တော်လည်း အသက်ရှင်နေနိုင်မှာ မဟုတ်ဘူး” ဆိုပြီး သူဌေးကြီးက သက်သေခံပါတယ်။


“ဒီနေ့ကစပြီး ကျွန်တော့်အိမ်မှာ အလုပ်လုပ်တဲ့သူအားလုံး ဘုရားကျောင်းတက်နိုင်ဖို့အတွက် တနင်္ဂနွေနေ့မှာ အလုပ်ပိတ်ပေးတော့မှာ ဖြစ်ကြောင်း ကြေညာပါတယ်။ နောက်ပြီး ကျွန်တော့်အိမ်မှာ အလုပ်လုပ် ကြသူတွေရဲ့ လုပ်ခလစာတွေကို ထိုက်တန်သလောက် ပေးအပ်သွားမှာဖြစ်တဲ့အကြောင်း အသိပေးပါတယ် ခင်ဗျား”

သူဌေးကြီးရဲ့ကြေညာချက်အဆုံးမှာ ပရိသတ်အားလုံး လက်ခုပ် တီး အားပေးကြပါတယ်။ ဒီနှစ်ခရစ်စမတ်မှာ ဘုရားသခင်က သူတို့ရွာ အတွက် သူဌေးကြီးကို ကောင်းချီးပေးခဲ့တယ်လို့ ရွာသားတွေက ပြော ကြတယ်။

ဟုတ်ပါတယ်လေ။ ပြောလည်းပြောစရာပဲ။

အဲဒီအချိန်ကစပြီး သူဌေးကြီးရဲ့အသက်တာဟာ ပြောင်းလဲသွား ခဲ့ပြီး လူတွေကို မေတ္တာကရုဏာနဲ့ ကူညီတတ်တဲ့အတွက် ရွာသူ၊ ရွာသား တွေအားလုံး ပျော်ရွှင်ချမ်းမြေ့စွာ နေထိုင်သွားနိုင်သတဲ့ကွယ်။

❖❖



# ရွာပုံပြင်

**မိုးရာထူး**

တစ်ခါတုံးကပေါ့ကွယ်

အလွန်သာယာလှပတဲ့ တောင်ပေါ်ရွာတစ်ရွာရှိသတဲ့။

ရွာက တောင်ပေါ်ရွာဆိုပေမယ့် တောင်ခြေမှာ အလွန်ကြီးမားတဲ့ ဒိုင်ကြီးတစ်ဒိုင်ရှိတဲ့အတွက် တခြားတောင်ပေါ်ရွာတွေလို တောင်ယာခုတ်စရာမလိုဘဲ ဒိုင်ပတ်ပတ်လည်က မြေဆီမြေနှစ်ကောင်းလှတဲ့မြေမှာ လယ်ယာထွန်ယက်စိုက်ပျိုးလုပ်ကိုင်ကြပါတယ်။ ဒိုင်နံဘေးမြေဆိုတော့ မြေဆီမြေနှစ်ကောင်းတာမို့ စိုက်သမျှ အလွန်ဖြစ်ထွန်းအောင်မြင်ပြီး မပူမပင် မကြောင့်မကျ သက်သောင့်သက်သာ နေထိုင်စားသောက်နိုင်ကြပါတယ်။

ဒီလို သာယာလှပပြီး လိုသမျှရနေတဲ့ ရွာလေးမှာ အရုပ်ဆိုးအကျည်းတန်တဲ့ အကွက်တစ်ကွက်က ရှိနေပြန်တယ်။ အဲဒါကတော့ ယောကျ်ားကွယ်လွန်သွားတဲ့ မုဆိုးမတွေကို ရွာပြင်နှင်ထုတ်တာပဲဖြစ်တယ်။ အဲလို နှင်ထုတ်ခံရတဲ့ မုဆိုးမတွေဟာ ရွာပိုင်လယ်မြေမှာ ထွန်ယက်လုပ်ကိုင်စားသောက်လို့မရတော့တဲ့အတွက် သူတို့ကိုယ်တိုင် တောင်ယာခုတ်ကြရတယ်။

တစ်ယောက်တည်း တောင်ယာခုတ်ရတာဆိုတော့ သိပ်ကိုပင်ပန်းတာပဲပေါ့ကွယ်။ နောက်ပြီး ရွာပြင်မှာနေရတာမို့ သူခိုး၊ ဓားပြရန်ကိုကြောက်ရ၊ အနိုင်အထက်ပြုကျင့်မှုကို စိုးရိမ်ရ၊ တောရိုင်းတိရစ္ဆာန်တွေရဲ့ အန္တရာယ်ကိုလည်းကြောက်ရနဲ့ နေ့စဉ်နဲ့အမျှ အရာရာကို ကြောက်ရွံ့ထိတ်လန့်ပြီး အသက်ရှင်နေရသလိုပါပဲ။

အဲဒီလို ရွာပြင်နှင်ထုတ်ခံရသူတွေထဲမှာ “အဖွားဆောင်” ဆိုတဲ့ မုဆိုးမကြီး တစ်ဦးလည်းပါသတဲ့။ အရင် သူ့အလုပ်က ဝမ်းဆွဲသည်ပါ။ ရွာမှာရှိတဲ့လူတွေအားလုံး လူ့လောကကြီးထဲရောက်လာဖို့ စွမ်းဆောင်ပေးခဲ့သူတစ်ဦးပေါ့။ သူ့ကို ရွာပြင်နှင်ထုတ်လိုက်တဲ့အခါ ရွာပြင်မှာ တဲလေးထိုးပြီးနေနေရပေမယ့် တဲငယ်လေးမှာထိုင်ပြီး ရွာကို သံယောဇဉ်မပြတ်ဘဲ နေ့စဉ်နေ့တိုင်း ငေးမျှော်ကြည့်နေတတ်တယ်။

ရွာသူ၊ ရွာသားတွေ သွားလာလှုပ်ရှားကြပုံတွေ၊ အလုပ်လုပ်ကြပုံတွေကို တောင်ယာခုတ်ရင်းကနေ လှမ်းမျှော်ကြည့်တတ်တယ်။ သူ့မှာ သားသမီးကလည်းမရှိဆိုတော့ တစ်သက်လုံး ရွာသူ၊ ရွာသားတွေကို သားသမီးတွေလို ချစ်ခဲ့၊ ပြုစုခဲ့၊ ကြင်နာခဲ့သူပါ။ ဒါပေမဲ့လည်း ယောကျ်ားသေဆုံးသွားတာနဲ့ တခြားမုဆိုးမတွေလိုပဲ သူဟာ ရွာပြင်နှင်ထုတ်ခံခဲ့ရပါတယ်။

တစ်နေ့

ရွာကို ငေးကြည့်မိတုန်း ရွာရဲ့ ထူးခြားမှုတစ်ခုကို တွေ့လိုက်ပါတယ်။ အရင်က လုံးဝသတိမထားမိခဲ့တဲ့အရာတစ်ခုပဲ။ လုပ်ရိုးလုပ်စဉ်၊ ဖြစ်ရိုးဖြစ်စဉ်တစ်ခုမို့ အမှတ်တမဲ့ဖြစ်သွားတာလားတော့ မပြောတတ်တော့ဘူး။ ဒါပေမဲ့ အခုလို တစ်ယောက်တည်း နေရတဲ့အချိန်မှာ အရင်က

အမှုမဲ့အမှတ်မဲ့ မထူးခြားတဲ့အရာတစ်ခုကို ထူးထူးခြားခြား ခံစားတတ်လာတယ် ထင်ပါရဲ့။

ရွာက လူတွေဟာ ကလေးငယ်လေးတစ်ယောက်ကို တောထဲသွားပစ်ဖို့ ထွက်လာတာကို တွေ့လိုက်ရတာပါ။ ကလေးငယ်လေးက စူးစူးဝါးဝါး အော်ဟစ်ငိုကြွေးလို့။ အဖွားဆောင်က သူတို့နောက် ခပ်သွက်သွက်လေး လိုက်သွားမိတယ်။ အသက်ကြီးပြီမို့ သူဟာ အတော်လေးမောနေတယ်။ ကလေးငယ်လေးကို ပစ်ပြီးတာနဲ့ ရွာသားတွေ လှည့်ပြန်လာတဲ့အခါ သူတို့ကို အသာပုန်းရှောင်လိုက်ပါတယ်။ ကလေးကို သူတို့ဘယ်မှာများ ပစ်ထားခဲ့ပါလိမ့်။

အဖွားဆောင် သူတို့ ထွက်လာခဲ့ရာလမ်းကိုမှန်းပြီး ခပ်သွက်သွက်လေးလှမ်းလိုက်တယ်။ ကလေးငယ်လေးကို သိပ်ပြီးအားစိုက်ရှာဖွေစရာ မလိုပါဘူး။ ခပ်လှမ်းလှမ်းမှာတင် ကလေးငယ်လေးရဲ့ စူးစူးဝါးဝါးငိုကြွေးသံကို ကြားလိုက်ရတယ်။ ကလေးငယ်လေးကို ကောက်ယူပွေ့ချီလိုက်တဲ့အခါ ကလေးငယ်လေးဟာ ချက်ချင်းအငိုတိတ်သွားပြီး အဖွားဆောင်ကို မျက်လုံးဝိုင်းဝိုင်းကြီးတွေနဲ့ အားကိုးတကြီး ငေးကြည့်နေတာကိုတွေ့လိုက်ရတယ်။

အဖွားဆောင်ရင်ထဲ လှိုက်ဖိုတက်လာပြီး လက်တွေဟာ တဆတ်ဆတ်တုန်ယင်သွားတယ်။ ကလေးငယ်လေးကို ရင်ခွင်ထဲ ထွေးပွေ့လိုက်တဲ့အခါ အဖွားဆောင်ရင်ထဲ ငြိမ်သက်အေးချမ်းသွားတယ်။ ဘာကြောင့်များ လူတွေဆီမှာ ဒီလို ရူးမိုက်တဲ့အစွဲအလန်းမျိုးတွေ ရှိနေပါလိမ့်။

ကလေးငယ်လေးကို အသေအချာ စစ်ဆေးကြည့်လိုက်တယ်။ ကလေးငယ်လေးက သန်သန်စွမ်းစွမ်းနဲ့ ကိုယ်လက်အင်္ဂါအစုံအလင်ပါတာကို တွေ့ရတယ်။ ဒါဆို ကလေးငယ်လေးဟာ အမြွှာမွေးလာတဲ့ ကလေးတစ်ဦးပဲဖြစ်မယ်ထင်ပါရဲ့။

သူတို့ရွာရဲ့ အလေ့အထတစ်ခုကို ပြန်ဆန်းစစ်မိပါတယ်။ ရွာမှာ အင်္ဂါမစုံတဲ့ကလေးတွေမွေးလာရင်၊ ကလေးအမြွှာမွေးရင် ဒုတိယမွေးတဲ့ ကလေးတစ်ယောက်ကို မကောင်းဆိုးဝါးပူးကပ်တယ်ဆိုတဲ့ အစွဲနဲ့ ကလေး

ငယ်ကို တောထဲသွားပစ်ကြတယ်။ ဒီလိုစွန့်ပစ်ခံခဲ့ရတဲ့ကလေးတွေ ဘယ်နှ ယောက်တောင်ရှိခဲ့ပြီလဲနော်။

သူ ဝမ်းဆွဲသည်ဘဝတုန်းက အမြွှာမွေးလာတဲ့ကလေးတွေ၊ အင်္ဂါမစုံတဲ့ ကလေးငယ်လေးတွေ မွေးပေးဖူးခဲ့တာကို သတိရမိတယ်။ အဲဒီကလေးငယ်လေးတွေရဲ့ ငိုယိုအော်ဟစ်သံ၊ လွန့်လူးရုန်းကန်ဟန်တွေ ကို နားထဲမှာပြန်ကြား၊ မျက်လုံးထဲမှာမြင်ယောင်လာပြီး လက်ထဲက က လေးငယ်လေးကို ခပ်တင်းတင်းလေး ပွေ့ဖက်မိလိုက်တယ်။

မဖြစ်ဘူး၊ မဖြစ်ဘူး၊ နောက်ဆို ကလေးငယ်လေးတွေ ဒီလိုအ ဖြစ်မျိုး မကြုံစေရဘူး။ ဒီလိုနည်းနဲ့ မသေစေရဘူး။ ကလေးငယ်လေးတွေ ရဲ့အသက်ကို ငါကယ်ရမယ်။ သူတို့က သိပ်ချစ်စရာကောင်းတယ်။ သူတို့ မှာ ဘာအပြစ်မှ မရှိဘူး။ သူတို့တွေဟာ ငါနဲ့ ဘဝတူတွေ။

✦✦

ဒီလိုနဲ့ အဖွားဆောင်ဟာ ကလေးငယ်လေးတွေကို ကောက်ယူ မွေးစားခဲ့ပါတယ်။ ကလေးငယ်လေးတွေဟာ ငယ်စဉ်မှာ ပြုစုစောင့် ရှောက်ရတာ အလွန်ပင်ပမ်းပေမယ့် အရွယ်ရောက်လာတဲ့အခါမှာတော့ အဖော်ရလာပါတယ်။ သူတို့လေးတွေဟာ ကြီးပြင်းလာတဲ့အခါ အဖွား ဆောင်ကို ပြန်ပြီးကူညီကြပါတယ်။ တောင်ယာခုတ်၊ ရေခပ်၊ ထင်းခွေ ကအစ ထမင်းဟင်းချက်တာအဆုံး အဖွားဆောင်ကို အလုပ်အကျွေးပြု ကြတယ်။ အဖွားဆောင်ကိုလည်း အမေအရင်းလို ချစ်ခင်တွယ်တာလာ ကြတယ်။

ကလေးငယ်လေးတွေကြောင့် အဖွားဆောင်ရဲ့ဘဝဟာ ပြန်ပြီး အသက်ဝင်လာသလို ခံစားခဲ့ရတယ်။ လူတွေကို နာကြည်းဒေါသဖြစ်တဲ့ စိတ်တွေလည်း ပျောက်ကွယ်သွားခဲ့ပြီး အရင်ကထက်တောင် ပိုမိုကြင်နာ တတ်လာသလို၊ နားလည်လာသလိုဖြစ်လာပါတယ်။ နောက်တော့ အဖွား ဆောင်နဲ့အတူ ရှာပြင်နှင်ထုတ်ခံရတဲ့ မုဆိုးမတွေပါ လာနေတဲ့အတွက် သူ့ဘဝဟာ ပိုပြီးပြည့်စုံသွားပါတော့တယ်။

✦✦

တစ်နေ့မှာတော့ အဖွားဆောင်ရဲ့တောင်ယာမှာ ကြွက်တွေအကြီးအကျယ် ဝင်ရောက်သောင်းကျန်းပါတယ်။ ကြွက်တွေက လူကိုလည်း မကြောက်၊ ခြောက်လှန့်မောင်းထုတ်လို့လည်းမရဘဲ တွေ့သမျှအရာ စားလို့ရတဲ့အရာမှန်သမျှ ကိုက်ဖြတ်စားသောက်ပါတော့တယ်။ အဖွားဆောင်က ကြွက်တွေကို ဒီအတိုင်းကြည့်ရင်းက ငုတ်တုတ်ထိုင်ချလိုက်ပြီး ငိုပါတော့တယ်။

"ဟေ့ ကြွက်တွေရေ. . .၊ နင်တို့နဲ့ ငါတို့ဟာ ရန်သူတွေ မဟုတ်ပါဘူး။ ခါတိုင်း နင်တို့ ငါ့ဆီကဟာတွေ စားနေကျပဲ။ ငါကလည်း နင်တို့ကို ကျွေးနေကျပဲ။ ဒါပေမဲ့ နင်တို့ သစ္စာရှိကြတယ်။ ငါစားဖို့အတွက် ချန်ထားပေးကြတယ်။ အခုတော့ ဘယ်လိုများဖြစ်ကြတာလဲ။ နင်တို့ သစ္စာပျက်ကြပြီ။ ငါတို့ကို ရန်သူတွေလို ဆက်ဆံကြပြီ။ ငါတို့ကို ငတ်ပြီး သေအောင် သတ်နေကြတာလား"

အဖွားဆောင်က ငိုရင်းကပြောပါတယ်၊ ပြောရင်းနဲ့ငိုပြန်တယ်။ ဒီအချိန်မှာပဲ ကြွက်ဖြူကြီးတစ်ကောင်ဟာ အဖွားဆောင်ရှေ့ရောက်လာတယ်။

"အဖွား ကျွန်တော်တို့ကို ခွင့်လွှတ်ပါ။ ကျွန်တော်တို့ သစ္စာဖောက်တာ မဟုတ်ပါဘူး။ ကျွန်တော်တို့ ဒုက္ခရောက်လို့ပါ။ ကျွန်တော်တို့ တခြားကို ပြောင်းရတော့မယ်။ ဒီမှာနေလို့ မဖြစ်တော့ဘူး။ မကြာခင် ဒီတောင်ပြိုလိမ့်မယ်။ တောင်ခြေမှာ ရေတွေလျှံက်စားနေပြီ။ အဖွားလည်း ပြေးပါတော့"



"ငါက ဘယ်ကိုများ ပြေးရမှာလဲ"

"ဒီကနေ သုံးရက်ခရီး အကွာမှာ နေရာတစ်ခုရှိတယ်။ မြေဩဇာလည်းကောင်းတယ်၊ နေလို့ထိုင်လို့လည်း ကောင်းတယ်။ ကျွန်တော်တို့ အားလုံးစုံစမ်းပြီးပြီ။ အခု အဲဒီနေရာကို သွားဖို့အတွက် အဖွားရဲ့

တောင်ယာထဲ ဝင်ရောက်စားသောက်မိတာကို ခွင့်လွှတ်ပါ"

ကြွက်ဖြူကြီးက အဖွားဆောင်ကိုတောင်းပန်ပြီး ဆေးမြစ်တစ်ခု ပေးတယ်။

"ရော့ အဖွား၊ ဒါက အဖွားကို ကျေးဇူးဆပ်တဲ့အနေနဲ့ ပေးတာ။ ဒီဆေးမြစ်က သေတဲ့လူကိုတောင် ပြန်ရှင်လာအောင် စွမ်းတယ်။ ဒါပေမဲ့ သေတာ သုံးရက်ကျော်သွားရင်တော့ မရတော့ဘူး"။

❦

ကြွက်ဖြူကြီးရဲ့စကားကို ကြားပြီးတဲ့အချိန်ကစလို့ အဖွားဆောင်တစ်ယောက် နေလို့ထိုင်လို့ မရတော့ပါဘူး။ ရွာကို သံယောဇဉ်ကြီးစွာနဲ့ ကြည့်နေမိတယ်။ ရွာသူ၊ ရွာသားတွေအတွက် စိုးရိမ်ပူပန်လာတယ်။ သူတို့တွေကို လောကကြီးထဲရောက်လာအောင် သူပဲ မွေးထုတ်ပေးခဲ့ရတာမဟုတ်လား။ သူတို့ သေဆုံးတော့မယ့်အရေးကို ဒီအတိုင်းထားလို့ ဖြစ်ပါ့မလား။ တစ်ခုခုတော့ လုပ်ရတော့မှာပဲ။

"အဖွား သွားပြောလည်း အဖွားစကားကို ဘယ်သူမှယုံမှာ မဟုတ်ဘူး။ ကျွန်တော်တို့ ကိုယ့်ဟာကိုယ်ပဲ ပြေးကြရအောင်။ သူတို့တွေက ကျွန်တော်တို့ကိုတောင် ပစ်ထားကြသေးတာ။ သူတို့ကို ပြန်ပစ်ထားခဲ့ရုံပေါ့။ သူတို့ဘာသာသူတို့သေတာပဲ ကျွန်တော်တို့နဲ့ ဘာဆိုင်လဲ"

သူနဲ့အတူနေသူတွေက အဖွားဆောင်ကို ဝိုင်းတားကြပေမယ့် သူတစ်ယောက်တည်း ရွာဘက်ထွက်လာခဲ့တယ်။ သူက ရွာကိုသာလာခဲ့ပေမယ့် ရွာထဲတော့ ဝင်လို့မရပါဘူး။ ဒီတော့လည်း မကြာခင် တောင်ပြိုပြီး ရွာပျက်တော့မယ့်အကြောင်း ရွာထိပ်ကသာ အော်ဟစ်သတိပေးရတော့တယ်။

သူ့စကားကိုကြားတော့ ရွာသားတွေက လှောင်ပြောင်ရယ်မောကြတယ်။ အဖွားကြီး အသက်ကြီးတော့ သွေးလေချောက်ချားပြီး ကယောင်ကတမ်းတွေ ဖြစ်ကုန်ပြီတဲ့။ ကလေးငယ်တွေက သူ့ကို တုတ်တွေ၊ ခဲတွေနဲ့ ပေါက်ကြတယ်။ ဒီလိုအဖြစ်တွေ ကြုံရပေမယ့် အဖွားဆောင်ဟာ စိတ်မဆိုး၊ စိတ်မပျက်တဲ့အပြင် ပိုလို့တောင် ကရုဏာသက်မိတယ်။

သူနဲ့အတူနေကြတဲ့ မုဆိုးမတွေ၊ ကလေးငယ်တွေက ထွက်ပြေး

ဖို့အတွက် ပြင်ဆင်နေကြပါပြီ။ အဖွားဆောင်ကိုလည်း ထွက်ပြေးဖို့အတွက် အတင်းအကြပ်လုပ်လာပါတော့တယ်။ နောက်ဆုံး အဖွားဆောင်က သူ့ကို သုံးရက်သာအချိန်ပေးဖို့ တောင်းဆိုခဲ့ရတယ်။

✿✿

ဒီလိုနဲ့ သုံးရက်သာပြည့်သွားရော ရွာသူ၊ ရွာသားတွေက သူ့စကားကို ဂရုစိုက်ဖို့နေနေသာသာ သူတို့ကို အနှောင့်အယှက်ပေးတယ်လို့တောင် ထင်လာကြတယ်။ အဖွားဆောင်လည်း မတတ်သာတဲ့အဆုံး စိတ်မကောင်းကြီးစွာနဲ့ နောက်ဆုံးအကြိမ်အဖြစ် ရွာကိုကြည့်ရင်း လှည့်ပြန်မယ်အလုပ်မှာပဲ သူ့နားထဲ ငိုသံတွေ ကြားလိုက်ရတယ်။

အဖွားဆောင် ခဏစောင့်ကြည့်မိတဲ့အခါ ရွာသားတွေဟာ ခေါင်းတစ်လုံး ထမ်းလာကြတာကို မြင်လိုက်ရတယ်။ ခေါင်းနံဘေးမှာ ငိုယိုလိုက်ပါလာတဲ့ မိန်းမတစ်ဦး၊ မိန်းမရဲ့နံဘေးမှာတော့ ရွာသူကြီး။ သေဆုံးသူဟာ ရွာသူကြီးနဲ့ပတ်သက်သူတစ်ဦးဦးဖြစ်မယ်လို့တွေးကြည့်မိပြီး စုံစမ်းကြည့်တဲ့အခါ ကွယ်လွန်သူဟာ ရွာသူကြီးရဲ့ တစ်ဦးတည်းသောသားလေးဖြစ်နေပါတယ်။

အဖွားဆောင်က ရွာသူကြီးရှိရာ အလျှင်အမြန်ပြေးသွားပြီး ကလေးငယ်လေး အသက်ပြန်ရှင်လာအောင် ကုသခွင့်ပြုဖို့ တောင်းပန်လိုက်တယ်။ သူကြီးက သူ့စကားကို မယုံသလိုရှိပေမယ့် သူကြီးကတော်ကတော့ ဘာပဲဖြစ်ဖြစ် ကုသခွင့်ပြုဖို့ အတင်းပူဆာပါတော့တယ်။ နောက်ဆုံး ရွာသူကြီးက ခွင့်ပြုလိုက်ပါတယ်။

သူကြီးရဲ့ ခွင့်ပြုချက်ရတာနဲ့တစ်ပြိုင်နက် အဖွားဆောင်ဟာ သူ့တဲလေးဆီ အမြန်ပြေးပြီး ကြွက်ဖြူကြီးပေးခဲ့တဲ့ ဆေးမြစ်ကို ပြန်ယူပါတယ်။ ဆေးမြစ်ကိုဖျော်ပြီး ကလေးငယ်လေးရဲ့ပါးစပ်ထဲဝင်အောင် ထည့်ပါတယ်။ ဆေးဝင်သွားပြီး ခဏအကြာမှာပဲ ကလေးငယ်လေးဟာ အံ့ဩစရာကောင်းလောက်အောင် သတိပြန်လည်လာခဲ့တယ်။

ကလေးငယ်လေး အသက်ပြန်ရှင်တာနဲ့ အဖွားဆောင်က သူကြီးကို အဖြစ်အပျက်အားလုံးပြောပြပြီး ရွာကို အမြန်ရွှေ့ဖို့ ပြောပါတော့တယ်။ နောက်ဆုံးတော့ သူကြီးဟာ ရွာသားတွေအားလုံး ပစ္စည်း

တွေအမြန်သိမ်းဆည်းပြီး ပြောင်းရွှေ့ကြဖို့ အမိန့်ထုတ်လိုက်ပါတယ်။ သူကြီးအမိန့်ဆိုတော့လည်း ရွာသားတွေ မလွန်ဆန်နိုင်တော့ဘဲ ကိုယ့်အိမ်ကိုယ်အမြန်ပြန်ပြေးပြီး ပစ္စည်းတွေ ထုပ်ပိုးသိမ်းဆည်းကြရပါတော့တယ်။

❦❦

ရွာကနေ သူတို့အားလုံး ထွက်ခွာလာခဲ့ပြီး မကြာခင်မှာပဲ သူတို့နေထိုင်ခဲ့တဲ့တစ်ရွာလုံး ပြိုကျပျက်စီးသွားပါတယ်။

အခုတော့ သူတို့တွေအားလုံး ရွာအသစ်မှာ အခြေကျပြီး ပျော်ရွှင်ငြိမ်းချမ်းစွာ နေနိုင်ကြပါပြီ။ ရွာအသစ်ဟာ သိပ်ကို သာယာလှပပြီး အရာရာပြည့်စုံတဲ့ ရွာလေးတစ်ရွာလို့ ဆိုရတော့မယ်။ ဒီလိုပြောရတာက အရင်ကလို မဟုတ်တော့တဲ့အတွက်ပဲဖြစ်တယ်။ ရွာသစ်မှာ လင်ယောကျ်ားသေဆုံးသွားတဲ့ မုဆိုးမတွေကို ရွာပြင်နှင်မထုတ်တော့ပါဘူး။ အမွှာမွေးလာတဲ့ကလေးတွေ၊ ကိုယ်လက်အင်္ဂါမစုံတဲ့ ကလေးတွေကိုလည်း တောထဲသွားမပစ်တော့ဘဲ ကောင်းမွန်စွာ ကျွေးမွေးပြုစုစောင့်ရှောက်ကြပါတယ်။ နောက်ပြီး စုပေါင်းလုပ်ကိုင်ကြတဲ့ လုပ်ငန်းတွေမှန်သမျှမှာ မုဆိုးမတွေအတွက် အချိုးကျဝေစုခွဲပေးကြပါတယ်။

ဒီလိုမှားယွင်းတဲ့ အယူအစွဲတွေ၊ အလေ့အထတွေ ကင်းစင်သွားတော့လည်း ရွာလေးဟာ ပိုပြီးသာယာအေးချမ်းပြီး ပြည့်စုံလာတာ အမှန်ပဲပေါ့ကွယ်။

❦❦



# ကော်ဘောပင်

**ရိုးရာထူး**

တစ်ခါက ဘောပင်တစ်ချောင်းရှိသတဲ့။

ဒီဘောပင်က တန်ဖိုးသိပ်မကြီးလှတဲ့ ကော်ဘောပင်တစ်ချောင်းပါ။ တောင်တရုတ်လုပ်တာကကျည်းကေ ရှေးဟောင်းကတ်ကတ်သာသာ အသုံးပြုလို့ရေးအောင်ရည်ရွယ်ပြီး တစ်ချိန်ကြီးတစ်ခုက လွှင့်လွှင့်ပစ်ခံခဲ့ပါတယ်။ အခုတော့ စတိုးဆိုင်တစ်ဆိုင်ရဲ့ မှန်ဘီရိုပေါ်က ခွက်တစ်လုံးထဲ သူတို့ပေါင်းနေကြတော့ ဖုံပြီးအထူထူနေကြရတယ်။

သူတို့ကို စုပြုံထိုးထည့်ထားတာဆိုတော့ ကျပ်ညပ်နေပါတယ်။ သူတို့က မောင်နှမလည်းများ၊ နေရာထိုင်ခင်းကလည်း မကောင်းဆိုတော့ နေရထိုင်ရတာ မသက်မသာပါပဲ။

တစ်ခါတစ်ခါတော့ အရောင်းစာရေးမလေးက သူတို့ကို သန့်ရှင်းရေးလုပ်ပေးဖော်တော့ရသား။ အဲလိုအခါမျိုးမှာ သူတို့တွေကို ကြမ်းပြင်ပေါ်သွန်ချ၊ သူတို့နေထိုင်ရတဲ့ ခွက်ကိုသန့်ရှင်း၊ သူတို့တွေကို စုကိုင်ပြီး အဝတ်စုတ်တစ်ပိုင်းနဲ့ တဖြတ်ဖြတ်ရိုက်ခါပါတော့တယ်။ သန့်ရှင်းရေးလုပ်ပြီးသွားတဲ့အခါမှာတော့ သူတို့ကို ခွက်ထဲ ပစ်ထည့်လိုက်တော့တာပဲ။ သူတို့ကိုယ်တိုင်ကပဲ နုလို့လား၊ စာရေးမလေးကပဲ ကြမ်းလို့လားတော့ မသိဘူး၊ သန့်ရှင်းရေးလုပ်ပြီးသွားတဲ့အခါတိုင်း သူတို့မောင်နှမထဲက တချို့ဟာ နှုတ်ခမ်းပဲ့သူပဲ့၊ ခေါင်းကျိုးသူကျိုးဖြစ်ကုန်တော့တာပဲ။ သန့်ရှင်းရေးလုပ်ပြီးတိုင်း အကောင်းပကတိ ကျန်နေရစ်ခဲ့တဲ့ ကိုယ်ခန္ဓာကိုစစ်ဆေးပြီး ဘုရားရဲ့ကျေးဇူးတော်ကိုပဲ ချီးမွမ်းနေမိတယ်။

သူတို့ စတိုးဆိုင်က ခွက်ထဲမှာ ရောက်နေကြတာ ကြာပြီဖြစ်ပေမယ့် အလုပ်မရှိ အကိုင်မရှိတဲ့ဘဝဟာ အတော်ငြီးငွေ့စရာကောင်းလှတယ်။ ဒါပေမဲ့လည်း မျှော်လင့်ခြင်းဆိုတာ ရှိသေးတယ် မဟုတ်လား။ တစ်နေ့မှာ သူတို့ကိုယ်ထဲမှာရှိတဲ့ မသုံးရသေးတဲ့ အရည်အချင်းတွေကို ဖော်ထုတ်ခွင့် ရနိုင်ကောင်းပါရဲ့။

သူတို့ဘဝမှာ သူတို့ပတ်ဝန်းကျင်ရဲ့ ရိုက်ခတ်မှုဆိုတာကလည်း ရှိနေသေးတယ်။ အဲဒါက ဝေးဝေးလံလံမှာ မဟုတ်ပါဘူး၊ သူတို့နဲ့ မလှမ်းမကမ်းမှာရှိတဲ့ မှန်ဗီရိုထဲက အကောင်းစားရွှေရောင်ဘောပင်တစ်ချောင်းပါပဲ။

သူက နိုင်ငံကြီးတစ်နိုင်ငံက လေယာဉ်ကြီးစီးပြီး ရောက်လာခဲ့တာဆိုပဲ။ ဟုတ်မှာပေါ့လေ။ ကြည့်ပါလား မျက်နှာလေးကိုက ရွှေရောင်တောက်ပပြီးဝင်းနေတာ။ မျက်လုံးပြာပြာလေးကလည်း ချစ်စရာ၊ ကိုယ်ပေါ်မှာဆင်ထားတာတွေကိုက တကယ့်အဖိုးထိုက်အဖိုးတန်ချည်းပဲ။

နေရတာကလည်း ကတ္တီပါစနုနုလေးခင်းထားတဲ့ အကောင်းစားသားရေဘူးထဲမှာ။ နူးနူးညံ့ညံ့မွေးမွေးမြမြနဲ့ သူတစ်ယောက်တည်း သီး

သန့်နေရတာ။

သူ့ကိုမြင်တိုင်း ကော်ဘောပင်ခမျာ သူ့ကိုယ်သူတောင် ပြန်မငုံ့ကြည့်ပုံဘူး။ ငုံ့မကြည့်ပေမယ့်လည်း မြင်နေရတာပါပဲ။ ကိုယ့်ရဲ့ မွဲခြောက်ခြောက်ပုံစံနဲ့ တန်ဖိုးမရှိတဲ့ ကော်ပစ္စည်းတွေက ဘယ်လိုလုပ်တောက်ပနိုင်ပါ့မလဲ။

ကိုယ့်ဘဝကိုယ်အားငယ်ရတဲ့အထဲ သူ့ရဲ့အကြည့်၊ သူ့မျက်နှာထား၊ သူ့အမူအရာတွေက ပိုလို့အနေကျုံ့ရပါတယ်။ အခုလိုနေရတာကိုက ဆိုးလှပါတယ်လေ။

❦❦

တစ်နေ့တော့ သူတို့ ဆိုင်ရှေ့မှာ ကားတစ်စီးထိုးဆိုက်လာပါတယ်။ ကားပေါ်က အမေနဲ့သမီး ဆင်းလာတယ်။ သူတို့ပုံစံကိုကြည့်တာနဲ့တင် ကြွယ်ဝချမ်းသာသူတွေမှန်း သိသာပါတယ်။ သူတို့ဝင်လာတာကိုတွေ့တာနဲ့ စာရေးမလေးက အသင့်စောင့်ပြီး အချိုသာဆုံးအပြုံးနဲ့ကြိုဆိုပါတယ်။

"ဘာများ အလိုရှိပါသလဲရှင်"

"သမီးအတွက် စာရေးဖို့ ဘောပင်တစ်ချောင်းလောက် လိုချင်လို့"

သူဌေးမကြီးစကားမဆုံးခင်မှာပဲ စာရေးမလေးက ဗီရိုတံခါးကိုတွန်းဖွင့်ရင်း ရွှေရောင်ဘောပင်ကို ထုတ်ပြတယ်။

"ဒီဘောပင်က အရမ်းကောင်းတာ။ ရောက်တာ တစ်ပတ်လောက်ပဲရှိသေးတယ်"

ကလေးမလေးက ရွှေရောင်ဘောပင်ကိုကိုင်လိုက်ပြီး မိခင်ဖြစ်သူကို မော့ကြည့်လိုက်တယ်။ ဘောပင်ကို သူကြိုက်သွားပြီပေါ့။ မိခင်က ပိုက်ဆံထုတ်ရှင်းလိုက်ပါတယ်။

ကော်ဘောပင်လေးက သူ့အရှေ့ကအဖြစ်အပျက်တွေကိုကြည့်ပြီး အားငယ်သွားပြန်တယ်။

ဟုတ်ပါတယ်လေ၊ သူတို့က တန်ဖိုးရှိတော့ လိုချင်သူတွေ ဝိုင်းဝိုင်းလည်နေမှာပေါ့။ ငါ့မှာတော့ . . .။

ကော်ဘောပင်ခမျာ တွေးရင်းဝမ်းနည်းသွားပါတယ်။

ဒီအချိန်မှာပဲ ဆိုင်ထဲကို လူတစ်ယောက် တန်းတန်းမတ်မတ် ဝင်လာပြီး ဘူးထဲက ကော်ဘောပင်တစ်ဆုပ် ရွေးထုတ်လိုက်တယ်။ ငွေရှင်းပြီးတဲ့နောက် ဘောပင်တွေကို သူ့လွယ်အိတ်ထဲ ထည့်လိုက်ပါတယ်။ ကော်ဘောပင်တို့မောင်နှမတစ်စုဟာ သူ့နောက်လိုက်သွားခဲ့ကြပါတော့တယ်။

❦

အဲဒီလူက သူတို့မောင်နှမတစ်စုကို သူ့စားပွဲပေါ်က ဖန်ခွက်အလွတ်တစ်လုံးထဲ ထည့်လိုက်ပါတယ်။ သူ့စားပွဲပေါ်မှာ စက္ကူတွေ၊ စာအုပ်တွေနဲ့ ရှုပ်ပွနေပါတယ်။ ကြမ်းပြင်ပေါ်မှာလည်း စာအုပ်တွေက ပြန့်ကြလို့ ဖွင့်လျက်တချို့၊ မှောက်လျက်တချို့နဲ့ တစ်ခန်းလုံးကို ရှုပ်ပွနေတော့တာပဲ။

အဲဒီလူက သူ့စားပွဲကို စာရေးသာရုံနေရာလေးဖြစ်သွားအောင် ရှင်းလိုက်တယ်။ ရှင်းသွားတဲ့နေရာမှာ စာရွက်ဖြူတစ်ရွက်ကို ချခင်းလိုက်ပြီး စဉ်းစားနေသလိုပဲ။ ဘာတွေများတွေးနေပါလိမ့်။

ဘူးထဲက သူ့ကိုဆွဲထုတ်လိုက်တဲ့အခါ ကော်ဘောပင်ခမျာလန့်များတောင်သွားမိတယ်။ စာရွက်လွတ်ပေါ်မှာ စာတွေချရေးနေတဲ့အခါမှာတော့ ကော်ဘောပင်ဟာ အံ့လည်းအံ့သြ၊ ဝမ်းလည်းသာသွားပါတယ်။

အို . . ငါ့ကိုယ်ထဲက အရည်အချင်းတွေကို ဖော်ထုတ်ခွင့်ရခဲ့ပြီပေါ့။

ကော်ဘောပင်က သူ့ကိုယ်ထဲက စီးထွက်လာတဲ့ စာလုံးလေးတွေကို လိုက်ဖတ်ကြည့်မိတယ်။

အို သိပ်ကိုလှပတဲ့ ပန်းခြင်းကြီးတစ်ခုပါလား။ ပန်းခြင်းထဲမှာ နတ်သမီးလေးတွေ ပျော်ရွှင်စွာ တေးသီရင်း ကခုန်လို့။ အလို ဟိုမှာ နတ်ဆိုးကြီး။ နတ်သမီးလေးတွေကို ဖျက်ဆီးတော့မယ်။ ဒီလို လွယ်လွယ်နဲ့ ဖျက်ဆီးလို့ရမတဲ့လား နတ်ဆိုးကောင်ကြီးရဲ့။ ဒီမှာ နတ်သမီးလေးတွေကိုကယ်တင်ဖို့ နတ်သားလုလုလေးတစ်ပါး ပေါ်လာပြီပေါ့။

စာတွေရေးရင်း ဖတ်ရင်း ကော်ဘောပင်လေး ပျော်နေပါပြီ။

ဟဲ . . နောက်တစ်ပုဒ်က ဘယ်လိုဇာတ်လမ်းများ ဖြစ်နေမလဲ။

လျှို့ဝှက်သဲဖိုလား၊ ပျော်ရွှင်ကြည်နူးစရာကောင်းတဲ့ ဇာတ်လမ်းပဲလား။ ဇာတ်သိမ်းကျရင် မင်းသားနဲ့ မင်းသမီး ပေါင်းကြမှာလား။

ကဲ. . ကိုယ့်ဆရာရေ. .၊

ဇာတ်လမ်းကောင်းလေးတွေကို ပရိသတ်တွေလက်ထဲရောက်အောင် အမြန်သာရေးပေတော့။

အယ်ဒီတာတွေရှေ့မှောက် ရောက်သွားတိုင်း သူ့သခင်ရဲ့ရင်ခုန်သံကို ကော်ဘောပင်က အတိုင်းသားကြားနေရတယ်။ သူက သူ့သခင်ရဲ့နှလုံးသားနဲ့အနီးဆုံး အိပ်ကပ်ထဲမှာ နေခွင့်ရတာ မဟုတ်လား။

"စာမူ အသုံးပြု၊ မပြုဆိုတာကို နောက်သုံးလလောက် မဂ္ဂဇင်းမှာ စောင့်ကြည့်ပါ"

မဂ္ဂဇင်းတိုက်တွေကို စာမူသွားပေးတိုင်း ပြောတတ်တဲ့ အယ်ဒီတာတွေရဲ့ စကားပါ။

စိတ်ဓာတ်မကျနဲ့ ကိုယ့်ဆရာရေ။ ဆက်သာကြိုးစား။ တစ်နေ့သူတို့တွေ မင်းနောက်ကို လိုက်လာပြီး မင်းစာတွေကို မရမကတောင်းခံကြလိမ့်မယ်။

မဂ္ဂဇင်းတစ်အုပ်မှာ ပထမဆုံး စာမူတစ်ပုဒ် ပါလာဖို့က အလွန်ခက်ခဲပေမယ့် တစ်ပုဒ်ဖော်ပြခံလိုက်ရပြီဆိုရင် နောက်ပိုင်းလွယ်သွားတတ်ပါတယ်။ တစ်ပုဒ်ပယ်ရင် နှစ်ပုဒ်၊ နှစ်ပုဒ်ပယ်ရင် လေးပုဒ်၊ လေးပုဒ်ပယ်ရင် ရှစ်ပုဒ်. . .၊ ဆက်ကာဆက်ကာကြိုးစားပေတော့။

ဒီလိုကြိုးစားခဲ့တဲ့အတွက် မဂ္ဂဇင်းအယ်ဒီတာခများ စာမူတွေကိုအကုန်မပယ်နိုင်တဲ့အချိန်၊ သူ့စာမူတစ်ပုဒ်လောက် အသုံးပြုလိုက်လို့ သူတို့မဂ္ဂဇင်း ရပ်မသွားနိုင်ဘူးလို့ ဆုံးဖြတ်ချက်ချလိုက်တဲ့အခါမှာတော့ သူ့ရဲ့ပထမဆုံးစာမူ တစ်ပုဒ်ကို စတင်ပုံနှိပ်ဖော်ပြခံရပါတယ်။ မဂ္ဂဇင်းထဲမှာ ဖော်ပြခွင့်ရလိုက်တဲ့အတွက် စာဖတ်ပရိသတ်တွေ၊ စာပေပညာရှင်တွေဟာ သူ့စာမူကို ဖတ်နိုင်ခဲ့ပါပြီ။

သူ့သခင်ဟာလည်း ပိုပြီးကြိုးစားခဲ့တဲ့အတွက် သူ့စာမူတွေဟာ ဆက်တိုက်ဆိုသလို ဖော်ပြခံခဲ့ရပြီး စာဖတ်ပရိသတ်တွေ၊ စာပေပညာရှင်

တွေရဲ့ သတိပြုမှု၊ ချီးကျူးမှုတွေ ရရှိလာပါတယ်။

ဒီလိုနဲ့ ထုတ်ဝေသူတစ်ဦးဟာ ငွေထုပ်ကြီးပိုက်ပြီး သူ့သခင်ရှိရာရောက်လာခဲ့တယ်။ သူပိုင် စာပေတိုက်ကနေ စာအုပ်ထုတ်ဖို့အတွက် စာချုပ်ချုပ်ပါတယ်။ ထုတ်ဝေသူကြီးပြန်သွားတဲ့အခါ သူ့သခင်က စားပွဲမှာဝင်ထိုင်ရင်း သူ့ကိုပေးသွားတဲ့ ငွေတွေကို ခဏကိုင်ကြည့်တယ်။ နောက်တော့ ဖန်ခွက်ထဲက ကော်ဘောပင်ကို ဆွဲထုတ်လိုက်တယ်။

"ဒီမှာ တွေ့လား။ ငါစာအုပ်တွေ ထုတ်ပေးမယ်ဆိုပြီး ငွေတွေပေးသွားတယ်"

သူ့သခင်က ပြောရင်းနဲ့ သူ့ကို နမ်းလိုက်ပါတယ်။

အို. . ပျော်လိုက်တာ။ ဒီအနမ်းက သူ့ဘဝမှာ ပထမဆုံးအနမ်းဆိုတော့ ရင်တွေကိုခုန်လို့. . .။

"ဖောင်တိန်အပျက်တွေဝယ်တယ်၊ ဘောပင်အပျက်တွေဝယ်တယ်"

လမ်းပေါ်ကအော်လိုက်တဲ့အသံကိုကြားတော့ သူ့သခင်က. . .

"နင့်ကို အဲဒီလူကြီးဆီ ရောင်းစားလိုက်မယ် ဘာမှတ်လဲ။ ဟား. . . ဟား. . ဟား. . ၊ မကြောက်ပါနဲ့ဟာ နင့်ကို ဘယ်သူမှ ဝယ်မှာ မဟုတ်ဘူး။ အဲ. . ဝယ်မယ်ဆိုလည်း ငါက မရောင်းနိုင်ဘူး သိလား။ ငါက နင့်ကို အမှတ်တရ သိမ်းထားမှာ"

ကော်ဘောပင်က အယောင်ယောင်အမှားမှားနဲ့ ပြတင်းပေါက်ကတစ်ဆင့် လမ်းပေါ်က ဈေးသည်ကြီးကို လှမ်းကြည့်မိတယ်။ ဈေးသည်ကြီးရဲ့လက်မှာ ဆွဲခြင်းတစ်လုံး။ ခြင်းထဲမှာတော့. . .၊

အို. . ငါ့မျက်စိ မမှားနိုင်ပါဘူး။ ဟုတ်ပါတယ် ငါတို့နဲ့ အတူနေခဲ့တဲ့ ရွှေရောင်ဘောပင်။

ဟုတ်ပါတယ်။ သူ့မျက်စိမမှားပါဘူး။


ခြင်းထဲက ဖောင်တိန်အပျက်တွေ၊ ဘောပင်အစုတ်တွေကြားမှာ တစ်ခါက စတိုးဆိုင်မှာ အတူနေခဲ့တဲ့ ရွှေရောင်ဘောပင်အစစ်ပါပဲ။

တစ်ခါတုံးကပေါ့ကွယ်. . .၊

ရွာတစ်ရွာမှာ နွားကျောင်းသားလေးတစ်ယောက်ရှိသတဲ့။

သူက နွားတွေ အစာကောင်းကောင်းစားနိုင်ဖို့ ရွာနဲ့ဝေးရာ စားကျက်ကောင်းကောင်းမှာ နွားသွားကျောင်းလေ့ရှိသတဲ့။

ဒီလို တစ်ယောက်တည်း နွားကျောင်းရတာ သိပ်ကိုပျင်းရိငြီးငွေ့ဖွယ်ကောင်းပါတယ်။ ဒါကြောင့် တချို့ နွားကျောင်းသားတွေဆို သူတို့နဲ့အတူ လေးခွတွေယူသွားပြီး ဟိုလျှောက်ပစ် ဒီ



# နွားကျောင်းသားနဲ့ ကချေသည်

ရိုးရာထူး

လျှောက်ပစ် ပစ်တတ်တယ်။ ငှက်ရတာမရတာ၊ အကောင်ထိတာ မထိတာထက် အပျင်းဖြေကြတာပဲနေမှာပါ။

ဒီနွားကျောင်းသားလေးကတော့ နွားကျောင်းသွားတဲ့အခါတိုင်း သူနဲ့အတူ ပလွေတစ်ချောင်းကိုသာ ယူသွားလေ့ရှိသတဲ့။ နွားတွေကို လွှတ်ပြီးအစာကျွေးထားချိန်မှာ အရိပ်ကောင်းလှတဲ့ ကုက္ကိုပင်ကြီးတစ်ပင် အောက်မှာ သစ်မြစ်ကို မှီရင်း ပလွေမှုတ်တတ်ပါတယ်။ သူမှုတ်တဲ့ တေးသီချင်းတွေကလည်း အစုံပါပဲ။ နောက်ဆုံး သူရထားတဲ့ တေးသီချင်းတွေ ကုန်သွားတဲ့အခါမှာ သူ့ပလွေကပဲ သံစဉ်အသစ်တွေဆီ သူ့ကို ဦးဆောင်ခေါ် သွားသတဲ့။

ဒီလိုနဲ့. . . . တစ်နေ့မှာ၊

ကုက္ကိုပင်အောက် ပလွေမှုတ်နေတုန်း ဗြုန်းဆို သူ့ကိုယ်ပေါ် ကုက္ကိုပွင့်တစ်ပွင့် ပြုတ်ကျလာတယ်။ ပထမတော့ စိတ်အနှောင့်အယှက် ဖြစ်မိသတဲ့။ နောက်မှ ကုက္ကိုပွင့်ကိုကောက်ယူပြီး ဘာရယ်မဟုတ် ကုက္ကိုပွင့်ဆုပ်ထဲက ပန်းတစ်ပွင့်ကို ချိုးယူလိုက်ပြီး အသေအချာ ကြည့်မိသွားတယ်။ ဒီမှာတင် သူ့စိတ်မှာ ကုက္ကိုပွင့်လေးအပေါ် သနားကရုဏာသက်မိပါတယ်။

ဟုတ်ပါတယ်လေ။ ကုက္ကိုပွင့်ဆိုတာ ရနံ့လည်းမရှိ၊ လူတွေကလည်း သိပ်အလေးမထား။ သီချင်း၊ ကဗျာ၊ လင်္ကာတွေထဲမှာလည်း စာဖွဲ့ကြတာမျိုးလည်း မလုပ်။ ကုက္ကိုပင်ကိုလည်း ကြီးမြန်သစ်ပင်၊ အရိပ်ရတဲ့အပင်၊ ထင်းစိုက်လို့ရတဲ့အပင်လောက်သာ သဘောထားကြတာ။ ကုက္ကိုသီးဆိုတာကိုလည်း နွားတွေသာ စားကြတာ မဟုတ်လား။

အပျိုမလှလှလေးတစ်ယောက်ကို ကုက္ကိုပွင့်လေးနဲ့ တင်စားနှိုင်းယှဉ်မိရင် စိတ်များဆိုးသွားမလား မသိပါဘူး။

နွားကျောင်းသားလေးက သူ့လက်ထဲက ကုက္ကိုပွင့်ကို ပြောင်းပြန်ထောင်ကြည့်လိုက်တယ်။

အို. . . ကြည့်စမ်း၊

ကုက္ကိုပွင့်လေးဟာ တကယ့်ကို နူးညံ့လှပတဲ့ ကချေသည်မလေး တစ်ဦးပါပဲလား။ ကိုယ်ကျပ်ဝတ်စုံ အစိမ်းနဲ့ ဂါဝန်ကားကားလှလှလေး။

ဂါဝန်မှာ ပန်းပွားတွေအလွှာလွှာအထပ်ထပ်နဲ့၊ လှိုင်းတွန့်လေးတွေ။ အရောင်ကလည်း ဖြူရာက ရွှေရောင်ကိုသန်းလို့၊ ရွှေရောင်က ပန်းရောင်၊ ပန်းရောင်က အနီရောင်ကိုပြောင်းသွားပုံက သက်တံတစ်စင်းလိုပါလား။ ရောင်စုံဆန်းကြယ်လှပတဲ့ ကချေသည်မလေး။

နွားကျောင်းသားလေးဟာ စိတ်ကူးကမ္ဘာတစ်ခုကို ဖန်ဆင်းတည်ဆောက်လိုက်ပါပြီ။ သူဖန်ဆင်းလိုက်တဲ့ကမ္ဘာထဲမှာ သူနဲ့အတူ နူးညံ့လှပချစ်စရာကောင်းလှတဲ့ ကချေသည်မလေးတစ်ဦး။ နေရောင်ခြည်၊ မြက်ခင်းစိမ်းစိမ်း၊ နွားတစ်အုပ်နဲ့ တောတောင်တွေကတော့ နောက်ခံပန်းချီကားချပ်ပေါ့။

ကုက္ကိုပွင့်ကို သူ့ပလွေမှာ ချိတ်ဆွဲလိုက်တယ်။

သူအနှစ်သက်ဆုံး တေးသွားတစ်ခုကို မှုတ်လိုက်ပါတယ်။

ဟော. . ပလွေသံနဲ့အတူ ကချေသည်မလေး အသက်ဝင် လှုပ်ရှားလာပြီး ဧကာဝဲကာ လှည့်ပတ်ကပါတော့တယ်။

နွားကျောင်းသားလေးဟာ သူ့ဖန်ဆင်းလိုက်တဲ့ စိတ်ကူးကမ္ဘာလေးကို တဖြည်းဖြည်းနဲ့ စွဲလမ်းသွားပါတယ်။ နောက်တော့ တစ်နေ့မှာ ဖြစ်လာလိမ့်မယ်လို့ ယုံကြည်လာပါတယ်။ ဒီလိုနဲ့ သူ့ကမ္ဘာကို အမှန်တကယ်တည်ရှိနေတဲ့အရာလို ထင်မှတ်လာပါတယ်။ တစ်နေ့နေ့မှာ ကုက္ကိုပွင့်လေးဟာ အသက်ဝင်လာပြီး ကချေသည်မလေးဖြစ်သွားလိမ့်မယ်လို့ တစ်ထစ်ချ ယုံကြည်နေပါတော့တယ်။

လူသားတွေမှာ ဒီလိုပြင်းထန်တဲ့ခံစားချက်တွေ၊ ချစ်ခြင်းမေတ္တာနဲ့ အသစ်ပြုပြင်ဖန်ဆင်းလိုစိတ်တွေ ဖြစ်ပေါ် လာချိန်မျိုးမှာ. . .၊

ကောင်းကင်ဘုံ၌ ရှိတော်မူသော အဖဘုရားသခင်ဟာလည်း မနေသာတော့ဘဲ သူ့ရဲ့ စေတမန် ကောင်းကင်တမန်တစ်ပါးကို နွားကျောင်းသားငယ်ဆီ စေလွှတ်လိုက်ပါတော့တယ်။

◆◆

နွားကျောင်းသားငယ်ဟာ သူ့အရှေ့ကိုရောက်လာတဲ့ အဘွားအိုကိုမြင်တာနဲ့ သာမန်လူတစ်ယောက်မဟုတ်မှန်း၊ ထူးဆန်းတဲ့တန်ခိုးတစ်ခုခုရှိနေမှန်း တန်းသိလိုက်တယ်။ အဘွားအိုက နွားကျောင်းသားနံဘေးဝင်

ထိုင်လိုက်ပြီး ပလွေမှာချိတ်ဆွဲထားတဲ့ ကုက္ကိုပွင့်လေးကို စိုက်ကြည့်ပါတယ်။

လေအဝှေ့မှာ ကုက္ကိုပွင့်လေး ယိမ်းထိုးဝဲလည်သွားတယ်။

"ဒီကုက္ကိုပွင့်လေး အသက်ဝင်လာဖို့ဆို မင်းအသက်နဲ့ ရင်းယူရမှာ"

"ကုက္ကိုပွင့်လေး အသက်ဝင်လာဖို့အတွက် ဘာမဆိုပေးဆပ်ဖို့ ပြင်ဆင်ထားပြီးပါပြီ"

"အင်း. . . ချစ်ခြင်းမေတ္တာဆိုတာ ကျိန်စာတစ်ခုလိုပါပဲလား။ မင်းခုနစ်ရက်နဲ့ ခုနစ်ညတိတိ ပလွေကို မရပ်ဘဲ မှုတ်နိုင်မယ်ဆိုရင်တော့ ဟောဒီကုက္ကိုပွင့်လေးဟာ သိပ်ကိုချောမောလှပတဲ့ မိန်းမပျိုလေးတစ်ဦး ဖြစ်သွားလိမ့်မယ်။

အကြောင်းတစ်ခုခုကြောင့် မင်း ပလွေသံရပ်သွားရင်တော့ မင်းမျှော်လင့်သမျှတွေ ဘာမှဖြစ်မလာတဲ့အပြင် မင်းဟာလည်း သွက်သွက်ခါအောင် ရူးသွားပြီး မင်းဘဝ ပျက်စီးသွားမယ်။

ဒီတော့ မင်း သေသေချာချာစဉ်းစားပါ"

အဘွားအိုက ကရုဏာကြီးစွာနဲ့ ပြောပြတယ်။ အဖွားအိုရဲ့ စကားကြောင့် နွားကျောင်းသားရဲ့မျက်ဝန်းတွေဟာ တောက်ပနေတယ်။ အဘွားအိုက နွားကျောင်းသားကို အားပေးတဲ့အကြည့်နဲ့ကြည့်လိုက်ပြီး ရုတ်တရက်ပျောက်ကွယ်သွားပါတော့တယ်။

အဘွားအိုပျောက်သွားတာနဲ့ နွားကျောင်းသားဟာ ပလွေကို စတင်မှုတ်လိုက်ပါတယ်။

❧❧

စာတန်မာနတ် မျက်မှောင်ကြီးကြုတ်လို့ မှုန်ကုတ်ကုတ်ကြီးဖြစ်နေတယ်။ သူက လူသားတွေကို နည်းမျိုးစုံနဲ့ ဖျားယောင်းနှောင့်ယှက်ဖျက်ဆီးနေသူ။ လူသားတွေ ဒုက္ခရောက်တဲ့အခါ သူက ပျော်ပြီး လူသားတွေပျော်တဲ့အခါ သူ့မှာ ဒုက္ခရောက်ရတယ်။

အခု နွားကျောင်းသားရဲ့ မျှော်လင့်ချက်တွေကိုဖျက်ဆီးဖို့ လုပ်ရတော့မယ်။ ကဲ. . လာလေရော့လဟယ်။

❧❧

ပထမနေ့။

န္ဓားကျောင်းသား ပလွေစတင်မှုတ်တဲ့ ပထမနေ့မှာပဲ လေပြင်း မုန်တိုင်းတစ်ခုဟာ သူ့ဆီကို ပြင်းထန်စွာကျရောက်လာပါတယ်။ နွား ကျောင်းသားရဲ့နားထဲ လေးပြင်းတိုက်ခိုက်သံတွေက တဝေါဝေါနဲ့။ တ ဖြည်းဖြည်း လေက ပိုမိုပြင်းထန်လာတယ်။ သစ်ကိုင်း၊ သစ်ခက်တွေ တဖြောင်းဖြောင်း ကျိုးပြတ်ကုန်တယ်။ နောက်တော့ သစ်ပင်ကြီးတွေ အလုံးလိုက် အမြစ်ကကျွတ်ပြီး လေပြင်းထဲ တရွတ်တိုက်ပါသွားတယ်။

လေပြင်းမုန်တိုင်းထဲမှာ နွားကျောင်းသားဟာ အာရုံမပျက် ပလွေကို ဆက်တိုက်မှုတ်နိုင်ခဲ့ပါတယ်။

❦❦

ဒုတိယနေ့။

နေက ကျွတ်ကျွတ်မြည်အောင် ပူပါတယ်။

နေပူလွန်းလို့ ချောင်းရေ၊ မြောင်းရေတွေ ခမ်းခြောက်သွား တယ်။ သစ်ပင်ကြီးတွေဟာ ညှိုးမည်းခြောက်သွေ့ပြီး တချို့နေရာမှာ တောမီးတွေလောင်ကုန်တယ်။ နေက အရည်ပျော်မတတ်ကို ပူလောင် လှပါတယ်။

နွားကျောင်းသားရဲ့ကိုယ်ခန္ဓာဟာ အရည်ဓာတ်တွေ ခမ်းခြောက် သွားပြီး ရေအလွန်အမင်း ငတ်ပါတယ်။ အာခေါင်တွေ ခြောက်သွေ့ အက်ကွဲကုန်ပြီး ပလွေမှုတ်တဲ့အခါ မီးမြိုက်လိုက်သလို ပူလောင်ပါတယ်။

ဒါပေမဲ့လည်း အကာအကွယ်မဲ့၊ ခြစ်ခြစ်တောက်ပူတဲ့ နေ အောက်မှာ နွားကျောင်းသားရဲ့ပလွေသံဟာ ပြတ်တောက်မသွားခဲ့ပါဘူး။

❦❦

တတိယနေ့။

မိုးက ဖြုန်းစားကြီး ရွာချလိုက်တယ်။

မိုးရေထိတာနဲ့ နွားကျောင်းသားရဲ့တစ်ကိုယ်လုံးဟာ မခံမရပ်နိုင် အောင် စပ်သွားတယ်။ နောက်တော့ တစ်ကိုယ်လုံး မိုးရေတွေနဲ့ ရွှဲရွှဲနစ် ပြီး ခိုက်ခိုက်တုန်အောင် ချမ်းစိမ့်တက်လာတယ်။ ချမ်းလွန်းလို့ မေးတ

ဂတ်ဂတ်ရိုက်ပြီး တစ်ကိုယ်လုံး စိမ့်စိမ့်တုန်နေပေမယ့် ပလွေကို ဆက်မှုတ်နိုင်ခဲ့ပါတယ်။

❦

စတုတ္ထနေ့။

နွားကျောင်းသားရဲ့ ဝန်းကျင်တစ်ခုလုံး မှောင်အတိပိတ်ဖုံးသွားတယ်။ ထိတ်လန့်ချောက်ချားစရာ ပုံသဏ္ဌာန်ကြီးတွေ၊ သတ္တဝါကြီးတွေ ပေါ်လာပြီး ကြောက်စရာအသံတွေနဲ့ ခြိမ်းခြောက်တယ်။ စားတော့ဝါးတော့မလို ပါးစပ်ကြီးတွေကိုဖြဲ၊ အစွယ်တွေကိုထုတ်၊ ခြေသည်းလက်သည်းရှည်ကြီးတွေနဲ့ ကုတ်ဆွဲတော့မတတ်ပါပဲ။

နောက်ဆုံးတော့ သွေးပျက်ဖွယ်ရာ အခြေအနေဆိုးက လွတ်မြောက်ခဲ့ပါတယ်။

❦

ပဉ္စမနေ့။

နံနက်စောစောမှာ ခင်မင်နှစ်လိုဖွယ်ရာကောင်းတဲ့ ပုဂ္ဂိုလ်တစ်ဦးရောက်ရှိလာတယ်။ တကယ့်ကို ယုံကြည်လေးစားစရာကောင်းတဲ့ လူကြီးတစ်ဦးပါ။ နွားကျောင်းသားကို သူနဲ့အတူ ဝိုင်းဖွဲ့စားသောက်ဖို့ လှိုက်လှိုက်လှဲလှဲ ဖိတ်ခေါ်ပါတယ်။

သူ့ရှေ့မှောက်မှာ စားချင်စဖွယ်၊ သောက်ချင်စဖွယ် စားသောက်ဖွယ်ရာ အစုံအလင်ပါပဲ။ မြင်ရုံနဲ့တင် အလွန်အရသာရှိမယ့်အစားအစာတွေမှန်း သိသာပါတယ်။ အစားအသောက်တွေဆီက အလွန်မွှေးပျံ့တဲ့ အနံ့တွေဟာ ဆာလောင်နေတဲ့ နွားကျောင်းသားရဲ့ စားချင်စိတ်ကို အပြင်းအထန် နှိုးဆွနေပါတော့တယ်။

နွားကျောင်းသားဟာ မျက်လုံးကို မှိတ်လိုက်တယ်။ မှုတ်လက်စ တေးသီချင်းဆီကိုသာအာရုံစိုက်လိုက်ပြီး စားစရာတွေကို ငြင်းဆိုလိုက်ပါတယ်။

❦

ဆဋ္ဌမနေ့။

နံနက်အရုဏ်ချိန်ဟာ အလွန်ကြည်နူးဖို့ကောင်းလှပါတယ်။ နံ

နက်ခင်းရဲ့ လှပပုံက သူခံစားခဲ့ရတဲ့ ဒုက္ခဆင်းရဲအားလုံးကိုတောင် မေ့သွားစေတယ်။

နံနက်နေခြည်က မြူနှင်းတွေအကြား ဖြာဆင်းလို့။

ပန်းရောင်စုံတွေက လှပစွာဖူးပွင့်ပြီး ရနံ့မွှေးမွှေးတွေက ပတ်ဝန်းကျင်တစ်ခုလုံးလို လွှမ်းခြုံထားတယ်။ ငှက်ကလေးတွေရဲ့ တေးသံချိုချိုဟာလည်း ချစ်စရာကောင်းလှတယ်။ ရင်ဖိုလှိုက်မောဖွယ် မြေသင်းနံ့က တငွေ့ငွေ့လွင့်ပျံ့နေတယ်။ သာယာတဲ့ တေးသံတစ်ခုဟာ ဟိုး . . ခပ်လှမ်းလှမ်းက နူးနူးညံ့ညံ့ထွက်ပေါ်လာတယ်။ နောက်တော့ တေးသံဟာ တရွေ့ရွေ့နီးကပ်လာသလိုထင်မိချိန်မှာပဲ ဖြုန်းဆို နွားကျောင်းသားရဲ့ ဝန်းကျင်တစ်ခုလုံး ရောင်စုံကွန့်မြူးလင်းထိန်သွားပါတော့တယ်။

နတ်သမီးလေးတွေဟာ တေးသံနဲ့အတူ ယိမ်းနွဲ့ကခုန်နေကြပြီး သူတို့နဲ့အတူ ပျော်ပါးဖို့ နွားကျောင်းသားကို အမျိုးမျိုး ညှို့ယူဖမ်းစားကြပါတယ်။

နွားကျောင်းသားငယ်ဟာ ပင့်သက်ကို အကြိမ်ကြိမ်ချလို့ လှိုက်ဖိုမောဟိုက်စွာပဲ နတ်သမီးလေးတွေကိုငြင်းပယ်ရင်းက ပလွေကိုသာ အာရုံစိုက်ကာ မှုတ်နေလိုက်ပါတယ်။

**

သတ္တမနေ့။

စာတန်ဟာ အဆိပ်ပြင်းတဲ့ပိုးကောင်တစ်ကောင်အဖြစ် သူ့ကိုယ်သူဖန်ဆင်းလိုက်ပြီး နွားကျောင်းသားရဲ့ တစ်ကိုယ်လုံးကို အငြိုးတကြီးကိုက်ခဲပါတော့တယ်။

နွားကျောင်းသားက တင်းခံလေ စာတန်က ဒေါသထွက်လေဖြစ်ပြီး ပိုပြီးပြင်းပြင်းထန်ထန် ကိုက်ခဲပါတယ်။ နွားကျောင်းသားဟာ သူ့လက်ထဲက ပလွေကိုလွှတ်ချလိုက်ပြီး အလျှော့ပေးတော့မယ့် အခြေအနေထိကို ရောက်သွားခဲ့တယ်။ အဲလို သူ့စိတ်ထဲမှာ ဖြစ်လာတိုင်းမှာ အလင်းတန်းတစ်ခုက သူ့ကို အားပေးနေသလို ပေါ်ထွက်လာတတ်ပါတယ်။

ပိုးကောင်ကိုက်ခဲခံရတဲ့နေရာဟာ ချက်ချင်းယောင်ကိုင်းလာပြီး

သွေးပုပ်တွေပြည့်သွားပါတယ်။ နာကျင်လွန်းလို့ တစ်ချက်တစ်ချက် သတိလစ်တော့မလိုအထိ ဖြစ်သွားတတ်တယ်။ နွားကျောင်းသားငယ် အလျှော့မပေးတဲ့အခါ စာတန်ဟာ ဒေါသထွက်လွန်းပြီး အသေကိုက်သတ်ချင်စိတ်တောင်ပေါက်လာပါတယ်။ ဒါပေမဲ့ အသေသတ်လို့ မဖြစ်ဘူးလေ။ သူက လူတွေကို လမ်းမှားအောင် စုံစမ်းနှောင့်ယှက်ရုံ၊ ကြောက်လန့်အောင် ခြိမ်းခြောက်ရုံလောက်သာ အခွင့်အာဏာရှိပါတယ်။ လူတွေရဲ့အသက်ကို သတ်ပိုင်ခွင့်မရှိပါဘူး။

အချိန်က လေးလံနှေးကွေးစွာနဲ့ တအိအိကုန်ဆုံးသွားခဲ့တယ်။ နွားကျောင်းဟာ တစ်ကိုယ်လုံး နာကျင်ကိုက်ခဲပြီး အားအင်ကုန်ခမ်းခဲ့ပါပြီ။ ဝေဒနာကို သူမခံနိုင်တော့မှန်း သိလိုက်တဲ့အချိန်မှာပဲ အရုဏ်အလင်းပျပျဟာ ကောင်းကင်မှာပေါ်လာတာ တွေ့လိုက်ပါတယ်။ နွားကျောင်းသားဟာ အားအင်ကုန်ခမ်းပြီး လဲကျသွားပါတယ်။

အရုဏ်အလင်းနဲ့အတူ မိန်းမလှလေးဟာ အသက်ဝင်နိုးထလာခဲ့တယ်။ နူးနူးညံ့ညံ့နဲ့ တကယ့်ကို ချောမောလှပတဲ့ ကချေသည်မလေးတစ်ယောက်ပါ။ မိန်းမလှလေးဟာ လဲကျနေတဲ့ နွားကျောင်းသားကို ပွေ့လိုက်ရင်း နှလုံးသားရှိရာနေရာကို လက်နဲ့အသာစမ်းလိုက်တယ်။

အသက်မှရှိသေးရဲ့လား။

နွားကျောင်းသားရဲ့ နှလုံးခုန်သံကို စမ်းမိသွားတဲ့အခါ မိန်းမပျိုလေးဟာ ပုခုံးထက်က ပဝါကိုဖြုတ်ပြီး အနာတွေကို သန့်စင်သုတ်သင်ပေးပါတယ်။

ချစ်ခြင်းမေတ္တာဟာ ကျိန်စာတစ်ခုဆို ဒီကျိန်စာကပျက်ပြယ်လွတ်မြောက်အောင် စွမ်းဆောင်ပေးနိုင်တာဟာလည်း ချစ်ခြင်းမေတ္တာသာ ဖြစ်ပါလိမ့်မယ်။

နွားကျောင်းသားဟာ တဖြည်းဖြည်းနဲ့ သတိပြန်လည်လာပါတယ်။ သူ့ကို ပွေ့ထားတဲ့ မိန်းမပျိုလေးကိုတွေ့တဲ့အခါ မယုံနိုင်လောက်အောင် ဖြစ်သွားခဲ့ရတယ်။

မိန်းမပျိုလေးက နံဘေးမှာကျနေတဲ့ ပလွေကိုကောက်ယူပြီး နွားကျောင်းသားကို ကမ်းပေးလိုက်တယ်။ ပလွေထိပ်မှာ ချိတ်ဆွဲထားလေ့ရှိ

တဲ့ ကုက္ကိုပွင့်လေးတစ်ပွင့်က ရှိမနေတော့ပါဘူး။

သူတို့နှစ်ဦးသား ဆာလံတေးသွားတစ်ပုဒ်ကို အတူသီကျူးချီးမွမ်းလိုက်ချိန်မှာ စာတန်ကြီးဟာ ချူးပွဲချင်ပါတော့တယ်။


❦❦

တစ်ခါက ပင်လယ်ရေအောက် ကြမ်းပြင်တစ်နေရာမှာ မုတ်ကောင်တွေ နေထိုင်သတဲ့။ အဲဒီမုတ်ကောင်တွေထဲမှာ မုတ်ကောင်သားအမိနှစ်ကောင်လည်း ရှိတယ်။ အချိန်တန် အရွယ်ရောက်တဲ့အခါ သားသားမုတ်ကောင်ဟာ ကိုယ့်ဝမ်းစာကိုယ်ရှာစားရပါတယ်။

"မေမေ အစာရှာစားရတာလည်း မလွယ်ဘူး။ ကျွန်တော်စားမယ့်အစာထဲမှာ ခဲတွေ၊ သလဲတွေ၊ အမှိုက်တွေပါလာတော့ ကျွန်တော့်တစ်ကိုယ်လုံးစူးပြီးအောင့်နေတာပဲ။ ဘာလုပ်ရမှန်းကို မသိတော့ပါဘူး မေမေရယ်"

# ပုလဲပုံပြင်

### ရိုးရာထူး



"မပူပါနဲ့ သားရယ်၊ သားခန္ဓာကိုယ်ဟာ သား ထင်ထားတာ ထက် ပိုပြီးခံနိုင်ရည်ရှိတယ်။ စူးအောင့်တဲ့ဝေဒနာ ခံစားရတဲ့အခါ သား ကိုယ်ထဲက အရည်တစ်မျိုး ထွက်လာလိမ့်မယ်။ အဲဒီအရည်တွေနဲ့ မင်း ကို ဒုက္ခပေးတဲ့ဟာတွေကို သုတ်လိမ်းလိုက်ပေါ့။ ဒီအခါ မင်းနေသာထိုင် သာ ရှိသွားလိမ့်မယ်။ အဲလို လိမ်းရင်းလိမ်းရင်းက နောက်တော့ မင်းကိုယ် ထဲမှာ အလုံးဖြူဖြူကြီးဖြစ်လာလိမ့်မယ်။ အဲဒီဖြူဖြူအလုံးကို ပုလဲလို့ ခေါ် တယ်ကွယ့်။ လူတွေ သိပ်တန်ဖိုးထားတဲ့ ရတနာတစ်မျိုးပဲ။ မင်းခံရတဲ့ ဒုက္ခက ကြီးမားလေလေ မင်းကိုယ်ထဲက ပုလဲဟာလည်း ကြီးလေလေပေါ့ သားရယ်"။

❦❦

သူတို့နဲ့ မလှမ်းမကမ်းမှာရှိတဲ့ ကျွန်းတစ်ကျွန်းမှာ လူတွေနေထိုင် ကြပါတယ်။ အဲဒီကျွန်းပေါ်မှာနေထိုင်သူတွေဟာ ပုလဲရှာဖွေရာမှာ ကျွမ်း ကျင်ကြသူတွေပဲ။ သူတို့ကျွန်းကထွက်တဲ့ ပုလဲဟာ အရည်အသွေးအလွန် ကောင်းတဲ့အတွက် နာမည်ကြီးပါတယ်။

အဲဒီကျွန်းပေါ်မှာလည်း သားအမိနှစ်ယောက်ရှိသတဲ့။ ဖခင်ဖြစ် သူကတော့ ပုလဲငုပ်ရင်း သေဆုံးသွားခဲ့ရတယ်။ သားနာမည်က မောင်ရိုး မောင် တဲ့။ ဖခင်ဖြစ်သူဟာ ပုလဲငုပ်ရင်း သေဆုံးခဲ့ရတဲ့အတွက် မောင်ရိုး မောင်ကို မိခင်ဖြစ်သူက ပုလဲမရှာခိုင်းဘဲ တောင်ယာအလုပ်သာလုပ်ခိုင်း သတဲ့ကွယ်။

မောင်ရိုးမောင်ကတော့ တောင်ယာခုတ်ရင်း တောင်ကုန်းထက် က ပင်လယ်ကြီးကို ငေးကြည့်တတ်တယ်။ ပင်လယ်ကြီးထဲမှာ အလွန် အဖိုးတန်တဲ့ ပုလဲရတနာတွေ ရှိနေတာ မဟုတ်လား။ တခြားသူတွေ ပုလဲတွေရလာတိုင်း သူ့ခမျာ မချင့်မရဲဖြစ်နေတတ်တယ်။ သူ့ဖခင်ဟာ ပုလဲရှာရာမှာ အလွန်တော်တဲ့သူတစ်ယောက်ဆိုတာ သူတို့တစ်ရွာလုံးက အသိအမှတ်ပြု လက်ခံထားကြတယ်။ သူလည်း တစ်ချိန်မှာ ဖခင်လို ပုလဲအရှာကောင်းသူတစ်ယောက် ဘာလို့မဖြစ်နိုင်ရမှာလဲ။

သူ ပုလဲရှာချင်ရတဲ့ နောက်ထပ်အကြောင်းတစ်ခုကလည်း ရှိ နေပါတယ်။ သူက သူတို့အိမ်ဘေးက ကောင်မလေးတစ်ယောက်ကို ချစ်

ခင်နေသတဲ့။ တန်ဖိုးရှိတဲ့ ပုလဲတစ်လုံးသာရလိုက်လို့ကတော့ ကောင်မလေးကို ချက်ချင်းတောင်းရမ်းယူလိုက်မှာ။ ကောင်မလေးရဲ့ အဖေနဲ့ သူတို့အဖေက အရင်က စီးပွားဖက်တွေ။ သူနဲ့ ကောင်မလေးဟာလည်း ငယ်စဉ်ကတည်းက အတူတူကြီးပြင်းပြီး ရင်းနှီးခဲ့ကြတာ။ အခုတော့ သူတို့နှစ်ယောက်ကြားမှာ ပြဿနာတစ်ခုက ဝင်ရောက်တော့မလိုလို ကြားလာရတယ်။

သူတို့ကျွန်းက ပုလဲသူဌေးကြီးရဲ့သားဟာ ရွှေမြို့တော်ကြီးမှာ ပညာသင်ကြားပြီးသွားလို့ ပြန်လာတဲ့အခါ ကောင်မလေးကို တောင်းရမ်းယူဖို့ အစီအစဉ်တွေလုပ်နေတာကို သူ ကြားခဲ့ရတယ်။ ကောင်မလေးက သူ့ဖက်မှာရှိပေမယ့် ကောင်မလေးရဲ့ ဖခင်က သူနဲ့ သဘောတူနိုင်ပါ့မလား။ သူတို့မိသားစုက အရင်လို စီးပွားကောင်းတော့တာမှ မဟုတ်တာ။ မုဆိုးမသားဘဝဟာ မျက်နှာငယ်လိုက်တာနော်။ သူ့စိတ်ထဲမှာ စွန့်စားပြီး ပုလဲအရှာထွက်ချင်စိတ်တွေ ပေါ်ပေါက်လာတယ်။

အင်း. . . ခက်တာက အမေ။

ပုလဲရှာခွင့်ပြုဖို့ အမေ့ကို မရမကပြောရတော့မှာပဲ။

❧❧

"မေမေ ဒီမှာကြည့်ပါဦး"

"အို. . လှလိုက်တာ။ အရည်အသွေးကလည်းကောင်း၊ ကြီးကလည်းကြီးဆိုတော့ အတော်တန်ဖိုးရှိမှာ။ အမေ့တစ်သက်တော့ ဒီလိုအရည်အသွေးကောင်းတဲ့ ပုလဲမျိုး တစ်ခါမှ မတွေ့ဖူးဘူး"

သားသားမုတ်ကောင်ရဲ့ ခန္ဓာကိုယ်ထဲက ပုလဲကြီးကိုကြည့်ပြီး မေမေမုတ်ကောင်က တအံ့တသြပြောလိုက်တယ်။

"ဒါပေမဲ့ မေမေရယ်၊ လူတွေက ဒီပုလဲကြီးရဖို့အတွက်ဆို သားကိုသတ်ကြမှာ"

"အင်း. . တို့ဘဝကိုက ဒီလိုဖြစ်ဖို့ ဖန်လာတာပဲကိုး သားရယ် ဘယ်တတ်နိုင်မလဲ။ မေမေတို့က သူတို့မသတ်လည်း တစ်ချိန်ချိန်တော့ သေမှာပါ သားရယ်။ မေမေသာဆိုရင်တော့ မသေခင် တန်ဖိုးရှိတာ တစ်ခုခုတော့ လုပ်ခဲ့ချင်တယ်။ အရမ်းဆင်းရဲတဲ့သူတွေ၊ ဒုက္ခရောက်နေတဲ့

သူတွေကို ကူညီတာမျိုးပေါ့"

"မေမေကလည်း သူများကို ကူညီဖို့ ကိုယ့်အသက်ကို စွန့်ရမှာလား"

"ကိုယ်အဆွေတို့ အဖို့အလိုငှာ ကိုယ့်အသက်ကို စွန့်ခြင်းမေတ္တာထက် သာ၍မြတ်သောမေတ္တာ မရှိတဲ့။ တစ်နေ့နေ့ သားကူညီချင်တဲ့သူတွေ့လာပါလိမ့်မယ်"

❦

တစ်နေ့တော့၊

မောင်ရိုးမောင်ဟာ ပုလဲရှာထွက်ခွင့်ပြုဖို့ သူ့မိခင်ထံ ခွင့်တောင်းပါတယ်။ မိခင်က ဘယ်လိုလုပ်ခွင့်ပြုနိုင်မှာလဲ။ မိခင်ဖြစ်သူ ခွင့်မပြုတဲ့အတွက် မောင်ရိုးမောင်ဟာ တမှိုင်မှိုင်တတွေတွေဖြစ်ပြီး မစားနိုင် မသောက်နိုင်ဖြစ်ရရှာတယ်။

မောင်ရိုးမောင်ခမျာ ဘယ်လိုလုပ် စားဝင်အိပ်ပျော်နိုင်မှာတဲ့လဲ။ ရွှေမြို့တော်ကြီးမှာ ကျောင်းသွားတက်တဲ့ သူဌေးသားက သူတို့ရှိရာ ပြန်ရောက်ခဲ့ပြီး ကောင်မလေးကို လူကြီးမိဘအစုံအလင်နဲ့ တောင်းရမ်းကြဖို့ စီစဉ်နေကြပြီ မဟုတ်လား။

သူချစ်တဲ့ ကောင်မလေးကို လက်လွှတ်ဆုံးရှုံးရတော့မှာပါလား။

"ကဲ. . သား၊ သားကိုချစ်တဲ့အတွက် သားရဲ့ဆန္ဒကို မေမေလိုက်လျောလိုက်မယ်။ ဒါပေမဲ့ ဒီတစ်ကြိမ်ပဲ သားကို ပုလဲရှာခွင့်ပြုမယ်ဒါပဲ"

သားရဲ့အဖြစ်ကို မကြည့်ရက်တာမို့ မိခင်ဖြစ်သူဟာ သားဆန္ဒကို လိုက်လျောခဲ့ရပါတယ်။

"ဟုတ်ကဲ့ မေမေ၊ ဒီတစ်ခါထဲ သားရှာမှာပါ"

မောင်ရိုးမောင်က အားရဝမ်းမြောက်စွာ ကတိပေးလိုက်တယ်။ ဟုတ်တယ်။ ဒီတစ်ခါပဲ ရှာမယ်။ တန်ဖိုးကြီးတဲ့ ပုလဲတစ်လုံး မရမချင်း ရှာမယ်။

မောင်ရိုးမောင် ပထမဆုံး ပုလဲအရှာထွက်ခဲ့ရာမှာ သူ့ကို အသင့်စောင့်ကြိုနေတဲ့ သားသားမုတ်ကောင်ကိုတွေ့ပြီး သားသားမုတ်ကောင်

ဆီက အလွန်အဖိုးထိုက်တန်တဲ့ ပုလဲရတနာကို ရရှိခဲ့ပါတယ်။

ပုလဲရတနာကိုရခဲ့တာနဲ့ မောင်ရိုးမောင်ဟာ သူချစ်တဲ့ကောင်မလေးကိုခေါ်ပြီး သူဌေးကြီးဆီသွားပါတယ်။ မောင်ရိုးမောင်ထုတ်ပြတဲ့ ပုလဲကြီးကိုမြင်တဲ့အခါ သူဌေးကြီးရဲ့မျက်လုံးထဲမှာ အရောင်တွေတောက်ပနေပါတယ်။

"ကျွန်တော်နဲ့ ကျွန်တော်ချစ်တဲ့ ဒီကောင်မလေးကို အေးအေးချမ်းချမ်းလက်ထပ်ခွင့်ပြုရင် ဒီပုလဲကြီးကို သူဌေးကြီးဆီမှာပဲ ရောင်းပေးမယ်။ တကယ်လို့ ကျွန်တော်တို့ဆန္ဒအတိုင်းမဟုတ်ဘဲ အတင်းအကျပ်လုပ်လာရင်တော့ ပုလဲကို တခြားမှာသွားရောင်းပြီး ကျွန်တော်လည်း ကောင်မလေးကို မရရအောင် ယူမှာပဲ"

"မင်းတို့ရဲ့ဆန္ဒအတိုင်း ဖြစ်ရမှာပေါ့ကွယ်။ သားလိုလည်း အခြားသင့်တော်ရာ မိန်းမတစ်ယောက် ထပ်ရှာပေးရမှာပေါ့"

မောင်ရိုးမောင်က ပုလဲကိုရောင်းချလိုက်တဲ့အခါ ငွေတွေအများကြီးရလာပါတယ်။ သူဌေးကြီးလည်း မောင်ရိုးမောင်ဆီက ဝယ်လိုက်တဲ့ ပုလဲကို ထပ်မံရောင်းချရာမှာ ငွေကြေးအမြတ်အစွန်း များစွာရရှိခဲ့တဲ့အတွက် မောင်ရိုးမောင်တို့ရဲ့ မင်္ဂလာပွဲကို သူကိုယ်တိုင်ပဲ ကမကထလုပ်ကျင်းပပေးခဲ့ပါတယ်။ အဲဒီအချိန်ကစပြီး မောင်ရိုးမောင်နဲ့ သူချစ်တဲ့ကောင်မလေးတို့ဟာ ပျော်ရွှင်စွာနဲ့ အသက်ထက်ဆုံး ပေါင်းသင်းနေထိုင်သွားသတဲ့။

ပုံပြင်လေးကတော့ ဒါပါပဲကွယ်။

ဖွားဖွားမုတ်ကောင်က သူပြောနေတဲ့ ပုံပြင်ကို အဆုံးသတ်လိုက်ပါတယ်။ မုတ်ကောင်ငယ်လေးတွေက ဖွားဖွားမုတ်ကောင်ရဲ့ ပုံပြင်အဆုံးမှာ သူတို့ရင်ထဲက ပုလဲလုံးလေးတွေကိုစမ်းရင်းက အိပ်ပျော်သွားကြသတဲ့ကွယ်။



# ပန်းပွင့်တိုင်းပြည်

ရိုးရာထူး

တစ်ခါက ပန်းပွင့်တိုင်းပြည်တစ်ပြည်ရှိသတဲ့။

ပန်းပွင့်တိုင်းပြည်မှာ အခြားတိုင်းပြည်တွေလိုပဲ ပညာသင်ကြားပေးရာ ကျောင်း၊ ကောလိပ်၊ တက္ကသိုလ်စတာတွေရှိပါတယ်။ သူတို့တိုင်းပြည်မှာတော့ ကျောင်း၊ ကောလိပ်၊ တက္ကသိုလ်စတဲ့ အခေါ်အဝေါ်မျိုးတွေ မခေါ်ဘဲ ပညာသင်ကြားပေးရာ အရပ်ဒေသကိုလိုက်ပြီး ကံ့ကော်မြေ၊ ပိတောက်မြေ၊ စိန်ပန်းမြေ၊ ချယ်ရီမြေ၊ ဇလပ်မြေ၊ အင်ကြင်းမြေစတဲ့ အခေါ်အဝေါ်တွေနဲ့ မှည့်ခေါ်ကြသတဲ့။

သူတို့ရဲ့ကျောင်းတွေမှာ ကိုယ်ပိုင်ဆောင်ပုဒ်တွေလည်း ရှိသတဲ့။

အဲဒီအထဲက မှတ်မိသလောက် ပြောရရင်တော့ . .

"ပညာရှာ မွေးရာမှ သေသည်ထိ"

"ပညာရဲရင့် ပွဲလယ်တင့်"

"ပညာသည် တန်ခိုးအစွမ်း"

"အမှောင်မှ အလင်းသို့" စတဲ့ ဆောင်ပုဒ်တွေကို ကျောင်းဆောင်ပုဒ်တွေအဖြစ် အသုံးပြုကြတယ်။ သူတို့တိုင်းပြည်ဟာ ပညာရေးကို ဦးစားပေးတယ်။ တိုင်းပြည်ရဲ့ဆောင်ပုဒ်ကိုက . . .

"ပညာစွမ်းဖြင့် တိုင်းပြည်တည်အံ့" တဲ့။

ပန်းပွင့်တိုင်းပြည်မှာ ပန်းမျိုးကွဲပေါင်းစုံ၊ အရောင်အသွေးမျိုးစုံ၊ အတွေးအခေါ်ပေါင်းစုံရှိကြပေမယ့် ပညာရေးကို အားပေးတဲ့နေရာမှာတော့ အတူတူပဲတဲ့ကွယ်။

ပန်းပွင့်တွေရှိရာအရပ်ဆိုတော့ ပျားပိတုန်းတွေ၊ လိပ်ပြာတွေစတဲ့ အကောင်မျိုးစုံလည်း ရှိကြပါတယ်။ သူတို့တွေဟာ ပန်းပွင့်လေးတွေစာသင်ကြားရာနေရာတွေကို ဆိုင်ကယ်တွေ ကားတွေ တဝီဝီနဲ့ရောက်လာကြသလို ခြေကျင်လျှောက်လာကြတဲ့အကောင်တွေကလည်း မနည်းမနောဘဲ။

ဒီလိုအကောင်တွေကိုမြင်ပြီး စိုးရိမ်သောကရောက်ရသူက ကျောင်းအုပ်ဆရာမကြီး ဒေါ်သော်ကပေါ့။

ပန်းကလေးတွေ အချိန်မတန်ခင် ညှိုးနွမ်းသွားမှာ၊ ပျက်စီးသွားမှာ၊ လမ်းမှားသွားမှာကို အလွန်စိုးရိမ်ပူပန်သတဲ့။ ဒါကြောင့် ပန်းကဇလေး

တွေကို လမ်းမမှားရအောင် အမြဲသွန်သင်ဆုံးမတတ်တယ်။

"မင်္ဂလာပါ ဆရာမကြီး"

ဆရာမကြီး ဒေါ်သော်က အတန်းထဲ ဝင်လိုက်တာနဲ့ ပန်းပွင့်လေးတွေဟာ တညီတညာ မတ်တပ်ရပ်ပြီး နှုတ်ဆက်ကြိုဆိုကြတယ်။

"မင်္ဂလာပါ တပည့်တို့"

သူကလည်း ပန်းပွင့်တွေကို ပြန်လည်နှုတ်ဆက်လိုက်ပြီး အတန်းထဲကို ဝေ့ကြည့်လိုက်တယ်။

အို. . လှလိုက်တာ။ မျက်နှာလေးတွေကိုကြည့်ပါဦး၊ ယယ်ရှယ်မှုနဲ့ သန့်စင်မှု. . .၊ လောကကြီးရဲ့ အလှရတနာတွေပေါ့။

ဒါပေမဲ့ အရွယ်မရောက်ခင် ညှိုးနွမ်းသွားမှုဖြင့်၊ အချိန်မတန်ခင် အညွန့်ကျိုးသွားမှုဖြင့်. . .၊

ဆရာမကြီး ဒေါ်သော်က ပန်းပွင့်တွေကိုကြည့်ပြီး သောကဝေနေပါတယ်။

ပန်းတွေပွင့်ရင် ပျားပိတုန်းဝဲတာ သဘာဝဆိုပေမယ့် အချိန်အခါဆိုတာ ရှိသေးတယ်။ နောက်ပြီး ပန်းဆိုတာ ပျားတွေအတွက်သက်သက်သာ ရှင်သန်နေတာမှ မဟုတ်ဘဲ။ လောကကြီးအတွက် အသက်ရှင်ဖို့လည်း လိုသေးတယ် မဟုတ်လား။

ဆရာမကြီး ဒေါ်သော်ကက သူ့သင်ခန်းစာကို ပုံပြင်တစ်ပုဒ်နဲ့ အစပြုလိုက်တယ်။

"တစ်ခါတုံးက အလွန်ချစ်စရာကောင်းတဲ့ ကောင်မလေးတစ်ယောက်ရှိသတဲ့။ သူက ချောမောလှပသလို စာလည်း အလွန်တော်တယ်။ ဘယ်လောက်တောင် စာတော်သလဲဆို အလယ်တန်းကျောင်းမှာ ရွှေတံဆိပ်ဆုရခဲ့သတဲ့။

အဲ. . သူတို့ခေတ် မိန်းကလေးဖြစ်ရတာ သိပ်မလွယ်လှဘူးကွယ့်။ မိန်းကလေးတွေအတွက် ပညာဆက်သင်ယူစရာ တက္ကသိုလ်ဆိုတာ မရှိသေးဘူး။ ဒါပေမဲ့ ကောင်မလေးက ပညာကို အလွန်လိုလားတဲ့အတွက် အိမ်မှာတင် တက္ကသိုလ်ပညာကို ဆက်လက်သင်ယူခဲ့တယ်။ အဲဒီလို အိမ်မှာ လိုက်သင်ပေးတဲ့အတွက် လွင့်မျောနေတဲ့တက္ကသိုလ်လို့


သမုတ်ကြသတဲ့။

နောက်တော့ ကောင်မလေးဟာ သူဌေးအိမ်တစ်အိမ်မှာ သူတို့ရဲ့ ဆယ်နှစ်သမီးလေးကို ထိန်းကျောင်းရင်း စာသင်ပေးရသတဲ့။ အဲဒီလိုနေရင်းက ကျောင်းပိတ်ရက်မှာပြန်လာတဲ့ သူဌေးသားနဲ့တွေ့ဆုံပြီး ချစ်ကြိုက်သွားကြတယ်။ ငယ်ရွယ်သူတွေဆိုတော့ နှလုံးသားအလိုလိုက်ခဲ့ကြတယ်ပဲဆိုပါတော့လေ။

ဒါပေမယ့် ဒီလိုဖြစ်ခဲ့တာကို ကောင်မလေးရဲ့အလုပ်ရှင်က ဘယ်ကြည်ဖြူပါ့မလား။ သူ့ရဲ့သားအကောင်းစားကို ဘာမဟုတ်တဲ့ အညတရမိန်းကလေးတစ်ယောက်နဲ့ ဘယ်လိုလုပ်သဘောတူနိုင်ပါ့မလဲ။ ကောင်လေးရဲ့ဖခင်က ကောင်မလေးကို မတူမတန်သလိုပြောဆိုပြီး မျက်နှာကိုရိုက်ချခဲ့တယ်။

မိန်းမပျိုလေးတစ်ယောက်အတွက် အလွန်အသည်းနာစရာ၊ ရှက်စရာကောင်းလှတဲ့အဖြစ်ပဲပေါ့ကွယ်။ ဒါပေမဲ့ ကောင်မလေးဟာ ဘဝကို လွယ်လွယ်နဲ့ အရှုံးပေးတတ်တဲ့သူမှ မဟုတ်တာ။

ကောင်မလေးဟာ တခြားနိုင်ငံကိုထွက်သွားပြီး တက္ကသိုလ်ပညာကို ဆင်းဆင်းရဲရဲနဲ့ သင်ယူခဲ့တယ်။ အေးချမ်းတဲ့အချိန်မှာ မီးလှုံစရာမီးသွေးမရှိလို့ ရှိသမျှအဝတ်တွေ၊ အိပ်ရာခင်းတွေ၊ မျက်နှာသုတ်ပဝါတွေကိုခြုံပြီး အိပ်ခဲ့တယ်။ စားစရာမရှိတဲ့အတွက် အစာလေးတစ်ဆုပ်တစ်ခဲစားပြီး ပညာကို မရမက သင်ယူခဲ့တယ်။ အစားဆင်းရဲ အနေဆင်းရဲတော့ တစ်ခါတစ်ခါ သတိလစ်သွားတတ်တယ်။ ဘယ်လိုပဲ အခက်အခဲတွေတွေ့တွေ့ သူ့ရဲ့ပညာရေးကို ဆုံးခန်းတိုင်အောင် ဇွဲရှိရှိသင်ယူခဲ့တယ်။



ပညာသင်ယူမှုပြီးဆုံးသွားတဲ့အခါမှာ သူက ရပ်မပစ်လိုက်ဘဲ လက်တွေ့လေ့လာမှုတွေ ဆက်လုပ်ခဲ့တယ်။ စွန့်ပစ်ထားတဲ့ ကုန်ရုံဟောင်းကြီးတစ်လုံးကို ဓာတ်ခွဲစမ်းသပ်ခန်းအဖြစ် အသုံးပြုပြီး ပညာရပ်တွေကို ဆက်လက်လေ့လာခဲ့တယ်။

ဒီလိုလေ့လာစမ်းသပ်ရာက ဘယ်သူမှ မဖော်ထုတ်နိုင်သေးတဲ့ ရေဒီယိုသတ္တိကြွဓာတ်ကို ရှာဖွေတွေ့ရှိခဲ့တယ်။ သူ တွေ့ရှိခဲ့တဲ့ ဒြပ်စင်တွေကို ရေဒီယမ်နဲ့ ပိုလိုနီယမ်ဆိုပြီး သူ့ကို မွေးဖွားခဲ့တဲ့ နိုင်ငံကို ဂုဏ်ပြုအမည် ပေးခဲ့တယ်။

ရေဒီယမ်ရဲ့ အစွမ်းသတ္တိကတော့ ကင်ဆာရောဂါကုသရေးမှာ အသုံးဝင်တာပဲဖြစ်တယ်။ ဓာတ်မှန်ရိုက်တဲ့အခါသုံးပြီး ကိုယ်ခန္ဓာထဲက ပြင်ပပစ္စည်းတွေ၊ ရောဂါတွေကိုတွေ့ရှိအောင် စွမ်းဆောင်နိုင်တယ်။ ပထမကမ္ဘာစစ်ကြီးဖြစ်တော့ သူကိုယ်တိုင် ဓာတ်မှန်ရိုက်ကားတွေနဲ့လိုက်ပြီး ဓာတ်မှန်ရိုက်ပေးခဲ့တယ်။

ကောင်မလေးဟာ သူ့ရဲ့အသစ်ရှာဖွေတွေ့ရှိမှုကြောင့် အလွန်ထင်ရှားကျော်ကြားလာပြီး ဆုတံဆိပ်တွေအမျိုးမျိုး ဂုဏ်ပြုချီးမြှင့်ခြင်းခံရတယ်။ နောက်တော့ နိုဘယ်ဆုကြီးကို ဆွတ်ခူးရရှိခဲ့တယ်။



သူရှာဖွေတွေ့ရှိခဲ့တာကို မှတ်ပုံတင်လိုက်ရင် အင်မတန်ချမ်းသာကြွယ်ဝတဲ့ သူဌေးမကြီးဘဝကို ရနိုင်ပေမယ့် သူက အဲဒီလိုလုပ်တာကို လက်မခံဘူး။

“ဒီလိုလုပ်တာ သိပ္ပံပညာရှင် မပီသရာရောက်တယ်။ သိပ္ပံလောကကို သစ္စာဖောက်တာဖြစ်တယ်။ ရောဂါကုသရာမှာသုံးတဲ့အတွက် အကျိုးအမြတ်ရှာဖို့ မသင့်တော်ဘူး” တဲ့။

လူသားတွေရဲ့ကောင်းကျိုးအတွက် ရှာဖွေဖော်ထုတ်သွားခဲ့သူ တစ်ယောက်ပါပဲ။ ကောင်မလေးဟာ နောက်ဆုံးတော့ သူရှာဖွေစမ်းသပ်ခဲ့တဲ့ ရေဒီယမ်အဆိပ်သင့်ပြီး ကွယ်လွန်သွားခဲ့ရတယ်။ အများအတွက် အသက်စွန့်သွားခဲ့သူပေါ့ကွယ်။

ဘာ. . ဖော် ဒါမျိုးတော့ သိချင်ကြတယ်။ သူက အပျိုကြီးဘဝနဲ့ပဲနေသွားလား။ အိမ်ထောင်ကျသေးလား ဟုတ်လား။ ကောင်မလေးက မိန်းမချောလေးပါလို့ဆိုနေမှ ယောကျ်ားမရဘဲနေမလား။ အဲဒါကြောင့် ညည်းတို့ကို ပြောတာ။ အိမ်ထောင်ဆိုတာ အချိန်တန်ရင် ကျမှာပဲ။ အဲ. . အချိန်မတန်ဘဲ ကျမှာသာ စိုးရိမ်ရတာ။

ကောင်မလေးက ပညာစုံတဲ့အခါ သူနဲ့ စိတ်တူကိုယ်တူ ဝါသနာတူတဲ့လူတစ်ယောက်နဲ့ အိမ်ထောင်ကျခဲ့ပါတယ်။ သူ့နာမည်က ပိုင်ယာရီကျူရီတဲ့။ ဒါကြောင့် ကောင်မလေးကို မဒမ်ကျူရီလို့ ခေါ်ကြတယ်။ အိမ်ထောင်ကျပြီး သားသမီးလည်းရတယ်။

သူက တကယ့်ကို စံတင်လောက်တဲ့ ပုဂ္ဂိုလ်။ သူ့ယောကျ်ားနဲ့ အတူ နိုဘယ်ဆု ပူးတွဲရသလို သူ့ယောကျ်ားကွယ်လွန်သွားတဲ့အခါ သူတစ်ယောက်တည်းလည်း နိုဘယ်ဆု ထပ်ရတယ်။ နောက်တော့ သူ့သားနဲ့ သမီးလည်း နိုဘယ်ဆုထပ်ရတယ်။ ကမ္ဘာပေါ်မှာ ဒီလိုမျိုး မိသားစုတစ်စုလုံး နိုဘယ်ဆုရတာ သူတို့မိသားစုပဲရှိတယ်။

ဆရာမကြီး ဒေါ်သော်ကက သူ့စကားကိုအဆုံးသတ်ပြီး အတန်းထဲကို ဝေ့ကြည့်လိုက်တယ်။ စိတ်ဝင်တစားနားထောင်နေကြတဲ့ ပန်းပွင့်လေးတွေကိုမြင်လိုက်ရတော့ ဒေါ်သော်ကရင်ထဲ ဆုတောင်းမေတ္တာပို့သလိုက်တယ်။

"လောကကြီးကို လှပ၊ မွေးမြအောင် အလှဆင်နိုင်သူများဖြစ်ကြပါစေ"။

♥♥



# ပန်းကြာဖြူ

ရိုးရာထူး

တစ်ခါတုံးက ရွာတစ်ရွာမှာ ပန်းကြာဖြူဆိုတဲ့ ကောင်မလေးတစ်ယောက်ရှိသတဲ့။ သူ့ကို မွေးဖွားပြီးချိန်မှာပဲ မိခင်ဖြစ်သူဟာ မကျန်းမမာဖြစ်ပြီး အိပ်ရာထဲမှာသာ လဲလျောင်းနေခဲ့ရတယ်။ ပန်းကြာဖြူဟာ တဖြည်းဖြည်းနဲ့ ကြီးပြင်းလာပြီး အရွယ်ရောက်လာတဲ့အခါ မိခင်ဖြစ်သူကို ကြည့်ပြီး စိတ်မကောင်းဖြစ်ရရှာတယ်။ သူ့မိခင် ပြန်လည်ကျန်းမာလာဖို့အတွက် အမျိုးမျိုးကြိုးစားပါတယ်။ ဟိုလူဒီလူပြောတဲ့ ကောင်းတယ်ဆိုတဲ့ ဆေးပင်၊ ဆေးမြစ်၊ ဆေးရွက်တွေကို မရရအောင်ရှာပြီး မိခင်ဖြစ်သူကို တိုက်တယ်။ ကောင်းလှပါတယ်ဆိုတဲ့ နာမည်ကျော် ဆေးဆရာကြီး

တွေဆိုလည်း မရောက်ရောက်အောင်သွားပြီး သူ့မိခင်ကိုကုသပေးဖို့ မရရအောင် ပင့်ဖိတ်ပါတယ်။ ဘယ်လိုပဲ ကုသခဲ့ပေမယ့် သူ့မိခင်ဟာ ပြန်လည်ကျန်းမာလာခြင်း မရှိဘဲ အိပ်ရာထဲမှာသာ လဲမြဲလဲနေတယ်။

မိခင်ဖြစ်သူဟာ သူ့အတွက် ဒုက္ခခံပြီး ဆေးကုပေးနေတဲ့ သမီးကိုကြည့်ကာ သနားလာတယ်။

"သမီးကို ကြည့်ပြီး မေမေ စိတ်မကောင်းဖြစ်ရတယ်။ မေမေ့အတွက် သမီးအရမ်းပင်ပန်းနေပြီ။ မေမေ့ရောဂါကိုပျောက်ကင်းစေချင်ရင် သမီးလုပ်နိုင်တာ တစ်ခုပဲရှိတယ်"

မိခင်ဖြစ်သူရဲ့စကားကြောင့် ပန်းကြာဖြူဟာ အားတက်လာပြီး မျက်လုံးတွေက တောက်ပလာတယ်။ မိခင်ပြန်လည်ကျန်းမာဖို့အတွက် ဘာမဆိုလုပ်မယ်ဆိုပြီး ဆုံးဖြတ်လိုက်တယ်။

"မေမေတို့ငယ်ငယ်က မေမေတို့ရဲ့ ဘိုးအေကြီးပြောဖူးတာရှိတယ်။ သမီးလည်း ရွာထဲက လူကြီးသူမတွေပြောပြောနေတာ ကြားဖူးမှာပေါ့။

မေမေတို့ရွာကနေလှမ်းကြည့်လိုက်ရင် ရေးရေးလေးမြင်ရတဲ့ "လူမရောက်တောင်" လို့ခေါ်တဲ့ နတ်တောင်ဆိုတာရှိတယ်။ အဲဒီတောင်ထိပ်ကို ဘယ်သူမှ မသွားနိုင်လို့ မရောက်ဖူးကြဘူး။ သွားရင်းသွားရင်းနဲ့ မျက်စိလည်လမ်းမှားတတ်ကြတယ်။ နောက်ပြီး သားရဲတိရစ္ဆာန်တွေကလည်းရှိတယ်။ တောင်ပေါ်တက်ရင်း တစ်ခါတစ်ရံ မြူနှင်းဆို လေပြင်းမုန်တိုင်းတွေ တိုက်တတ်တာတို့၊ ရုတ်တရက် မှောင်မည်းသွားတာမျိုးတွေ ဖြစ်တတ်တော့ ဘယ်သူမှ မသွားရဲကြဘူး။

အဲ . . ဒါပေမယ့် မေမေ့ရဲ့ ဘိုးအေကြီးတစ်ယောက်ကတော့ အဲဒီတောင်ထိပ်ကို ရောက်ဖူးခဲ့တယ်။ အဲဒီတောင်ထိပ်မှာ "လိုတရ နတ်ရေကန်" ဆိုတာရှိတယ်။ အဲဒီနတ်ရေကန်ရောက်ရင် သမီးလိုချင်တာတွေ အကုန်ရလိမ့်မယ်။ မေမေ့ရောဂါကို အဲဒီက နတ်ဆေးနဲ့ကုမှပဲ ပျောက်မှာ။

အဲဒီတောင်ကိုသွားဖို့ သမီး အကျင့်သီလဖြူစင်ရမယ်။ လမ်းမှာတွေ့တဲ့ ဘယ်တိရစ္ဆာန်၊ ဘာပိုးကောင်ကိုမှ မသတ်ရဘူး။ လမ်းမှာသွား

ရင်း ဝိုက်ဆာရင် ခွင့်တောင်းပြီးမှစားရတယ်၊ ယူရတယ်။ သမီးက တော ထဲမှာ ဘာကိုမှ ကြောက်လန့်အောင် မလုပ်ရင် သမီးကိုလည်း သူတို့ ဘာမှလုပ်မှာ မဟုတ်ဘူး"

"အဲဒီနေရာဆီ သမီးကို သွားခွင့်ပြုပါ မေမေ"

ပန်းကြာဖြူက သူ့မိခင်ကို ကန်တော့ပြီး လူမရောက်တောင် (သို့ မဟုတ်) နတ်တောင်ဆီထွက်ခဲ့ပါတယ်။

ပန်းကြာဖြူဟာ ခြေတစ်လှမ်းချင်း . . . ၊ တဖြည်းဖြည်းချင်းနဲ့ တစ်တောပြီးတစ်တော၊ တစ်တောင်ပြီးတစ်တောင် တက်လာခဲ့တာ နောက်ဆုံး နတ်တောင်ခြေကို ရောက်လာပါတော့တယ်။

တောင်ခြေကနေ နတ်တောင်ထိပ်ကို မျှော်ကြည့်ရင်း ခြေတစ် လှမ်း စတင်လှမ်းလိုက်ချိန်မှာပဲ ကြည်လင်သာယာနေတဲ့ ရာသီဥတုဟာ ဖြုန်းဆို ညှို့မှိုင်းသွားပါတယ်။ ပန်းကြာဖြူက ခက်သွက်သွက်လေး တက် လိုက်ပါတယ်။ တအောင့်အကြာမှာ မိုးက သဲသဲမည်းမည်း ရွာချပါတော့ တယ်။

ပန်းကြာဖြူက နားခိုဖို့နေရာကိုရှာတဲ့အခါ ဂူကြီးတစ်လုံးကိုတွေ့ ရပြီး ဂူထဲ အမြန်ဝင်လိုက်ပါတယ်။ ဂူထဲမှာတော့ ဘာမှမမြင်ရအောင် ကို မှောင်မည်းနေပါတယ်။ မိုးတိတ်သွားတဲ့အထိ ပန်းကြာဖြူဟာ ဂူထဲ က စောင့်နေလိုက်တယ်။

မိုးတိတ်သွားတဲ့အချိန်မှာ ခရီးဆက်ဖို့ ပန်းကြာဖြူ ထလိုက်တဲ့ အခါ သူ့နံဘေးကို လေဟပ်သွားတဲ့အတွက် ဘာများလဲလို့ ကြည့်လိုက်မိ တယ်။ ဝက်ဝံကြီးတစ်ကောင်ဟာ သူ့နံဘေးကဖြတ်ပြီး ဂူထဲကထွက်သွား တာကို တွေ့လိုက်တော့ ပန်းကြာဖြူ လန့်ပြီးကြက်သေသေသွားတယ်။ အဲဒီအချိန်မှာပဲ သူ့နံဘေးက ရှုးကနဲ မြွေကြီးတစ်ကောင် ဖြတ်ကျော်သွား ပြန်တယ်။

ပန်းကြာဖြူခမျာ ကြောက်လွန်းလို့ အသားတွေတဆတ်ဆတ် တုန်နေရှာတယ်။ အသက်တောင်ဖြောင့်ဖြောင့် မရှူနိုင်ဘဲ ဘာကောင် တွေ ထပ်ပြီးထွက်လာဦးမလဲလို့ ရင်တထိတ်ထိတ်နဲ့ စောင့်နေလိုက်တယ်။ တအောင့်လောက်စောင့်ကြည့်ပေမယ့် ဘာကောင်မှ မတွေ့တော့တာ

ကြောင့် ဂူထဲကအမြန်ထွက်ပြီး ခရီးဆက်ခဲ့ပါတယ်။

တောင်တက်လမ်းတစ်လျှောက်မှာတော့ ဘာအကြောင်းမှ မတွေ့ရသလို ဘာအနှောင့်အယှက်မှလည်း မရှိပါဘူး။ ထူးဆန်းတာတစ်ခုကအနားယူမယ့်နေရာရောက်တိုင်း အနားယူမယ့်အချိန်ရောက်တိုင်း အနားယူလို့ကောင်းမယ့် နေရာတစ်ခုကို အဆင်သင့်တွေ့ရတတ်တာပါပဲ။ အဲဒီနေရာမှာ သစ်သီးဝလံတွေ၊ စားစရာတွေ အသင့်ရှိနေတတ်တာကို တွေ့ရပါတယ်။ တစ်ယောက်ယောက်က ပြင်ဆင်ပေးထားသလိုပါပဲ။

တစ်ခါတစ်ခါ လျှောက်လာရင်းက ဘယ်ကိုသွားရမှန်း မသိတော့တဲ့အခါမျိုးမှာ သစ်ကိုင်းသစ်ခက်တွေကိုချိုးထားပြီး သွားရမယ့်လမ်းကို ညွှန်ပြပေးသလို တွေ့ရတယ်။ ညအချိန်ရောက်တဲ့အခါမှာ နားခိုအိပ်စက်နိုင်မယ့်နေရာကို အလွယ်တကူ ရှာတွေ့တတ်ပါတယ်။ ဒီလိုနဲ့ ပန်းကြာဖြူဟာ နတ်တောင်ထိပ်ကို ရောက်ရှိသွားခဲ့တယ်။

နတ်တောင်ထိပ်ရောက်တဲ့အခါ အလွန်သာယာတဲ့အတွက် မောပန်းသမျှတွေ ပြေပျောက်သွားသလိုပါပဲ။ နတ်တောင်ထိပ်က ရေကန်မှာ ကြာပန်းပေါင်းစုံပွင့်နေပြီး ရေကလည်း အလွန်ကြည်လင်အေးမြပါတယ်။ ရေကန်ထဲကရေကို လက်ခုပ်နဲ့ယူပြီး သောက်လိုက်တဲ့အခါ အားအင်တွေပြည့်ပြီး စိတ်ကြည်လင်လန်းဆန်းသွားပါတယ်။ရေအနံ့ပတ်ပတ်လည်ဟာ လူရှင်းထားသလို သန့်ရှင်းနေပါတယ်။

နတ်တောင်ထိပ်ကိုရောက်ခဲ့ပေမယ့် ဘယ်အပင်က ဆေးဖက်ဝင်တဲ့အပင်မှန်း ပန်းကြာဖြူမှာ မသိနိုင်ဘူးဖြစ်နေတယ်။ ဘာဆက်လုပ်ရမှန်းမသိဖြစ်နေတာနဲ့ အရိပ်ကောင်းတဲ့ အပင်ကြီးတစ်ပင်အောက်ခဏဝင်နားလိုက်တဲ့အချိန်မှာပဲ ပန်းကြာဖြူဟာ အိပ်မောကျသွားပါတော့တယ်။

ပန်းကြာဖြူ လန့်နိုးလာတဲ့အချိန်မှာတော့ ကောင်းကင်မှာ လမင်းကြီးက ဝင်းဝင်းပပ ဝိုင်းဝိုင်းစက်စက် သာနေပါပြီ။ လရောင်အောက်မှာ ကြာပန်းတွေဟာ ပွင့်လန်းလာပြီး ရနံ့ပေါင်းစုံ ထုံသင်းမွှေးမြနေပါတယ်။ ပန်းကြာဖြူကြည့်နေစဉ်မှာပဲ ရုတ်တရက် မှောင်ကျသွားတယ်။ တစ်အောင့်အကြာ ပြန်လင်းလာတဲ့အခါမှာ ရေအိုင်ထဲမှာ နတ်သမီး

နတ်သားလေးတွေပေါ်နေပြီး သီဆိုကခုန်နေကြတာကို ထူးဆန်းစွာ မြင်တွေ့လိုက်ရတယ်။ ပန်းကြာဖြူဟာ သူတို့ရှိရာသွားဖို့ ခြေလှမ်းလိုက်တဲ့အခါ ခုန်းကာနဲ့ ရေထဲကို ပြုတ်ကျသွားတော့တယ်။

ပန်းကြာဖြူ ထိတ်လန့်သွားချိန်မှာ လက်တစ်ဖက်က ပန်းကြာဖြူကို ဆွဲတင်ပါတယ်။ ပန်းကြာဖြူ မော့ကြည့်လိုက်တဲ့အခါ အဘွားအိုတစ်ဦးကို တွေ့လိုက်ရတယ်။

"ရေကန်ထဲ မဆင်းခင် တစ်ကိုယ်လုံးကို ရေနဲ့အရင်လောင်းရတယ်။ နောက်ပြီး ရေပေါ်ကို မနင်းနဲ့ ကြာဖက်တွေပေါ်ပဲ နင်း"

အဘွားအိုက ပြောပြီးတာနဲ့ ပျောက်ကွယ်သွားတယ်။

ပန်းကြာဖြူဟာ သူ့ကိုယ်ကို ရေနဲ့လောင်းလိုက်တယ်။ ရေကန်ထဲဆင်းတဲ့အခါ ကြာဖက်တွေပေါ်ကိုပဲနင်းသွားပြီး နတ်သမီး၊ နတ်သားတွေရှိရာကို သွားတယ်။ နတ်သမီး၊ နတ်သားတွေနား ရောက်တဲ့အခါ အလိုလိုပျော်လာပြီး သူတို့နဲ့အတူ သီဆိုကခုန်မိတယ်။ ပန်းကြာဖြူ ပျော်ရွှင်စွာကခုန်နေတုန်းမှာပဲ ရုတ်တရက် မှောင်သွားပြီး ပန်းကြာဖြူလည်း ရေထဲကို ပြုတ်ကျသွားပါတယ်။

ဒီအချိန်မှာလည်း အဘွားအိုဟာ ရောက်လာခဲ့ပြီး ပန်းကြာဖြူကို ကယ်တင်ခဲ့တယ်။

"သူတို့နဲ့အတူ လိုက်သွားချင်ရင် ကြာပွင့်ပေါ်မှာပဲနေ။ အဲဒါဆို သူတို့နဲ့အတူ ရတနာတိုင်းပြည်ကို ရောက်သွားလိမ့်မယ်။ အဲဒီမှာ ရတနာဥယျာဉ်ဆိုတာရှိတယ်။ အဲဒီဥယျာဉ်အလယ်မှာ သမားတော်ပင်ရှိတယ်။ အဲဒီသမားတော်ပင်က အသီး၊ အရွက်၊ အခေါက်၊ အမြစ်အားလုံး ရောဂါဝေဒနာတွေကိုပျောက်ကင်းစေတဲ့ အစွမ်းရှိတယ်။ သမီး သတိထားရမှာက အဲဒီကိုရောက်ရင် ဘာမှမစားနဲ့။ သမီး စားမိလို့ကတော့ အားလုံးကိုမေ့သွားပြီး အဲဒီမှာပဲ အမြဲနေသွားရမယ်။ သမီးအမေရဲ့ ရောဂါကိုလည်း ကုပေးနိုင်မှာ မဟုတ်တော့ဘူး"

အဘွားအိုဟာ ပြောပြီးတာနဲ့ ပျောက်သွားပါတယ်။

နောက်ညမှာတော့ ပန်းကြာဖြူဟာ ကြာပွင့်ပေါ်မှာပဲနေပြီး နတ်သမီး၊ နတ်သားတွေနဲ့အတူ ကခုန်ပါတယ်။ ရုတ်တရက် မှောင်ကျသွား

တဲ့အခါ သူနင်းထားတဲ့ ကြာပွင့်ဟာ သူ့တစ်ကိုယ်လုံးကို ငုံလိုက်တဲ့အတွက် ပန်းကြာဖြူဟာ ဘာကိုမှ မမြင်ရတော့ဘူး။

ကြာပန်းပြန်ပြီး ပွင့်သွားတဲ့အခါမှာတော့ ပန်းကြာဖြူဟာ နတ်သမီး၊ နတ်သားတွေနေတဲ့ ရတနာတိုင်းပြည်ကို ရောက်သွားပါတယ်။ ပန်းကြာဖြူဟာ ပန်းပွင့်ပေါ်ကဆင်းပြီး နတ်သမီး၊ နတ်သားတွေနောက်လိုက်သွားတယ်။ ဒီလိုလျှောက်သွားတဲ့အခါ ရတနာတွေနဲ့ဆောက်လုပ်ထားတဲ့ အိမ်တွေကို တွေ့ရတယ်။ အဲဒီအိမ်တွေထဲက ကိုယ်ကြိုက်တဲ့အိမ်မှာ နေလို့ရတယ်ဆိုတာ ဘယ်သူမှမပြောပြဘဲ အလိုလိုသိလို့နေပါတယ်။ ပန်းကြာဖြူဟာ အိပ်ချင်လာပြီဖြစ်လို့ ပုလဲတွေနဲ့ဆောက်လုပ်ထားတဲ့ ပုလဲအိမ်မှာ ဝင်အိပ်လိုက်ပါတယ်။

မနက်နိုးလာတဲ့အခါ ပန်းကြာဖြူဟာ အလွန်အမင်း ဆာလောင်နေပါတယ်။ ဒါပေမဲ့ အဘွားအိုမှာလိုက်တဲ့ စကားကိုသတိရပြီး ဘာကိုမှ မစားဘဲ့ ဆုံးဖြတ်လိုက်တယ်။ ပန်းကြာဖြူဟာ ထလိုက်ပြီး ရတနာဥယျာဉ်ရှိရာကို ထွက်လာခဲ့တယ်။ ဥယျာဉ်ဟာ ဘယ်နေရာမှာရှိတယ်ဆိုတာကိုလည်း အလိုလိုသိနေတဲ့အတွက် အံ့ဩမိသေးတယ်။ ရတနာဥယျာဉ်ထဲမှာ သစ်သီးမျိုးစုံ၊ ပန်းမျိုးစုံ သီးပွင့်နေပါတယ်။ နတ်သမီး၊ နတ်သားတွေ ဗိုက်ဆာတဲ့အခါ ဥယျာဉ်ထဲက သစ်သီးတစ်လုံး၊ ပန်းပွင့်တစ်ပွင့်စားလိုက်တာနဲ့ ဗိုက်ပြည့်သွားတယ်။ သစ်သီးတွေဟာလည်း စားချင်စဖွယ်ပါပဲ။ ကြည့်လိုက်ရုံနဲ့ အလွန်အရသာရှိမယ်ဆိုတာ သိသာပါတယ်။

ပန်းကြာဖြူဟာ ဆာလောင်မှုကို သည်းခံပြီး သမားတော်ပင်ရှိရာဆီ ထွက်ခဲ့ပါတယ်။ အပင်ကြီးက သမားပင်ဆိုတဲ့အတိုင်း ဆေးဆရာကြီးတစ်ဦးပုံသဏ္ဍာန်ရှိပါတယ်။ ပန်းကြာဖြူဟာ သမားတော်ပင်က အသီး၊ အပွင့်၊ အရွက်တွေကို ခူးနိုင်သလောက်ခူးပြီး သူတည်းခိုရာ ပုလဲအိမ်ဆီ ပြန်ခဲ့ပါတယ်။

အိမ်ရောက်တဲ့အခါ ပိုပြီးဆာလောင်လာတယ်။ ရတနာဥယျာဉ်ရှိရာပြန်သွားပြီး အဲဒီက အသီးတစ်လုံးလောက်ကို ခူးစားချင်စိတ်တွေ ပေါက်လာတယ်။ အဲလို စားချင်စိတ်ပေါ်လာတဲ့အခါ အဘွားအိုရဲ့ သတိပေးစကားကိုသတိရပြီး ကြောက်သွားပြန်တယ်။

ငါစားလိုက်လို့ မဖြစ်ဘူး။ အမေ့ကို ဆေးကုပေးရမယ်။

အမေ့ကို သတိရတဲ့အခါ အမေဟာ သူ့အရှေ့မှာပေါ်လာပါတယ်။ အမေဟာ အိပ်ရာထဲမှာပက်လက်လေးလဲပြီး ညည်းနေရှာတယ်။ အဖေ့ကိုတော့ တောင်ယာမှာ အလုပ်လုပ်နေတာကို တွေ့ရတယ်။ သူက ရွာသူ၊ ရွာသားတွေကိုလည်း တွေ့ရပါတယ်။ သူ့ကိုတော့ ဘယ်သူမှ တွေ့ပုံမရပါဘူး။ ကိုယ့်အလုပ်ပဲ ကိုယ်လုပ်နေကြတယ်။ ပန်းကြာဖြူဟာ သူ့ရွာကို ကြည့်ရင်း ဆာလောင်စိတ်ကိုမေ့အောင် ကြိုးစားတယ်။

ညရောက်တဲ့အခါမှာတော့ ပန်းကြာဖြူဟာ ကြာပန်းတစ်ပွင့်ပေါ် တက်နေလိုက်တယ်။ ရုတ်တရက် မှောင်ကျသွားတဲ့အခါ ကြာပန်းက သူ့ကိုငုံလိုက်တယ်။ ကြာပန်းပြန်ပွင့်လာချိန်မှာတော့ သူဟာ နတ်တောင်ထိပ် ရေကန်ပေါ် ရောက်ရှိသွားတယ်။ ပန်းကြာဖြူဟာ ကြာပွင့်ပေါ်က အမြန်ဆင်းပြီး ကမ်းစပ်ဆီ လျှောက်သွားတယ်။

ကမ်းစပ်ကနေ နတ်သမီး၊ နတ်သားတွေ သီဆိုကခုန်တာကို ကြည့်နေလိုက်တယ်။

မနက်မိုးလင်းတာနဲ့ နတ်တောင်ထိပ်က ပြန်ဆင်းခဲ့တယ်။

"မင်းလို စိတ်ကောင်းရှိတဲ့ ကလေးမလေးကို နတ်တောင်က ကြိုဆိုပါတယ်။ မင်းလိုအပ်တဲ့အချိန်မှာ အချိန်မရွေး နတ်တောင်ကို လာနိုင်ပါတယ်။ မင်းအမေ နေပြန်ကောင်းပါစေ"

နတ်တောင်ခြေရောက်တော့ အဘွားအိုဟာ ပန်းကြာဖြူကို နှုတ်ဆက်စကားဆိုတယ်။ အိမ်ကို အမြန်ပြန်ရောက်မယ့်လမ်းကိုလည်း ညွှန်ပြပေးတယ်။ ပန်းကြာဖြူဟာ အဘွားအိုကို ပြန်လည်နှုတ်ဆက်လိုက်ပြီး အိမ်ကို အမြန်ပြန်လာခဲ့ပါတယ်။

အိမ်ကိုပြန်ရောက်ရောက်ချင်းပဲ သူ့မိခင်ကို သမားတော်ပင်က အသီးကို ကျွေးလိုက်တဲ့အခါ မိခင်ဟာ ချက်ချင်းကျန်းမာလာခဲ့တယ်။ မိခင်ဖြစ်သူ ရောဂါပျောက်ကင်းသွားတာကိုသိတဲ့ ရွာသူ၊ ရွာသားတွေဟာ သူ့ဆီရောက်လာပြီး ဆေးကုသမှုခံယူကြတယ်။ ဆေးလာကုသူတိုင်း ပျောက်ကင်းသွားတဲ့အကြောင်းဟာ အခြားရွာတွေကိုပါ ပျံ့နှံ့သွားပြီး ပန်းကြာဖြူဆီ ဆေးလာကုကြတယ်။ ဒီလိုနဲ့ ပန်းကြာဖြူရဲ့သတင်းဟာ တ

ဖြည်းဖြည်း လူသိများလာခဲ့တယ်။

တစ်နေ့ ဆေးကုနေရင်း ပန်းကြာဖြူဟာ ရုတ်တရက် ပျောက်သွားတယ်။ ဖခင်၊ မိခင်နဲ့ ရွာသူ၊ ရွာသားတွေအားလုံး သူ့အတွက် စိတ်ပူပြီး လိုက်ရှာကြ၊ စုံစမ်းကြတယ်။ ဘယ်လိုပဲ စုံစမ်းစုံစမ်း ပန်းကြာဖြူ ဘယ်ရောက်သွားမှန်း ဘယ်သူမှ မသိကြဘူး။ ဒါပေမဲ့ ပျောက်သွားပြီး သုံးရက်အကြာမှာ ပန်းကြာဖြူဟာ ရွာကို ပြန်ရောက်လာပါတယ်။ သူက လူတစ်ယောက်ကို ဆေးသွားကုပေးတာလို့ ဆိုပါတယ်။

ဒီအကြောင်းကို လူတွေမေ့မေ့ပျောက်ပျောက်ဖြစ်လောက်ချိန် တစ်နေ့မှာ ရှင်ဘုရင်ကြီးရဲ့ စေတမန်အဖွဲ့တစ်ဖွဲ့ ရွာကိုရောက်လာပါတယ်။ ရောက်ရှိလာရတဲ့အကြောင်းက ပန်းကြာဖြူကို ရွှေမြို့တော်ကြီးဆီ ခေါ် ဆောင်သွားပြီး မင်းသားလေးနဲ့ လက်ဆက်ပေးဖို့အတွက်ဖြစ်ပါတယ်။

ရွာကလူတွေအားလုံး ဘယ်လိုတွေဖြစ်ကုန်တာလဲဆိုပြီး အံ့အားသင့်ကုန်ကြတယ်။ ဖြစ်ရတဲ့အကြောင်းကို ပန်းကြာဖြူကပဲ ရှင်းပြပါတယ်။ သူ့ရွာက ပျောက်သွားပြီး ဆေးသွားကုပေးတဲ့သူဟာ မင်းသားလေးတဲ့။ မင်းသားလေးဦးဆောင်တဲ့ စစ်တပ်ကြီးဟာ ရှေ့တန်းစစ်မြေပြင်မှာ ရန်သူတွေကို တိုက်ခိုက်ရင်း မင်းသားလေး ဒဏ်ရာရသွားတယ်။ ဒါကို ရန်သူတွေမသိအောင်လို့ ပန်းကြာဖြူကို တိတ်တဆိတ်လာခေါ်ပြီး မင်းသားလေးကို ဆေးကုပေးခဲ့တယ်။ ပန်းကြာဖြူ ဆေးကုပေးလိုက်တဲ့အတွက် မင်းသားလေးဟာ ဒဏ်ရာက သက်သာပျောက်ကင်းသွားပြီး ရန်သူတွေကို အောင်မြင်စွာ တိုက်ခိုက်နိုင်ခဲ့တယ်။

မင်းသားလေး ရွှေမြို့တော်ကြီးကို ပြန်ရောက်တဲ့အခါ ဖခင်ဘုရင်ကြီးကို အကျိုးအကြောင်းတင်လျှောက်ပြီး ပန်းကြာဖြူကို တောင်းရမ်းခိုင်းခဲ့တာဖြစ်တယ်။ ပန်းကြာဖြူက မင်းသားလေးလွှတ်လိုက်တဲ့ ကိုယ်စားလှယ်တွေကို ယဉ်ယဉ်ကျေးကျေးနဲ့ ငြင်းပယ်ခဲ့ပါတယ်။ ရွှေနန်းတော်ကြီးထဲမှာ လုပ်စရာမှ မရှိတာ။ ပျင်းစရာချည်းနေမှာ။ ဒီရွာမှာရှိနေမှ ရောဂါဝေဒနာခံစားနေရသူတွေကို ပြုစုကုသပေးနိုင်မှာ မဟုတ်လား။


မင်းသားလေး စေလွှတ်လိုက်တဲ့ ကိုယ်စားလှယ်အဖွဲ့ ပြန်သွား

တဲ့အခါ ရွာသူကြီးက တစ်စခန်းထလာပါတယ်။ အခုလို ငြင်းပယ်လိုက်လို့ ရှင်ဘုရင် စိတ်တော်မတွေ့ရင် တစ်ခုခုများဖြစ်မလားဆိုပြီး ပူပန်စိုးရိမ်ပြီး ပန်းကြာဖြူကို စိတ်ဆိုးဒေါသထွက်တယ်။ ချက်ချင်းပဲ ပန်းကြာဖြူတို့မိသားစုကို ရွာပြင်နှင်ထုတ်လိုက်တယ်။ တကယ်လို့ တစ်စုံတစ်ခုသာဖြစ်ခဲ့ရင် ပန်းကြာဖြူကို သတ်ပစ်မယ်ဆိုပြီး ကြိမ်းမောင်းတယ်။ ဒါနဲ့တင် အားမရဘဲ ရွာသူ၊ ရွာသားတွေကို ပန်းကြာဖြူဆီသွားပြီး ဆေးဝါးကုသမှု မပြုကြဘို့ အမိန့်ထုတ်လိုက်တယ်။


ပန်းကြာဖြူတို့မိသားစုကိုကြည့်ပြီး ရွာသူ၊ ရွာသားတွေအားလုံး စိတ်မကောင်းဖြစ်ကြရသလို ဘာမှမကူညီနိုင်တဲ့အတွက် ဝမ်းနည်းကြေကွဲကြရတယ်။ ဒါပေမဲ့လည်း စိတ်ကောင်းနှလုံးကောင်းရှိသူတွေဟာ ဒီလိုမျိုးနဲ့ ပြီးဆုံးသွားတာမှ မဟုတ်ဘဲ။

ကိုယ်စားလှယ်အဖွဲ့နဲ့ ပန်းကြာဖြူ ပါမလာတဲ့အခါ မင်းသားလေးဟာ ဖခင်ဘုရင်ကြီးထံခွင့်တောင်းပြီး ပန်းကြာဖြူရှိရာကို လိုက်ခဲ့ပါတယ်။ ရွာပြင်မှာနေထိုင်နေရတဲ့ ပန်းကြာဖြူတို့ မိသားစုအဖြစ်ကို မြင်တဲ့အခါ အလွန်စိတ်ဆိုးဒေါသထွက်တယ်။ ချက်ချင်းပဲ သူကြီးကို ရာထူးကဖြုတ်ဖို့လုပ်တဲ့အခါ ပန်းကြာဖြူက ဝင်ရောက်တောင်းပန်ခဲ့တဲ့အတွက် အပြင်းအထန် ဆုံးမသတိပေးလိုက်တယ်။

မင်းသားလေးဟာ ပန်းကြာဖြူနဲ့လက်ဆက်ပြီး ရွာမှာပဲ နေထိုင်သွားခဲ့ပါတယ်။ ပန်းကြာဖြူဟာလည်း သူချစ်တဲ့ မင်းသားလေးနဲ့ လက်ဆက်ပြီး သူဝါသနာပါရာ ဆေးကုသတဲ့အလုပ်ကို ပျော်ပျော်ရွှင်ရွှင် လုပ်ကိုင်သွားသတဲ့ကွယ်။




# အသံပုံပြင်



ရိုးရာထူး

တစ်ခါက လယ်သမားကြီးတစ်ယောက်ရဲ့ ကြက်ခြံမှာ ကြက်ကလေးတွေ ပေါက်လာသတဲ့။ ကြက်ပေါက်ကလေးတွေဟာ အမွေးဖွားဖွား လုံးလုံးလေးတွေဆိုတော့ ဝါဂွမ်းလုံးလေးတွေနဲ့တောင် တူသေး။ ကိုင်ကြည့်ရင်လည်း ဂွမ်းလုံးလေးတွေကိုင်ရသလို နူးနူးညံ့ညံ့နဲ့ အိအိလေး။ အဲ. . ဒါပေမဲ့ သူတို့ကိုကိုင်ရင် ပိကျိပိကျိနဲ့ တအားအော်တော့တာပဲ။

ကြက်ကလေးတွေဟာ သူတို့မိခင် ကြက်မကြီးစကားကို နားမထောင်ကြသတဲ့။ ကြက်မကြီးခေါ်ရင်လာတယ်၊ ကြက်မကြီးကျွေးရင် စားတယ်။ ကြက်မကြီးက မြေကြီးကိုယက်ပြီး အစာရှာတယ်။ အစာတွေ့ရင် ကြက်ကလေးတွေကို တကော့်ကော့်နဲ့ ကျွေးတယ်။ မစားရတဲ့အစာမျိုးဆို ကော့ကော့ကော့ကော့ဆိုပြီး တားတယ်။ ဒီလိုနဲ့ စားလို့ရတဲ့အစာနဲ့ မစားရတဲ့ အစာတွေကို



ကြက်ကလေးတွေကို သင်ပေးတတ်တယ်။ အစာရှာစားပြီး မောသွားတဲ့ အခါမှာတော့ ကြက်ကလေးတွေဟာ ကြက်မကြီးရဲ့ တောင်ပံအောက် ဝင်ပြီး တစ်ရေးတမောအိပ်ကြသတဲ့။

ဒီလိုနဲ့ တစ်နေ့တခြား ကြက်ကလေးတွေဟာ ကြီးထွားလာပြီး အတောင်အလက်တွေစုံလာသလို ကိုယ့်အစာကိုယ်ရှာစားတတ်လာခဲ့ကြ တယ်။ ငယ်စဉ်ကလို ကြက်မကြီး ခွံ့အကျွေးကို စောင့်မနေကြတော့ဘဲ လုစားတတ်လာကြတယ်။ အားအင်တွေ သန်မာလာပြီမို့ တစ်ကောင်နဲ့ တစ်ကောင် ယှဉ်ပြိုင်အားစမ်းပြီး ခွပ်တတ်လာကြတယ်။

ကြက်ကလေးတွေဟာ ကြီးပြင်းလာတာနဲ့အမျှ အရာရာကို လည်း သိချင်တတ်ချင်လာပြီး စူးစမ်းတတ်လာတယ်။ သူတို့ သိချင်တာ တွေကို ကြက်မကြီးကို မေးတတ်လာတယ်။

"မေမေ မြေလူးငှက်အော်ရင် သားတို့က ဘာလို့ ပြေးပုန်းကြရ တာလဲ"

"မြေလူးငှက်တွေက အမြင့်မှာနေတော့ ရန်သူတွေလာရင်သိ တယ်။ သူတို့က ရန်သူတွေကို မြင်ရင် ကျန်တဲ့သူတွေကို အော်ပြီး အချက်ပေးကြတယ်။ အဲဒီအခါ ကျန်တဲ့သတ္တဝါတွေက ပုန်းအောင်းကြ တာပေါ့"

ကြက်မကြီးရဲ့စကားကို ကြက်ကလေးက တိတ်တိတ်ကလေး နားထောင်နေပေမယ့် ဟုတ်ပါ့မလားဆိုပြီး သံသယက ရှိနေတယ်။ဒီစ ကားက ကလေးတွေကြောက်အောင် ရှေးလူကြီးတွေ ခြောက်လှန့်တဲ့စ ကားများလားလို့ တွေးကြည့်တယ်။

မြေလူးငှက်အော်သံကြားတိုင်း သူတို့မှာ အမောတကောနဲ့ နီး စပ်ရာ ခြုံပုတ်၊ မြက်ဖုတ်တွေထဲ အမြန်ပြေးဝင်၊ ကိုယ်လေးတွေပုနေကြ ရတာကို မကျေမနပ်ဖြစ်လာတယ်။ ပုန်းအောင်းရာက အသာချောင်း ကြည့်ပေမယ့် သူတို့ကို အန္တရာယ်ပေးနိုင်တဲ့အကောင် တစ်ကောင်တ လေမှ မတွေ့ရတာကိုလည်း ဘဝင်မကျဖြစ်ရတယ်။ သူတို့ ထိတ်လန့် ချောက်ချားအောင် မြေလူးငှက်က အော်နေတာများလား။

"မေမေ ကျွန်တော်တို့က မြေလူးငှက်အော်သံကို ကြောက်နေရအောင် သူက ဘာမို့လို့လဲ။ သူက ကျွန်တော်တို့လောက်တောင် အသုံးမဝင်ဘဲနဲ့"

"ဟဲ့သား အဲဒီလို မပြောနဲ့။ သူလည်း သူ့နေရာနဲ့သူ အသုံးဝင်တယ်။ သူ့သတိပေးသံကြောင့် မေမေတို့ ဒီနေ့ထက်ထိ ဘေးအန္တရာယ်ကင်းကင်း နေနိုင်တာ။ မေမေတို့က သူ့အသံကို ကြောက်တာမဟုတ်ဘူး။ သူကလည်း ဘယ်သူ့ကိုမှ ခြောက်နေတာ မဟုတ်ဘူး။ သူ့အသံနောက်က အန္တရာယ်ကိုသာ ကြောက်တာ"

မိခင်ဖြစ်သူ အယ်လိုပဲရှင်းပြရှင်းပြ ကြက်ကလေးက လက်မခံနိုင်ပါဘူး။ မြေလူးငှက်အော်သံကြားတိုင်း မြေးပုန်းရတာကိုလည်း ရှက်လာတယ်။ သူ့ခြေထောက်တွေ၊ အတောင်တွေဟာ သန်မာလာပြီပဲ။ လာချင်တဲ့အကောင်လာစမ်းပါစေ။ ငါ ဘယ်လောက်သန်မာတယ်ဆိုတာ ပြလိုက်သေးတာပေါ့။

ဒီလိုနဲ့ ကြက်ကလေးဟာ တစ်နေ့မှာတော့ ဆူဖြိုးနေတဲ့ ပိုးကောင်တစ်ကောင်ကို တွေ့ပါတယ်။ ပိုးကောင်လေး မြေးထွက်မသွားခင် ငုံ့ကောက်တော့မယ်အလုပ်မှာ မြေလူးငှက်အော်သံက စီကနဲထွက်လာတယ်။ မြေလူးငှက်အော်သံကိုကြားတာနဲ့ ကြက်တွေအားလုံး ပြေးပုန်းလိုက်ကြပေမယ့် ကြက်ကလေးကတော့ အစာကိုမြဲပြီး ငုံ့ကောက်လိုက်တယ်။

ဒီအချိန်မှာပဲ သူ့နားထဲ ဝေါကနဲမြည်သံကြီးနဲ့ သူ့ကို လေပြင်းကြီးဟပ်သွားတယ်။ ရုတ်တရက် ထွက်ပြေးဖို့ပြင်လိုက်ချိန်မှာ သူ့ကိုယ်ဟာ သန်မာတဲ့ ခြေချောင်းတွေနဲ့ ဆွဲကုပ်ယူသွားတာကို ခံလိုက်ရတယ်။ သူ တအားကြုံးအော်လိုက်တယ်။


စွန်ရဲကြီးမြေပေါ်ပြန်အကြွမှာ မိခင်ဖြစ်သူဟာ တအားကုန်အော်ဟစ်ပြီး စွန်ရဲကြီးကို ဝင်ခွပ်ပါတယ်။ မိခင်ရဲ့ တိုက်ခိုက်မှုကြောင့် စွန်ရဲကြီးရဲ့ ခြေ






ချောင်းတွေ ဟသွားချိန်မှာ ကြက်ကလေး အားကုန်ရှုန်းထွက်လိုက်တဲ့အခါ စွန်ရဲကြီးရဲ့ ခြေထဲက လွတ်ထွက်သွားတယ်။ ကြက်ကလေးဟာ မြေပေါ်ပြန်ရောက်တာနဲ့ နီးစပ်ရာ ခြုံပုတ်တစ်ခုထဲ ဝင်ပြေးပုန်းတော့တယ်။

ကြက်မကြီးရဲ့အော်သံကြောင့် လူတွေထွက်လာကြပြီး စွန်ရဲကြီးကို ခြောက်လှန့်မောင်းထုတ်ကြတယ်။ စွန်ရဲကြီး အဝေးကို ပျံထွက်သွားပေမယ့် ကြက်မကြီးက အော်ဟစ်နေဆဲပါပဲ။ ကြက်မကြီးကိုကြည့်ပြီး ကြက်ကလေးဟာ သူ့မိခင်ရဲ့ သတ္တိကို ဂုဏ်ယူနေမိတယ်။




အခြေအနေအားလုံး အေးဆေးငြိမ်သက်သွားချိန်မှာ ကြက်မကြီးက ကြက်ကလေးတွေကို အကျွပ်ကျွပ်နဲ့ ခေါ်ပါတယ်။ ကြက်ကလေးတွေအားလုံး ကြက်မကြီးရဲ့ အတောင်အောက်ပြေးဝင်သွားကြတယ်။ ကြက်ကလေးဟာ ကြက်မကြီးရဲ့ အတောင်ကြားက မိခင်ဖြစ်သူကို မော့ကြည့်လိုက်တဲ့အခါ ကြက်မကြီးက သူ့ခေါင်းကို နှုတ်သီးနဲ့ အသာဖွဖွဆိတ်တယ်။

ကြက်မကြီးက သူ့ကိုယ်ကို နှုတ်သီးနဲ့ သပ်ပေးလိုက်ချိန်မှာ ကြက်မကြီးရဲ့မျက်နှာပေါ်မှာ သွေးတွေစီးကျနေတာကို ကြက်ကလေး မြင်တွေ့လိုက်ရတယ်။



တစ်ခါတုံးက သစ်တုံးပုံကြီးတစ်ပုံရှိသတဲ့ကွယ်။

သစ်တုံးပုံထဲမှာ သစ်လုံးတွေဆိုတာ အရွယ်အစားမျိုးစုံ၊ အမျိုးအစားပေါင်းစုံရှိသတဲ့။ သူတို့တွေ ရောက်လာကြတဲ့နေရာကလည်း မတူ၊ ကြီးပြင်းခဲ့ရာနေရာကလည်း မတူကြတော့ အတွေးအခေါ် အကျင့်စရိုက်ပေါင်းစုံပါပဲ။ ဒါပေမဲ့ သူတို့တွေရဲ့ လက်ရှိဘဝအခြေအနေကို မကျေနပ်တဲ့နေရာမှာတော့ အတူတူပဲလို့ ဆိုရမယ်။



"ဟိုးအရင်က. . တို့ဘဝဟာ အလွန်ပျော်စရာကောင်းခဲ့တာကလား။ စိမ်းလန်းတဲ့အရွက်၊ မွှေးမြလှပတဲ့အပွင့်၊ ချိုမြိန်တဲ့အသီးတွေနဲ့ သိပ်ကိုသာယာလှပခဲ့တာပေ့ါ။ အခုလိုဘဝမျိုးရောက်မယ်လို့ အိပ်မက်တောင် တစ်ခါမှ မမက်ဖူးခဲ့ဘူး"

တချို့က အရင်အတိတ်ဘဝကိုသာ သတိရလွမ်းမောနေပြီး လက်ရှိဘဝကို မကျေနပ်ကြ။

တချို့ကတော့. .

"အင်း. . တချို့များ ကံကောင်းလိုက်ကြတာနော်။ တစ်ခါတည်း နိုင်ငံခြားကို

# သူရဲကောင်းပုံပြင်

**ရိုးရာထူး**



ရောက်သွားပြီး ကောင်းစားသွားလိုက်တာ။ တချို့ကျတော့ အထက်တန်းကျကျနေနိုင်ကြတယ်၊ တစ်ချို့ကျတော့ ကြီးကျယ်ခမ်းနားတဲ့ အဆောက်အဦတွေ၊ တဲ်တားတွေမှာ နေရာရပြီး အားကျစရာကောင်းလိုက်တာ။

ငါ့မှာတော့ သစ်ပင်လည်း မဟုတ်၊ သစ်သားလည်း မဟုတ်နဲ့ ဒုက္ခရောက်လိုက်တာနော်" ဆိုပြီး ညည်းတွားကြတယ်။

တစ်ချို့ကတော့ ရှင်းတယ်။

"ကဲဟေ့ ငိုနေလို့လည်း မထူးဘူး၊ မျှော်နေလို့လည်း ဖြစ်ချင်မှ ဖြစ်မှာ။ ဖြစ်တဲ့ဘဝမှာ ပျော်အောင်သာနေပေတော့"

ဒီလို သစ်လုံးတွေကြားမှာ သစ်လုံးတစ်လုံးကတော့ ရောက်နေတဲ့ဘဝမှာ အကောင်းဆုံးအသက်ရှင်သွားဖို့ ဆုံးဖြတ်လိုက်တယ်။ သူက ဆုံးဖြတ်တဲ့အတိုင်းပဲ လေဒဏ်၊ မိုးဒဏ်၊ နေပူဒဏ်က လွတ်အောင် တတ်နိုင်သမျှနေတယ်၊ ပိုးမွှားအဖျက်အဆီးမခံရအောင် ကိုယ့်ကိုယ်ကိုယ်ကာကွယ်တယ်၊ တတ်နိုင်သမျှ သူ့ကိုယ်သူ ဖြောင့်ဖြောင့်မတ်မတ်ဖြစ်အောင်နေတယ်။

သစ်တုံးတွေရဲ့ဘဝကလည်း မလွယ်လှပါဘူး။ နေဒဏ်မိုးဒဏ်အပြင် ပိုးမွှားတွေရဲ့ရန်ကလည်း ရှိသေး။ ဒီကြားထဲ အချင်းချင်းထပ်နေကြရတာဆိုတော့ ကြပ်ညပ်ပြီး အနံ့အသက်ကလည်း မကောင်းဆိုတော့ နေရထိုင်ရတာ အတော်ဒုက္ခရောက်ပါတယ်။

တစ်နေ့တော့ သစ်ပုံရှိရာကို လူတစ်ယောက်ရောက်လာခဲ့တယ်။ သူက သစ်ကောင်းတစ်လုံးရဖို့အတွက် အသေအချာရွေးထုတ်ယူပါတယ်။

သစ်လုံးတော်တော်များများက ကောင်းမကောင်းကို ကြည့်ရုံနဲ့ တင်သိပါတယ်။ သူများအပေါ်မှာ နေရတဲ့ သစ်လုံးတွေဟာ သူတို့ကို ဖိထားတာတွေမရှိတော့ ကော့နေ၊ ကောက်နေတတ်တယ်။ အပေါ်က သစ်လုံးတွေက မကောင်းလို့ အောက်က သစ်လုံးတွေကိုကောင်းမယ် တော့ မထင်လိုက်နဲ့။ သူတို့ကလည်း နေချင်သလို နေကြတာဆိုတော့ အနာတွေ၊ အဆွေးတွေက ရှိနေတတ်တယ်။

အဲဒီလူက သစ်လုံးတွေကို တစ်လုံးချင်းချပြီး အသေအချာရွေးပါတယ်။ နောက်ဆုံးတော့ ကိုယ့်ကိုယ်ကိုယ် အမြဲဂရုစိုက်နေတဲ့ သစ်လုံး

ကိုတွေ့တဲ့အခါ သဘောကျပြီး ဒိမ်ကို သယ်ယူသွားပါတော့တယ်။

**

"အား"

သစ်လုံးက သူ့ကိုဘာလုပ်မလဲလို့ စဉ်းစားနေတုန်းမှာပဲ စောက်ပြားကြီးနဲ့ သူ့ကိုယ်ပေါ် ထိုးစိုက်ပြီး ဖွဲလိုက်တဲ့အခါ နာကျင်လွန်းလို့ လန့်အော်လိုက်မိတယ်။ နာလွန်းလို့ မျက်ရည်တွေ အလိုလိုစီးကျလာတယ်။

ပထမဆုံး စောက်ချက်ပြီးသွားတာနဲ့ နောက်ထပ်စောက်ချက်တွေဟာ သူ့ကိုယ်ပေါ် ဆက်တိုက်ကျလာတယ်။ အချက်တိုင်း သူ့ကိုယ်ပေါ်က အသားလွှာတွေကို ဖွဲထုတ်သွားတဲ့အတွက် အသည်းခိုက်အောင် နာကျင်ခဲ့တယ်။ တစ်နေ့တာ ကုန်ဆုံးသွားတဲ့အချိန်မှာ အလုပ်နားလိုက်တဲ့အတွက် သူလည်း သက်သာရာရသွားတယ်။

သူအနားရလိုက်ပေမယ့် ဒေါသကထွက်နေတယ်။ ဘယ်သူ့ကို စိတ်ဆိုးရမှန်းမသိဖြစ်နေတယ်။ နောက်တော့ သူ့နံဘေးမှာပြန့်ကြဲနေတဲ့ ကိရိယာပစ္စည်းတွေကို ရန်တွေ့ပါတော့တယ်။

"မင်းတို့က ငါ့အသားကို ထိရအောင် ဘာကောင်တွေလဲ။ မင်းတို့က ဘာကြောင့် ငါ့ကို အခုလို ဝိုင်းလုပ်ကြတာလဲ။ သတ္တိရှိရင် လာလေ။ ငါ့အကြောင်းသိမယ်"

သစ်လုံးက နံဘေးက ပစ္စည်းတွေကို တစ်ခုစီကြည့်ပြီး အော်ဟစ်ဆဲဆိုတယ်။ ဒါပေမဲ့ သူ့ကို ဘယ်သူမှ ဂရုမစိုက်တဲ့အခါ ပိုလို့ဒေါသဖြစ်ပြီး ပိုပြီးအော်ငေါက်ပစ်မိတယ်။

သူဘယ်လိုပဲ အော်ဟစ်ဆဲဆိုပေမယ့် နောက်တစ်နေ့ရောက်ရင် စူးချက်၊ စောက်ချက်တွေဟာ သူ့ကိုယ်ပေါ် အဆက်မပြတ်ကျလာပါတော့တယ်။

သူ အော်ဟစ်ဆဲဆိုလည်း ဘာမှထူးမလာတဲ့အခါမှာ သစ်လုံးဟာ သူတို့တွေက မသိကျိုးကျွံနဲ့ ဆက်ဆံပါတော့တယ်။ သူဘယ်လိုပဲ ဆက်ဆံဆက်ဆံ စူးတွေ၊ ဆောက်တွေ၊ တူတွေကတော့ သူတို့အလုပ်သူတို့လုပ်ကြတဲ့အတွက် သူ့ခမျာ နေ့စဉ်နေ့တိုင်း အဖွဲ့အရွဲ့ ခံရပါတယ်။

တစ်နေ့တော့ စူးတွေ၊ ဆောက်တွေကို မတွေ့တော့တဲ့အတွက် သူဝမ်းသာသွားတယ်။ ဒီဘဝက လွတ်ပြီဟေ့လို့ ကြုံးဝါးလိုက်ချိန်မှာပဲ

နောက်ထပ်ဒုက္ခတစ်ခုကို ထပ်မံကြုံတွေ့ပါတော့တယ်။

"အားပါး သေပါပြီ၊ အရေခွံတွေတော့ လန်ကုန်ပါပြီ"

ကော်ပတ်နဲ့ သူ့မျက်နှာမြင့်ကို ပွတ်တိုက်တဲ့အခါ သစ်ထုံးက အော်ဟစ်ညည်းတွားမိတယ်။ ဒါပေမဲ့ အရုပ်ကလေးတော်မဆိုးတော့ ခံနိုင်ရည်ရှိလာတယ်။

ပြောင်ချောသွားတဲ့ သူ့ကိုယ်ခန္ဓာပေါ်မှာ အရောင်တောင့်ဆီသုတ်လိမ်းပြီးတဲ့နောက် သူ့တစ်ကိုယ်လုံးကို အဝတ်နက်နဲ့ လွှမ်းခြုံထား လိုက်ပါတယ်။ နောက်တော့ သူ့ကို အဝတ်နက်ဖုံးပြီး တစ်နေရာကိုခေါ် သွားမှန်းသိပေမယ့် ဘယ်ကိုခေါ် သွားမှန်းတော့မသိဘူး။

သူရောက်ရှိသွားတဲ့နေရာမှာ လူသံတွေဆူညံနေတာကို သတိပြုမိလိုက်တယ်။ ခဏအကြာမှာ လူသံတွေ တိတ်ဆိတ်သွားတယ်။

"အခုအချိန်မှာ သူ့ရဲ့ကောင်းဗိမာန်ကို ဖွင့်လှစ်နိုင်ဖို့အတွက် သူ့ရဲ့ကောင်းဗိမာန် အထိမ်းအမှတ် သူ့ရဲ့ကောင်းရုပ်တုကို ဖွင့်လှစ်လိုက်ပါပြီခင်ဗျား"

ကျေညာသံအဆုံးမှာ သူ့ကိုယ်ပေါ် ကလွှမ်းခြုံထားတဲ့ အဝတ်နက်ကို ဖယ်ရှားပစ်လိုက်တယ်။


"အို... ဗံ"

လူတွေရဲ့နှုတ်ကထွက်လာတဲ့ အာမေဋိတ်သံမျိုးစုံကို သူကြားလိုက်ရတယ်။

"လက်ရာမြောက်လိုက်တာနော်။ တကယ့်သူ့ရဲ့ကောင်းတစ်ယောက်လိုပဲ"

"ဟုတ်ပါရဲ့ အသက်ဝင်လိုက်တာ၊ ကြည့်နေရင်းနဲ့ လှုပ်ရှားလာတော့မယ့် အတိုင်းပဲ"

သူ့ရဲ့ကောင်းဗိမာန်ဖွင့်ပွဲကို ရောက်ရှိလာသူတိုင်း သူ့ကိုကြည့်ပြီး ချီးမွမ်းသွားကြတယ်။ သူ့ကို ကြည့်မိသူတိုင်းရဲ့စိတ်မှာ သူ့ရဲ့ကောင်းတစ်ယောက်ရဲ့ ဝိညာဉ်ကို တွေ့ခဲ့ကြတယ်။



သူ့ကို ချီးမွမ်းသွားသူတိုင်းကို ပြောလိုက်မိတာက...

"တကယ်တော့ သူ့ရဲ့ကောင်းဆိုတာ..."

တစ်ခါတုံးက မြစ်ဝကျွန်းပေါ်က ရွာလေးတစ်ရွာမှာ ကောင်လေးတစ်ယောက်ရှိသတဲ့။ သူ့မိဘတွေဟာ သူငယ်ငယ်လေးကတည်းက သေဆုံးသွားတဲ့အတွက် သူနဲ့ ဆွေနီးမျိုးစပ်တော်သူတစ်ဦးက သူ့ကို ခေါ်ယူမွေးစားခဲ့တယ်။ သူ့ကို မွေးစားခဲ့သူက သူတို့နဲ့ အတူတူမနေစေဘဲ သူ့ကို အိမ်အနောက်မှာ တဲလေးထိုးပေးပြီး နေစေတယ်။

အဲဒီအိမ်မှာ သူက အစုံလုပ်ရပါတယ်။ ရေခပ်၊ ထင်းခွေကအစ လယ်ယာလုပ်ငန်းတွေ၊ ပြီးတော့ အိမ်မှာမွေးထားတဲ့ တိရစ္ဆာန်တွေကို အစာကျွေးတာအဆုံး အနားမရအောင်ကို အလုပ်လုပ်ရသတဲ့။ ကောင်လေးက သူ့ကို ခိုင်းသမျှအလုပ်တွေကို မညည်းမညူလုပ်ရှာတယ်။ ဒါပေမယ့် သူများအိမ်မှာ နေရတာဆိုတော့ သူဘယ်လောက်လုပ်ပေးလုပ်ပေး အိမ်ရှင်တွေက ကျေနပ်တယ်ဆိုတာ ဘယ်ရှိပါ့မလဲ။



# နာဂစ်ပုံပြင်

ရိုးရာထူး

ဒီလိုနဲ့ တစ်ညမှာ သူနေတဲ့အိမ်ကို သူခိုးဝင်ပြီး ဝပ်နေတဲ့ ဘဲငန်းကြီးကို ခိုးသွားပါတယ်။ ဘဲငန်းကို သူခိုးဝင်ခိုးတော့ အိမ်ရှင်က သူ့ကို ဆူပူကြိမ်းမောင်းပါတယ်။ ကျေနပ်လောက်အောင် ဆူပူအော်ငေါက်ပြီး သွားတဲ့အခါကျမှ ကျန်ရစ်ခဲ့တဲ့ ဘဲငန်းဥကြီးတစ်လုံးကို သူစားဖို့ပေးပြီး ညအခါ အိမ်စောင့်တာဝန်ကိုပါယူဖို့ တာဝန်ပေးပါတယ်။

ကောင်လေးဟာ သူ့ကိုပေးလိုက်တဲ့ ဘဲငန်းဥကို မစားရက်ဘဲ နွေးနွေးထွေးထွေးဖြစ်အောင်ထားပြီး အပူပေးသတဲ့။ သူ အဲဒီလိုလုပ်ပေးတဲ့အတွက် သိပ်မကြာခင်မှာဘဲ ဥကနေ အကောင်ပေါက်လာပါတယ်။ အကောင်ပေါက်လာတဲ့ ဘဲငန်းပေါက်လေးကို တွေ့တဲ့အခါ သူက သိပ်ပျော်သွားတယ်။ သူ့အတွက် အဖော်တစ်ယောက်ရလာသလို ခံစားရပါတယ်။

ဘဲငန်းကို သူ့တဲထောင့်တစ်နေရာမှာထားပြီး တဲပေါ်မှာ သူနဲ့ အတူအိပ်သတဲ့။ ဘဲငန်းကလည်း လိမ္မာတယ်။ သူကလာဆိုလာပြီး သွားဆိုသွားတတ်တယ်။ အစာဆာတဲ့အခါ သူ့ကိုလာဆွဲပြီး အစာတောင်းတတ်တယ်။ ဘဲငန်းက သူ့အတွက် စကားပြောစရာ၊ ဆော့ကစားစရာ အဖော်ဖြစ်လာခဲ့တယ်။

ဒီလိုနဲ့ သူအိပ်မောကျနေတဲ့ တစ်ညမှာ သူ့ကို ဘဲငန်းက လာဆိတ်တဲ့အတွက် လန့်နိုးသွားတယ်။ သူနိုးလာချိန်မှာပဲ တဝုန်းဝုန်းတဝေါဝေါမြည်သံကြီးကို ကြားလိုက်ရတယ်။ ပတ်ဝန်းကျင်တစ်ခုလုံး မည်းမှောင်ပြီး တစ်ချက်တစ်ချက် လျှပ်စီးလက်တဲ့အခါ လင်းသွားတယ်။ သူ့ခြေထောက်ကို ရေစိုသလိုဖြစ်တဲ့အတွက် အောက်ကိုငုံ့ကြည့်လိုက်တယ်။

အို ရေတွေကြီးနေတာပါလား။

လေမုန်တိုင်းတိုက်တာ ထင်ပါရဲ့။

ဒါ အိပ်မက်တော့ မဟုတ်နိုင်ဘူး။

ကောင်လေး ကပျာကယာထပြီးကြည့်လိုက်တဲ့အခါ ပတ်ဝန်းကျင်တစ်ခုလုံး ရေတွေချည်းပဲတွေ့လိုက်ရတယ်။ ကောင်လေးက ဘဲငန်းကို ပွေ့ချီပြီး ပြတင်းပေါက်ကနေခုန်ချလိုက်တယ်။ အောက်ရောက်တဲ့အခါ ရေစီးကြောင်းတစ်ခုထဲမျောပါသွားတယ်။ ကောင်လေးက ဘဲငန်း

ကိုဖက်ပြီး ရေစီးနောက် အလိုက်သင့်မျောပါသွားတဲ့အခါ သစ်ပင်တစ်ပင်ကို ဝင်တိုက်မိတာနဲ့ သစ်ပင်ပေါ် အတင်းဖက်တက်လိုက်တယ်။ ရေထပ်တက်လာချိန်မှာ ဘဲငန်းကိုချီပွေ့ပြီး အမြင့်ဆုံးသစ်ကိုင်းတစ်ခုပေါ် တက်နေလိုက်တယ်။ သူတို့ရဲ့အောက်မှာတော့ ရေတွေက တဝေါဝေါစီးပြီး ရေစီးနဲ့ပါလာတဲ့ အရာဝတ္ထုတွေက သစ်ပင်ကို ဝင်ဆောင့်တယ်။ ကောင်လေးဟာ တစ်ညလုံး သစ်ပင်ကို လက်တစ်ဖက်၊ ဘဲငန်းကို လက်တစ်ဖက်နဲ့ ဖက်ထားခဲ့တယ်။

မနက်မိုးလင်းသွားလို့ ရေကျသွားတဲ့အချိန်မှာ ကောင်လေးက သစ်ပင်ပေါ် ကဆင်းပြီး ရွာထဲကို လျှောက်ကြည့်တဲ့အခါ ဘယ်သူ့မှ မတွေ့ရတော့ စိတ်ပျက်လက်ပျက်နဲ့ သူနေထိုင်ရာ တဲငယ်ဆီပြန်ခဲ့တယ်။

"ဟဲ့ ကောင်လေး၊ မင်းလက်ထဲက ဘဲငန်းကို ပေးစမ်း"

သူနဲ့ မျက်နှာချင်းဆိုင်ကလျှောက်လာတဲ့ ရွာလူမိုက်ကြီးက သူ့လက်ထဲက ဘဲငန်းကို အတင်းလုယူပါတယ်။

"မလုပ်ပါနဲ့ဗျာ။ ဒီဘဲငန်းကြီးက ကျွန်တော့်အသက်ကိုကယ်ခဲ့တာပါ"



ရွာလူမိုက်ကြီး တွေကနဲဖြစ်သွားတယ်။

"ကဲ... ဒါဆို အမြန်လုပ်ကြရအောင်။ ငါ လိုက်ကြည့်ပြီးပြီ။ ရွာမှာ အသက်ရှင်သူဆိုလို့ မင်းနဲ့ငါပဲ ရှိတယ်။ စားစရာလည်း ဘာမှ မရှိတော့ဘူး။ အခု ငါတို့ လှေတစ်စင်းရှာပြီး မြို့ကိုသွားကြစို့"

ရွာလူမိုက်ကြီးနဲ့ ကောင်လေးတို့ဟာ လှေတစ်စင်းရှာပြီး သူတို့ ရွာနဲ့ အနီးဆုံးမြို့ကို လှော်ခတ်သွားကြတယ်။ မြို့ကိုရောက်တဲ့အခါမှာ တော့ ဘာမှစဉ်းစားမနေတော့ဘဲ ဘုရားကျောင်းရှိရာဆီ တန်းသွားခဲ့ကြ တယ်။

ဘုရားကျောင်းထဲမှာ ဒုက္ခသည်တွေက အပြည့်ပဲ။ ဒါပေမဲ့ သူ တို့ရောက်သွားတဲ့အခါ သူတို့အတွက် နေစရာတစ်နေရာ ပေးကြတယ်။ အသင်းသူ၊ အသင်းသားတွေက စားစရာ၊ ဆေးဝါး၊ အဝတ်အစား၊ အ သုံးအဆောင်စတဲ့ သူတို့မှာ ရှိတဲ့ဟာတွေကို လာပြီးပေးလှူကြတယ်။ နောက်တော့ တခြားမြို့ကြီးကလူတွေဟာ ကားကြီးတွေနဲ့ ရောက်လာကြ ပြီး သူတို့ကို အစားအသောက်တွေ၊ ဆေးဝါးနဲ့ အသုံးအဆောင်ပစ္စည်း တွေ လာရောက်ပေးကမ်းကြတယ်။

ညရောက်တဲ့အခါ ဒုက္ခသည်တွေ စုပေါင်းဝတ်ပြုကိုးကွယ်ကြ တယ်။ ဝတ်ပြုဆုတောင်းပြီးသွားတဲ့အခါမှာ မျက်လုံးတွေကကြောင်နေ ပြီး အိပ်လို့မရ။ မိုးသံ၊ လေသံတွေကြားရတဲ့အခါ၊ မိုးရိပ်လေရိပ်မြင်ရတဲ့ အခါတွေမှာ ကြောက်လန့်စိတ်က အလိုလိုဝင်လာတယ်။

တစ်နေ့တော့ ရွာလူမိုက်ကြီးနဲ့အတူ သင်းအုပ်ဆရာကြီးနဲ့ လူ စိမ်းတစ်ဦးတို့ဟာ ကောင်လေးရှိရာရောက်လာခဲ့တယ်။ ကောင်လေးကို မွေးစားပြီး ကျောင်းထားပေးမယ့်အကြောင်းကို ရှင်းပြကြတယ်။ ကောင် လေးက ရွာလူမိုက်ကြီးရဲ့ အဆုံးအဖြတ်ကို ခံယူမယ်လို့ ပြောလိုက်တယ်။

"မင်းလိုက်သွားတာ ကောင်းပါတယ်။ အခုနေ မင်း ရွာကို ပြန် လိုက်လို့လည်း ဘာမှထူးမှာ မဟုတ်ဘူး။ အားလုံး ပျက်စီးကုန်ပြီ။ ငါက တော့ ရွာကိုပြန်ပြီး သန့်ရှင်းရေးတွေလုပ်ရမယ်။ ပြန်လည်ထူထောင်ရေး လုပ်ငန်းတွေလုပ်ဖို့ အကူအညီပေးတဲ့ အဖွဲ့တွေနဲ့ ပြန်လိုက်သွားမယ်။ မင်းပညာတတ်ကြီးဖြစ်လာတဲ့တစ်နေ့မှ ရွာကို ပြန်ခဲ့ပေါ့"

ကောင်လေးဟာ သူ့ကို မွေးစားမယ့်လူကြီးနောက်ကို လိုက်သွားခဲ့တယ်။ ဟိုရောက်တော့ သူ့ကို ပညာသင်ပေးပါတယ်။ သူက လေးတန်းနဲ့ ကျောင်းထွက်ခဲ့ရတာမို့ ဟိုရောက်တော့ လေးတန်းက စတက်ရတယ်။ အတန်းထဲမှာ သူက အသက်အကြီးဆုံးပဲ။ ဒါကို သူက မရှက်ပါဘူး။ ဟုတ်တယ်လေ။ စာညံ့လို့မှ မဟုတ်ဘဲ၊ ဘဝပေးကြောင့်မို့သာ အသက်ကကြီးပြီး အတန်းက ငယ်နေတာ မဟုတ်လား။

ဆယ်တန်းအောင်တဲ့နှစ်မှာပဲ ကောင်လေးဟာ ရွာကိုပြန်ခဲ့ပြီး လစ်လပ်နေတဲ့ ကျောင်းဆရာအလုပ်ကို ဝင်လုပ်ပါတယ်။ တက္ကသိုလ်ပညာရေးကိုတော့ အဝေးသင်နဲ့ ဆက်ဖြေခဲ့တယ်။

အခုအချိန်မှာတော့ ကောင်လေးတို့ ရွာလေးဟာ ပြန်လည်စိုပြေလာပြီး နာဂစ်မုန်တိုင်းကြောင့် ရခဲ့တဲ့ ဒဏ်ရာတွေဟာလည်း ကျက်သလောက်ဖြစ်နေပါပြီ။

ကောင်လေးနဲ့ တွေ့ချင်ရင်တော့ ဘဲငန်းတွေအများကြီးမွေးထားတဲ့ မူလတန်းကျောင်းအုပ်ကြီးလို့ ပြောလိုက်ရင် အဲဒီနယ်မှာ မသိသူမရှိသလောက်ပါပဲ။ နောက်ပြီး ရွာလူမိုက်ကြီးဟာလည်း အခုတော့ ပြောင်းလဲသွားပြီး ရွာလူကြီးတစ်ယောက်အဖြစ် ရပ်ရွာအကျိုးတွေ သယ်ပိုးဆောင်ရွက်နေပါတယ်။

ဟုတ်တယ်လေ။ လူတစ်ယောက်ဟာ တစ်ချိန်လုံးတော့ ဘယ်လိုလုပ်ဆိုးနေ၊ မိုက်နေနိုင်မှာလဲ။ တစ်ချိန်မှာ ပြောင်းလဲသွားနိုင်တာပဲ မဟုတ်လား။

◆◆

တစ်ခါတော့ ခရစ်စမတ်ရာသီ တစ်ခုမှာ ဥရောပကလာတဲ့ ခရစ်စမတ် သစ်ပင်တစ်ပင်ရယ်၊ တရုတ်ပြည်ကလာ တဲ့ ရောင်စုံမှိတ်တုတ်မှိတ်တုတ် ဖိုမ မီး သီးတစ်စုံရယ်၊ ထိုင်းကလာတဲ့ ပန်းစက္ကူ လိပ်ကလေးတစ်လိပ်ရယ်ဟာ စူပါမား ကတ်ကြီးတစ်ခုမှာ တွေ့ဆုံခဲ့ကြတယ်။

တွေ့တွေ့ချင်းပဲ သူတို့တွေဟာ ခရစ်တော်အားဖြင့် မောင်နှမတွေပဲဆိုပြီး ခင်မင်ရင်းနှီးသွားကြသတဲ့။



# ခရစ်စမတ်ပုံပြင်

**ရိုးရာထူး**

ခရစ်စမတ်ရာသီဆိုတော့ ကုန်တိုက်ကြီးဟာ ဈေးဝယ်လာသူတွေနဲ့ စည်ကားနေပါတယ်။ ကုန်တိုက်ကြီးမှာ ခရစ်စမတ်တေးသံသာတွေနဲ့ စည်ဝေနေပြီး ပြောင်ပြောင်လက်လက် အလှဆင်ပစ္စည်းတွေနဲ့ အလှဆင်ထားပါတယ်။ စူပါမားကတ်ထဲ ဝင်လာတဲ့သူတွေဟာလည်း အဝတ်အစားအသစ်တွေ ဝတ်ဆင်ထားပြီး တစ်ကိုယ်လုံး ပြင်ဆင်ခြယ်သထားတာမို့ မြင်သမျှ တွေ့သမျှဟာ လှချင်တိုင်းလှနေတော့တာပဲ။

သစ်ပင်ရယ်၊ မီးသီးရယ်၊ ပန်းစက္ကူရယ်ဟာ ဝင်လာသမျှလူအားလုံးကို လိုက်ငေးနေမိတယ်။

"အော်. . ခရစ်စမတ်၊ ခရစ်စမတ်"

ခရစ်စမတ်သစ်ပင်ရဲ့ လေးတွဲ့တွဲ့အသံကြောင့် မီးသီးမောင်နှံဟာ မျက်လုံးတစ်ဖျက်ဖျက်ခတ်သွားတယ်။

"ဘာတွေများ တရားရနေတာတုံး" လို့ ပန်းစက္ကူက မေးလိုက်တယ်။

"ဟိုမှာ မတွေ့ဘူးလား"

ခရစ်စမတ်သစ်ပင် ညွှန်ပြရာကို သူတို့အားလုံးကြည့်လိုက်ကြတယ်။

"စန်တာကလော့စ်ကိုပြောတာလား"

"အင်းလေ။ လူတွေကို ကြင်နာသနားပြီး လက်ဆောင်တွေပေးတတ်တဲ့ သူတော်စင် စိန့်နီကိုလပ်စ်ကို အမှတ်ရတဲ့အနေနဲ့ ခရစ်စမတ်အချိန်ရောက်ရင် သူ့လိုဝတ်ဆင်ပြီး လူတွေကို လက်ဆောင်ပစ္စည်းတွေပေးခဲ့ကြတယ်။

အခုတော့ ကြည့်ပါဦး။ လူတွေကို လက်ဆောင်တွေပေးတဲ့ ခရစ်စမတ်ဘိုးဘိုးက ဈေးရောင်းကောင်းအောင် လူတွေကို ဈေးဝယ်ကြဖို့ မြှူဆွယ်နေပြီ"

သူတို့အားလုံး သက်ပြင်းရှိုက်လိုက်ကြတယ်။

ခရစ်စမတ် ကံစမ်းမဲတဲ့၊ အထူးလျှော့ဈေးတဲ့၊ အပိုဆုလက်ဆောင်တဲ့. . .၊

ခရစ်စမတ်အချိန်မှာ တီထွင်ဆန်းသစ်လိုက်တဲ့ ဈေးရောင်းနည်း

တွေလေ။

"ခရစ်စမတ် အမိပ္ပာယ်တော့ အရင်အတိုင်း မပြောင်းလဲပါစေနဲ့လို့ပဲ ဆုတောင်းရတော့မှာပေါ့"

ပန်းစက္ကူက မဝံ့မရဲပြောရှာတယ်။

သူတို့အားလုံး ငြိမ်သက်သွားကြတယ်။

"ဟိုးအရင်ကဆိုရင် . . ."

ခရစ်စမတ်သစ်ပင်က ဟိုအရင်တုံးက ကျင်းပခဲ့ကြတဲ့ ခရစ်စမတ်အကြောင်းကိုပြောလိုက်တဲ့အခါ ကျန်တဲ့သူတွေကလည်း သူတို့ကြုံတွေ့ခဲ့ဖူးတဲ့ ခရစ်စမတ်အကြောင်းတွေကို ဝိုင်းပြောကြတယ်။

ဒီလိုနဲ့စကားကောင်းသွားလိုက်ကြတာ သူတို့တိုင်းပြည်ကို ခရစ်စမတ်သတင်းကောင်းရောက်ရှိလာခဲ့ကြပုံတွေအထိ ရောက်သွားကြတယ်။ သူတို့ စကားကောင်းနေချိန်မှာပဲ အရောင်းစာရေးမလေးက ခရစ်စမတ်သစ်ပင်ကို ဆွဲထုတ်လိုက်ပြီး ဝယ်သူတစ်ဦးကို ပြလိုက်တယ်။

ခွဲခွာရတော့မှာကိုသိလိုက်တဲ့အတွက် ခရစ်စမတ်သစ်ပင်က ကျန်ခဲ့တဲ့ အဖော်တွေကို ဝမ်းနည်းစွာလက်ပြနှုတ်ဆက်လိုက်တယ်။

ဒီအချိန်မှာပဲ အရောင်းစာရေးမလေးက ရောင်စုံမီးသီး စုံတွဲကိုဆွဲထုတ်ယူပြီး ဝယ်သူကို ပြပြန်တယ်။ ဝယ်သူက သဘောကျသွားပြန်တယ်။ ဒါနဲ့တင်ရပ်မသွားဘဲ အရောင်းစာရေးမလေးက ရောင်စုံပန်းစက္ကူထုပ်ကိုပါ ထုတ်ပြလိုက်တယ်။ ဝယ်သူက ဝမ်းသာသွားပြီး သူတို့အားလုံးကို တစ်စုတစ်စည်းတည်း ဝယ်ယူသွားပါတယ်။

❧❧

စင်မြင့်တစ်ခုပေါ်မှာ သူတို့ကို အလှဆင်ထားပါတယ်။

ဟုမ်းခရစ်စမတ်တဲ့။ အိမ်တစ်အိမ်မှာလုပ်တဲ့ ခရစ်စမတ်ပေါ့။

ခြံဝင်းထဲမှာ စားပွဲတွေခင်းကျင်းထားပြီး မီးရောင်စုံတွေ၊ ပန်းစက္ကူတွေနဲ့ အလှဆင်ထားပါတယ်။

သူတို့တွေဟာ အိမ်ခရစ်စမတ်ဆိုတာကြီးကို အထူးအဆန်းဖြစ်နေတယ်။ ခါတိုင်း ခရစ်စမတ်တွေဆို ဘုရားကျောင်းတွေမှာပဲ ကျင်းပကြတာ မဟုတ်လား။ အခုလို ခရစ်စမတ်ကို အိမ်တွေမှာ လုပ်ကြရင်



ဘုရားကျောင်းမှာ လူရှိပါ့ဦးမလား။ သူ့အိမ်၊ ကိုယ့်အိမ် အပြိုင်အဆိုင် လုပ်ကြရင်း ဘုရားကျောင်းမှာကျင်းပတဲ့ ခရစ်စမတ်ဟာ စည်နိုင်ပါ့ဦးမလား။

ခေတ်ကာလပဲလေ။ ဘာတတ်နိုင်မလဲ။ မိသားစုအားလုံး စုံညီစွာနဲ့ ကျင်းပခဲ့ကြတဲ့ အတိတ်က ခရစ်စမတ်ကိုလွမ်းနေရုံကလွဲလို့ ဘာပြောနိုင်ဦးမှာလဲ။

ဝင်းခြံထဲမှာ ဝတ်ကောင်းစားလှဝတ်ထားတဲ့ ဧည့်ပရိသတ်တွေ တဖြည်းဖြည်းများလာတဲ့အခါမှာတော့ အိမ်ခရစ်စမတ်ကို စတင်ပါတယ်။ လာတဲ့လူတိုင်းအတွက် အဖျော်ယမကာက အလျှံပယ်။ တက်ရောက်လာသူတိုင်းကလည်း အိမ်ရှင်အတွက် ခရစ်စမတ်လက်ဆောင်တွေပါးပြီး ဆုမွန်ကောင်းတွေတောင်းပေးကြတယ်။

ကြွရောက်လာကြတဲ့ ဂုဏ်အသရေရှိ ဧည့်ပရိသတ်တွေဟာ စင်ပေါ်ကို တစ်ယောက်ပြီးတစ်ယောက် တက်လာကာ သီချင်းတွေ သီဆိုကြတယ်။ ဆိုတဲ့သီချင်းတွေကလည်း ပေါင်းစုံပဲ။ လူတွေဟာ ညနက်လာလေ ယိမ်းထိုးလာလေ၊ စကားသံတွေ ဆူညံလာလေပဲ။ သီချင်းဆိုသူကဆို၊ စကားပြောသူကပြောနဲ့ ဝင်းခြံတစ်ခုလုံး ဆူညံနေပါတယ်။ ဒါကို သူတို့က အလွန်ပျော်ဆိုပဲ။

အဲဒီလို ပျော်နေတုန်းမှာပဲ ဝင်းခြံတစ်နေရာက မီးခိုးတွေ အူထွက်လာတယ်။ ဝါယာရှော့ဖြစ်လို့ပဲလား၊ စားပွဲပေါ်မှာ ထွန်းထားတဲ့ ဖယောင်းတိုင်ကို တိုက်မိရာက မီးစွဲသွားတာပဲလားတော့ မသိဘူး။ လူတွေ ဝရုန်းသုန်းကားဖြစ်ကုန်တယ်။ ရုတ်တရက်ဆိုတော့ ဘာလုပ်ရမှန်း မသိဖြစ်သွားတဲ့အတွက် မီးခိုးတွေလည်းပိုပြီး အူထွက်လာတယ်။ မီးတွေ ငြိမ်းသွားတဲ့အတွက် ဝင်းခြံတစ်ခုလုံး မှောင်ကျသွားတယ်။

အဲဒီအချိန်မှာ ခြူသံလွင်လွင်လေးကို ခရစ်စမတ်သစ်ပင်တို့အဖွဲ့က ကြားလိုက်ကြတယ်။ ခဏအကြာမှာ သမင်တွေဆွဲတဲ့ စွတ်ဖားလှည်းတစ်စီးဟာ သူတို့အရှေ့ ဆိုက်ရောက်လာတယ်။ စွတ်ဖားလှည်းပေါ်က ဆန်တာကလော့စ်ဆင်းလာပြီး ခရစ်စမတ်သစ်ပင်ရယ်၊ ရောင်စုံမီးလုံးတွေ

ရယ်၊ ပန်းစက္ကူရယ်ကိုဖြတ်သိမ်းပြီး လှည်းပေါ်ပြန်တက်သွားတယ်။

လှည်းပေါ်မှာ ကလေးငယ်လေးတွေလည်း ပါလာကြတယ်။ ဆန်တာကလော့စ်က စွတ်ဖားလှည်းကို မောင်းထွက်လိုက်တဲ့အခါ ကလေးငယ်လေးတွေက ခရစ်စမတ်သီချင်းတစ်ပုဒ်ကို သံပြိုင်သီဆိုလိုက်ကြတယ်။

သူတို့ဟာ တစ်တောပြီးတစ်တော၊ တစ်တောင်ပြီး တစ်တောင် ကျော်ဖြတ်ခဲ့ကြရာက တစ်နေရာအရောက်မှာ ရပ်တန့်သွားတယ်။ သူတို့ရှေ့မှာ ဂူတစ်လုံးကို တွေ့ရတယ်။ သူတို့ရောက်သွားတဲ့အခါ မာဂုပညာရှိကြီးတွေနဲ့ သိုးထိန်းတွေက သူတို့ကို ဝမ်းမြောက်ဝမ်းသာ ကြိုဆိုကြတယ်။ ဂူထဲကိုဝင်သွားတဲ့အခါ မယ်တော်မာရိ၊ ယောသပ်နဲ့ သူငယ်တော်ယေရှုကို တွေ့လိုက်ရတယ်။ ကလေးငယ်လေးတွေဟာ သူတို့ယူလာကြတဲ့ လက်ဆောင်တွေကို သူငယ်တော်ယေရှုကို သွားပေးကြတယ်။ နွားစားခွက်ထဲက သူငယ်တော်လေးဟာ သူတို့တွေကို ပြန်ပြီးပြုံးပြပါတယ်။

ဒီအချိန်မှာပဲ ဖြွန်းဆို ဂူတစ်ခုလုံးလင်းထိန်သွားတယ်။ သူတို့အားလုံး ဂူအပြင်ကို ထွက်ကြည့်ကြတဲ့အခါ ထူးဆန်းတောက်ပတဲ့ ကြယ်ကြီးတစ်လုံးကို တွေ့လိုက်ရတယ်။ ကောင်းကင်မှာ ကောင်းကင်တမန်တွေထွက်ပေါ်လာတယ်။

သူတို့ ကြည့်နေချိန်မှာ ကောင်းကင်တမန်တွေက ဝမ်းမြောက်ဖွယ်သီချင်းတစ်ပုဒ်ကို သံပြိုင်သီကျူးကြတဲ့အတွက် သူတို့တွေလည်း ကောင်းကင်တမန်တွေနဲ့အတူ လိုက်ဆိုကြတယ်။



သူတို့ သံပြိုင်သီဆိုလိုက်ကြတဲ့ သီချင်းသံဟာ ကမ္ဘာမြေတစ်ပြင်လုံးကို လွှမ်းခြုံသွားပါတော့တယ်။

“ကောင်းကင်ဘဝဂ်ဝယ်. . . .
ဘုရားသခင်သည် ဘုန်းကြီးတော်မူစေသတည်း။
မြေကြီးပေါ်၌လည်း. . . .
ငြိမ်သက်ခြင်းရှိစေသတည်း။
လူတို့တွင်. . .
မေတ္တာကရုဏာရှိစေသတည်း”



## ကြောက်တတ်တဲ့
# ကောင်လေး

ရိုးရာထူး

တစ်ခါတော့ ရွာသူကြီးတစ်ယောက်မှာ သားယောကျ်ားလေးတစ်ယောက် ဖွားမြင်သတဲ့။ သူကြီးဟာ သားယောကျ်ားလေးဖွားမြင်တဲ့အတွက် အားကိုးစရာ သားတစ်ယောက်တော့ ရပြီဆိုပြီး အလွန်ပျော်ရွှင်သလို သားအတွက် မျှော်လင့်ချက်တွေလည်း အများကြီးထားခဲ့ပါတယ်။

တစ်နေ့မှာ သူ့လိုပဲ ရွာကို ဦးဆောင်ဦးရွက်ပြုမယ့်သူတစ်ဦး ဖြစ်စေရမယ်လို့လည်း ဆုံးဖြတ်ခဲ့သတဲ့။ သူ့သားငယ်လေး ကြီးပြင်းလာတာနဲ့အမျှ သူ့ရဲ့စိတ်ကူး၊ မျှော်လင့်ချက်တွေဟာ တစ်စတစ်စ ပျောက်ဆုံးသွားရသတဲ့။ သူ့သားဟာ ကိုယ်လက်အင်္ဂါအစုံအလင်နဲ့ သန်သန်မာမာ ထွားထွားကြိုင်းကြိုင်း ကလေးတစ်ယောက်အဖြစ် ကြီးပြင်းလာပေမယ့် အင်မတန်ကြောက်တတ်တဲ့ ကောင်လေးဖြစ်နေသတဲ့ကွယ်။

ဒါက ငယ်တုန်းမို့ဖြစ်တာနေမယ်လို့ ထင်ပေမယ့် ကြီးလာတဲ့အခါမှာလည်း ကြောက်တဲ့စိတ်က ပျောက်မသွားဘဲ ပိုလို့တောင် ဆိုးလာသတဲ့။

သူက သူများကလေးတွေလို ခရေထဲလည်း မဆင်းရဲ၊ တောထဲလည်း မသွားရဲနဲ့ ညအခါ မှောင်ပြီဆိုရင် ကြောက်လွန်းလို့ အိမ်အောက်တောင် မဆင်းရဲဘူးတဲ့ကွယ်။ သူ့သား အကြောက်ကြီးပုံကိုကြည့်ပြီး သူကြီးခမျာ အလွန်စိတ်ပျက်သွားတယ်။ လူတွေစုံလို့ ကိုယ့်သားသမီးအကြောင်း အမွှန်းတင် ပြောဆိုကြတဲ့အခါ သူ့မှာ သားရှိတယ်ဆိုတာတောင် သူများကို မသိစေချင်တော့လောက်အောင်အထိပဲတဲ့။

သူ့သားဟာ အလွန်အကြောက်ကြီးပေမယ့် ဉာဏ်အလွန်ကောင်းတာကိုပဲ သူကြီးခမျာ စိတ်ဖြေစရာရှိခဲ့တယ်။ သူ့သားက ကြောက်တတ်ပေမယ့် အရွယ်နဲ့မလိုက်အောင် ဉာဏ်ကောင်းပြီး သင်ပေးသမျှကို အလွယ်တကူ တတ်မြောက်ပါတယ်။ ဒါပေမယ့် သတ္တိမရှိတော့ သူတတ်ထားတဲ့ ပညာတွေကို အသုံးပြုလို့မရဘဲဖြစ်နေတယ်။

ဒီလိုနဲ့ တစ်နေ့တော့ သူကြီးဟာ တောထဲမှာ အမဲလိုက်ရင်း ပျောက်သွားသတဲ့။ ရွာမှာရှိတဲ့ မုဆိုးတွေဟာ သူကြီးကို တောအနှံ့တောင် အနှံ့ရှာကြပေမယ့် မတွေ့ကြဘူး။ မုဆိုးတွေ သူကြီးကို ရှာမတွေ့တဲ့အခါ ရွာမှာရှိတဲ့ သူရဲကောင်းတွေဟာ သူကြီးကို အရှာထွက်ကြပြန်တယ်။

ရွာအကြီးအကဲတစ်ယောက် အခုလိုပျောက်ဆုံးသွားတာဟာ တစ်ရွာလုံးနဲ့သက်ဆိုင်သလို ဘာမှန်းမသိရဘဲ ပျောက်ဆုံးသွားခဲ့တာဟာ ရွာအတွက် ရှက်စရာတစ်ခုအဖြစ် ခံယူထားကြတယ်။ ဒါကြောင့် သူရဲကောင်းတွေဟာ သူကြီးကို မတွေ့တွေ့အောင်ရှာဖို့ ဆုံးဖြတ်ပြီး တော

ထဲမှာ ရှာကြသလို အခြားရွာတွေမှာလည်း သူကြီးသတင်းကို စုံစမ်းကြသတဲ့။

အခုလို တစ်ရွာလုံး တက်ညီလက်ညီနဲ့ မအိပ်နိုင် မစားနိုင် အပူတပြင်း သူကြီးကို ရှာဖွေနေကြတာကိုကြည့်ပြီး သားဖြစ်သူကလည်း အဖေ့အတွက် စိတ်ပူလာသတဲ့။ ဒါပေမယ့် သူ့ကို ဘယ်သူကမှ လူရာမသွင်းကြဘူး။

အခုလို အရေးအကြောင်းကြုံတဲ့အခါ ရွာလူကြီးတွေ၊ သူရဲကောင်းတွေဟာ ရွာလယ်မှာရှိတဲ့ အစည်းအဝေးခန်းမမှာ စုရုံးတိုင်ပင်ဆွေးနွေးလေ့ရှိတယ်။ အဲဒီခန်းမထဲကို သူရဲကောင်းတွေသာ ဝင်ရောက်ခွင့်ရှိပြီး သာမန်ကျေးရွာသူ၊ ကျေးရွာသားတွေကို ဝင်ရောက်ခွင့် မပြုဘူး။ အစည်းအဝေးခန်းမထဲ ဝင်ရောက်ခွင့် မရတဲ့အတွက် သူကြီးသားဟာ သူ့ကိုယ်သူ အားမလိုအားမရဖြစ်မိတယ်။

ရွာရဲ့ ထုံးစံအရ သူရဲကောင်းတစ်ယောက်ဖြစ်ဖို့အတွက် ကောင်းကင်ငှက်တို့ရဲ့ဘုရင် သိမ်းငှက်တစ်ကောင်ရဲ့အတောင်၊ ခွန်အားကြီးတဲ့ တောဝက်အစွယ်နဲ့ လျှင်မြန်ဖြတ်လတ်တဲ့ ကျားသစ်ရေကို ကိုယ်တိုင်ရှာဖွေရယူဖို့လိုပါတယ်။

လူအများ တိုင်ပင်ဆွေးနွေးကြပြီး ကိုယ်စီကိုယ်င တာဝန်ကိုယ်စီယူနေကြတာကိုကြည့်ပြီး သူကြီးသားက သူ့ကိုယ်သူရှက်လာတယ်။ သူ့အတွက် ပုန်းစရာ နေရာတောင် မရှိသလိုထင်လာတယ်။ နောက်ဆုံးသေချင်သေပါစေဆိုပြီး ဖခင်ဖြစ်သူရဲ့ ဒူလေးကိုစွဲကာ တောထဲကို တစ်ယောက်ထဲဝင်သွားတယ်။

တောထဲရောက်တဲ့အခါ ဖခင်ဖြစ်သူ သင်ပြပေးခဲ့တဲ့ အမဲလိုက်ပညာကို လက်တွေ့ကျင့်သုံးပြီး တောဝက်တစ်ကောင်ကို ပစ်နိုင်ခဲ့တယ်။ အဲဒီနေ့မှာပဲ သိမ်းငှက်တစ်ကောင်ကိုပါ ရလိုက်တယ်။ ညရောက်တော့ ရွာကို မပြန်တော့ဘဲ လင့်စင်ထိုးပြီး ကျားသစ်ချောင်းပါတယ်။ အဲဒီညမှာပဲ ကျားသစ်တစ်ကောင်ကို ရခဲ့တယ်။

နောက်တစ်နေ့မှာတော့ ဦးခေါင်းမှာ သိမ်းငှက်အတောင်ကို တပ်၊ လည်ပင်းမှာ တောဝက်စွယ်ကို ဆွဲပြီး ခါးမှာ ကျားသစ်ရေကို ဆင်



မြန်းကာ သူရဲကောင်းတစ်ယောက်အသွင်နဲ့ ရွာကို ပြန်ခဲ့ပါတယ်။ ရွာပြန်ရောက်တဲ့အခါ အိမ်ကို မဝင်တော့ဘဲ ရွာလယ်က ခန်းမဆီ တန်းသွားတယ်။

သူရဲကောင်း အဆင်အယင်နဲ့ သူ့ကို မြင်ကြတဲ့အခါ ခန်းမထဲမှာ ထိုင်နေကြတဲ့ သူရဲကောင်းတွေက တလေးတစားနဲ့ ကြိုဆိုနေရာပေးတယ်။ လူအားလုံးစုံတဲ့အခါ လုပ်ဆောင်ရမယ့် တာဝန်တွေကို ခွဲပေးပါတယ်။

သူ့ကိုတော့ နယ်ခြားတောင်မှာ ရှာဖွေဖို့ တာဝန်ပေးတယ်။ နယ်ခြားတောင်ဆိုတာက သူတို့ရွာထုံးစံအရ ရွာတည်တဲ့အခါ လူနေတဲ့ အပိုင်းနဲ့ နတ်နေတဲ့အပိုင်းဆိုပြီး တောင်နဲ့ ပိုင်းခြားသတ်မှတ်ထားတယ်။ အဲဒီနယ်ခြားတောင်ကို နတ်ပူဇော်ပသစရာရှိတဲ့အခါမျိုးမှ နတ်ဆရာတွေသာ သွားကြတယ်။ အခုတော့ သူ့ကို နယ်ခြားတောင်ပေါ် တက်ခွင့်ပြုခဲ့ပါပြီ။ သူ့ကိုပေးအပ်လိုက်တဲ့ တာဝန်ကို ပျော်ရွှင်စွာလက်ခံရယူပြီး ဖခင်ကို ရှာပုံတော်ဖွင့်ပါတော့တယ်။

နယ်ခြားတောင်ပေါ်တက်လိုက်တယ်ဆိုရင်ပဲ သူ့စိတ်ထဲမှာ တစ်မျိုးကြီးခံစားလိုက်ရတယ်။ တောင်ပေါ်ကို သတိကြီးစွာထားတက်ရင်း ပတ်ဝန်းကျင်ကို စေ့စေ့စပ်စပ်ကြည့်ရှုလိုက်တဲ့အခါ လမ်းတစ်လျှောက် ထောင်ချောက်တွေ ဆင်ထားတာကို တွေ့လိုက်ရတယ်။

ဘယ်သူတွေက ဒီထောင်ချောက်တွေကို ဆင်ထားတာလဲ။ သူ့ဖခင်ကို ရန်ပြုခဲ့သူတွေလား။

သူ့ခြေလှမ်းတွေကို ပိုပြီးသတိထား လှမ်းလိုက်တယ်။ ခြေလှမ်း

မှန်မှန်လျှောက်လာရင်းက ရုတ်တရက်ခုန်ထွက်လိုက်တဲ့အခါ သစ်ပင်ပေါ်ကနေ သူ့ကိုခုန်အုပ်လိုက်သူဟာ ကားယားပြုတ်ကျလာတယ်။ သူလွတ်သွားမှန်းသိတာနဲ့ အဲဒီလူဟာ သူ့ကိုကျော်ပြေးပါတော့တယ်။

သူလည်း ထွက်ပြေးသွားတဲ့လူနောက်ကို အလျှင်အမြန်လိုက်သွားတယ်။ သူ့ရှေ့ကလူက ပြေးရင်းနဲ့ ဂူတစ်လုံးထဲ ဝင်ပြေးသွားတယ်။ သူက ဓားကို အသင့်အနေအထားကိုင်ရင်း ဂူထဲကို လှမ်းဝင်လိုက်တယ်။ ဂူထဲက လှုပ်ရှားသံတွေကို ကြားလိုက်တဲ့အတွက် ဂူနံရံဘက်ကပ်လိုက်တဲ့အချိန်မှာပဲ ဂူတစ်ခုလုံး လင်းထိန်သွားပါတယ်။

ဂူအလယ်မှာ စားပွဲတစ်လုံးချထားတယ်။ စားပွဲထိပ်တစ်ဖက်မှာတော့ သူ့ဖခင်က ထိုင်နေပါတယ်။ သူ့ဖခင်ရဲ့ နံဘေးမှာ ရွာအကြီးအကဲတွေနဲ့ သူရဲကောင်းတွေ ဝိုင်းထိုင်နေတယ်။

"အခု အစီအစဉ်အားလုံးကို အဖေ ရေးဆွဲခဲ့တာပဲ။ မင်း ဘာလုပ်မလဲဆိုတာ သိချင်လို့ ရွာမှာရှိတဲ့ အကြီးအကဲတွေနဲ့ တိုင်ပင်ပြီး လုပ်ခဲ့တာပါ"

ဖခင်ဖြစ်သူဟာ သူ့သားကို ရှင်းပြပြီးတဲ့အခါ ရွာအကြီးအကဲတွေ၊ သူရဲကောင်းတွေဖက်လှည့်ပြီး မေးခွန်းထုတ်လိုက်တယ်။

"ကြောက်တတ်တဲ့ ကျွန်တော့်သားက ဘာကြောင့် မကြောက်တော့ဘဲ ကျွန်တော့်ကို လိုက်ရှာတာလဲ"

"သူ့ဖခင်မို့လို့ပေါ့"

"သူ့မှာ တာဝန်ရှိလို့ပါ"

ရွာအကြီးအကဲတွေဆီက ထွက်ပေါ်လာတဲ့ အဖြေစကားကို ကြားရတဲ့အခါ သူကြီးဟာ နှစ်နှစ်ခြိုက်ခြိုက်ပြုံးလိုက်တယ်။

"ဟုတ်တယ်။ ကျွန်တော်တို့အားလုံးမှာ အဲဒီစိတ်ထားရှိဖို့လိုတယ်။ ကျွန်တော် သူကြီးလုပ်ခဲ့တဲ့ သက်တမ်းတစ်လျှောက်မှာ တစ်ခါတလေ အခက်အခဲတွေကြုံလာတဲ့အခါ ကျွန်တော် ရင်မဆိုင်ဘဲ ထွက်ပြေးလိုက်ချင်တယ်။ ကိုယ်နဲ့မဆိုင်သလို သဘောထားလိုက်ချင်တယ်။ ဒါပေမဲ့ တစ်ခါမှ ကျွန်တော် ထွက်မပြေးခဲ့ဘူး။ မဆိုင်သလို မနေခဲ့ဘူး။

အဲဒါဘာကြောင့်လဲဆိုတော့ အဲဒီ အသိစိတ်ကြောင့်ပဲ။ ပြဿ

နာတွေကိုရင်ဆိုင်ဖို့ သူကြီးတစ်ယောက်အနေနဲ့ ကျွန်တော့်မှာ တာဝန်ရှိတယ်လို့ ခံယူတယ်။ ရွာသူ၊ ရွာသားတွေကို ကျွန်တော့်ရဲ့ သားသမီးတွေ၊ သွေးသားတွေလို့ ခံယူတယ်။ ဒါကြောင့် ရွာရဲ့ အကြီးအကဲ၊ ခေါင်းဆောင်၊ သူရဲကောင်းတွေဟာ ရွာသူ၊ ရွာသားတွေကို သားသမီးလို သဘောထားပါ၊ တာဝန်ယူကြပါလို့ ပြောချင်ပါတယ်"

အဲဒီနေ့မှာပဲ သူကြီးသားကို သူရဲကောင်းတစ်ယောက်အဖြစ် အသိအမှတ်ပြုခဲ့ကြတယ်။ နောက်တော့ ရွာမှာ သူရဲကောင်းအဖြစ် သတ်မှတ်တဲ့အခမ်းအနားကို ဒီဂူမှာပဲ ကျင်းပပြုလုပ်ကြတယ်။ ဂူကိုလာရာလမ်းတစ်လျှောက်မှာ ထောင်ချောက်တွေဆင်ထားပြီး ထောင်ချောက်တွေကို ကျော်ဖြတ်နိုင်သူမှ သူရဲကောင်းအဖြစ် အသိအမှတ်ပြုတယ်။

သူကြီးကွယ်လွန်သွားတဲ့အခါ သူ့ကို ရွာသူကြီးအဖြစ် ဝိုင်းဝန်းတင်မြှောက်ခဲ့ကြပြီး သူကလည်း သူကြီးရာထူးနဲ့ထိုက်တန်စွာ ကျင့်ကြံနေထိုင်သွားခဲ့ပါတယ်။

❦❦



# ပုံပြောတဲ့ အဘိုးအို

ရိုးရာထူး

တစ်ခါက ရွာလေးတစ်ရွာမှာ ပုံပြောတဲ့ အဘိုးအိုတစ်ယောက်ရှိသတဲ့။ သူတို့ရွာမှာ နေ့လယ်နေ့ခင်း လူတွေတစ်ရေးတစ်မော အိပ်ချိန်ဆို အဘိုးအိုဟာ သူ့အိမ်ဝင်းထဲက အရိပ်ကောင်းလှတဲ့ သစ်ပင်ကြီးတစ်ပင်အောက်မှာ ရေနွေးတစ်အိုးနဲ့ ထိုင်လေ့ရှိသတဲ့။

ရွာမှာရှိတဲ့သူတွေဟာ မနက်ဆို စောစောထပြီး လယ်ယာအလုပ်တွေလုပ်ကြတော့ အခုလို နေ့လယ်နေ့ခင်းမှာ အနားယူတတ်တယ်။ ပြီးရင် လယ်ထဲ ပြန်ဆင်းကြရမှာ မဟုတ်လား။

အဘိုးအိုကတော့ နေ့လယ်နေ့ခင်းဆို တစ်ရေးမအိပ်တော့ဘဲ ရေနွေးတစ်အိုးသောက်ရင်းသာ အနားယူလေ့ရှိတယ်။ ရွာမှာ အဘိုးအို လိုပဲ နေ့လယ်နေ့ခင်း မအိပ်ကြတဲ့သူတွေရှိတယ်။ သူတို့ကတော့ ကလေး တစ်သိုက်ပေါ့။ သူတို့တွေက ရွာတွင်း၊ ရွာပြင်အနှံ့ ဆော့နည်းပေါင်းစုံ ကစားတတ်ပြီး နေ့လယ် အဘိုးနားနေချိန်မှာ အဘိုးအိုရှိရာ သစ်ပင်ကြီး အောက် အလျှိုအလျှို ရောက်လာပါတော့တယ်။

အဘိုးအိုက တစ်ယောက်ပြီးတစ်ယောက် ရောက်လာကြတဲ့ က လေးငယ်လေးတွေကို သူတို့တွေရဲ့အကြောင်း၊ သူတို့မိဘတွေအကြောင်း ကို မေးမြန်းပြောဆိုပါတယ်။ အဘိုးအိုဟာ သူတို့ကိုသိသလို၊ သူတို့ မိဘ တွေကိုလည်း သိတယ်။ အဘိုးအိုက ရွာမှာ အသက်အကြီးဆုံး ပုဂ္ဂိုလ်တစ် ဦးဖြစ်သလို ရွာမှာရှိတဲ့ မူလတန်းကျောင်းကို စတင်တည်ထောင်ခဲ့သူနဲ့ ပထမဆုံး ကျောင်းအုပ်ဆရာကြီးလည်းဖြစ်တယ်။

အဘိုးအိုရဲ့ ဘိုးဘေးတွေဟာ ဒီရွာကို စတင်တည်ထောင်ခဲ့ကြ သူတွေဖြစ်ပြီး ရွာကိုအုပ်ချုပ်သူ သူကြီးတွေပေါ့။ အဘိုးအိုလက်ထက်မှာ တော့ သူ့မိဘမျိုးရိုးက လမ်းခွဲပြီး ပညာရေးဘက် အာရုံစိုက်ခဲ့ပါတယ်။ ဒါကြောင့်လည်း ရွာမှာ မူလတန်းကျောင်းကို စတင်တည်ထောင်ဖွင့်လှစ် နိုင်ခဲ့ပြီး ရွာရဲ့ ပထမဆုံး ကျောင်းအုပ်ဆရာကြီးဖြစ်ခဲ့တာပေါ့။

အဘိုးအိုက သူ့ရှေ့မှာရှိတဲ့ ကလေးတစ်သိုက်ကို ဝေ့ကြည့်လိုက် တယ်။ ကလေးအားလုံးငြိမ်သက်သွားတဲ့အချိန်မှာ အဘိုးအိုဟာ ပုံပြင် တစ်ပုဒ်ကို စပြောပါတော့တယ်။

"ဟိုးရှေးရှေးတုံးက. . . . ."

❧❧

အဘိုးအိုရဲ့ ပုံပြင်အဆုံးမှာ ကလေးတွေဟာ နှစ်သက်သဘော ကျလွန်းလို့ "ဝေးကနဲ" အော်လိုက်ကြတယ်။ ကလေးငယ်လေးတွေဟာ အဘိုးအိုကို တစ်ယောက်ပြီးတစ်ယောက် နှုတ်ဆက်ကာ ပြန်ထွက်သွား ကြတယ်။ အဘိုးအိုဟာ ပြန်ထွက်သွားတဲ့ ကလေးငယ်လေးတွေကိုကြည့် ရင်း ကျန်ရစ်ခဲ့တယ်။

ဒီကလေးငယ်လေးတွေဟာ ရွာရဲ့ဘဝ၊ ရွာရဲ့ အနာဂတ်တွေ

မဟုတ်လား။ နောက်ဆို သူတို့ပဲ ဒီရွာကို ဦးဆောင်ကြရမှာ။ အဘိုးအို ဟာ နှစ်ခြိုက်စွာ ပြုံးလိုက်တယ်။

လိမ္မာယဉ်ကျေးသောကလေးများ၊ စိတ်ကူးစိတ်သန်းကောင်းများ ကို ပိုင်ဆိုင်သောကလေးများ၊ စိတ်ဓာတ်ကြံ့ခိုင်သော ကလေးများ၊ အမှား အမှန် ခွဲခြားသိမြင်နိုင်သောကလေးများ၊ ထူးချွန်ထက်မြက်သောကလေး များ၊ အကျင့်စာရိတ္တကောင်းမွန်သောကလေးများ၊ ရပ်ရွာအကျိုးသယ်ပိုး လိုသော ကလေးများ၊ ချစ်ခင်စာနာတတ်သောကလေးများ၊ ဘဝကို ပျော်ရွှင်ကျေနပ်စွာ နေထိုင်တတ်သောကလေးများ. . . ဖြစ်လာအောင် သူ့ ပုံပြင်တွေနဲ့ ပြုစုပျိုးထောင်ပေးနိုင်မယ်လို့ အဘိုးအိုက ယုံကြည်မျှော်လင့် ထားပါတယ်။

အဘိုးအိုက ထာဝရဆရာတစ်ဦးဘဝကို ပိုင်ဆိုင်လိုသူ။ ကလေး ငယ်လေးတွေရဲ့ မိဘဘိုးဘွားတွေကို စာတွေသင်ပေးခဲ့သလို ကလေး ငယ်လေးတွေရဲ့ ဘဝကိုလည်း ပျော်ရွှင်စွာနေထိုင်တတ်အောင် ပုံပြင်တွေ နဲ့ သင်ပေးနေတယ်လို့ ခံယူထားတယ်။

တစ်ချိန်ကျရင်. . .

"ကျွန်တော်/ကျွန်မတို့ဟာ ဒီအပင်ကြီးရဲ့ အရိပ်အောက် အဘိုး အိုရဲ့ ပုံပြင်တွေနဲ့ ကြီးပြင်းလာခဲ့ရတာပါ" ဆိုတဲ့အပြောမျိုးကို ကြားယောင် မိတဲ့အခါ အဘိုးအိုဟာ ကျေကျေနပ်နပ်ကြီး ပြုံးလိုက်မိပြန်တယ်။

အဘိုးအိုဟာ ရေနွေးအိုးနဲ့ ခွက်တွေကို သိမ်းဆည်းလိုက်ပြီး လယ်ထဲဆင်းဖို့ ပြင်လိုက်တယ်။ အဘိုးအိုမှာ ခွန်အားများစွာ မရှိတော့ ပေမယ့် ရှိသမျှခွန်အားလေးကို အားမာန်အပြည့်နဲ့ လုပ်ကိုင်ပါတယ်။

"အလုပ်မလုပ်တဲ့လူဟာ လူပျင်းဖြစ်ပြီး အလုပ်မလုပ်ဘဲ စားရ တဲ့အစာဟာ အရသာ မရှိဘူး" ဆိုတာ အဘိုးအိုရဲ့လက်သုံးစကားပဲဖြစ် ပါတယ်။

❦❦

အဘိုးအိုဟာ သစ်ပင်ကြီးအရိပ်အောက်မှာ သူ့ပုံပြင်တွေ လာ ရောက်နားထောင်တဲ့ ကလေးငယ်လေးတွေ တဖြည်းဖြည်းနည်းသွားတာ ကို သတိပြုမိလိုက်တယ်။

သူ့ပုံပြင်တွေက ရိုးလွန်းလို့လား။

ကလေးတွေ စိတ်ဝင်စားတတ်တဲ့၊ နှစ်သက်သဘောကျမယ့် ပုံပြင်တွေကို ကြိုးစားပြောကြည့်တယ်။ ထူးမလာပါဘူး။ ကလေးတွေ နည်းသွားလိုက်တာ နောက်တော့ တစ်ယောက်မှ ရောက်မလာတော့ဘူး။

အဘိုးအိုဟာ အပြန်ပြန်အလှန်လှန် စဉ်းစားပြီး အဖြေရှာတယ်။ ဒီအခါ ရွာကလူတွေ ပုံစံပြောင်းလာတာကို သတိပြုမိလာတယ်။ ဘာလို့များ ဒီလိုမျိုးဖြစ်သွားတာပါလိမ့်။

တစ်နေ့ လမ်းလျှောက်ထွက်တော့ သူ့ဆီ ပုံပြင်လာနားထောင်တတ်တဲ့ ကလေးတစ်သိုက်နဲ့ ဆုံမိတယ်။ သူ တော်တော်အံ့ဩသွားတယ်။ ကလေးတွေက သူ့အရှေ့ကနေ ပုခုံးကို ဆတ်ကနဲ ဆတ်ကနဲလှုပ်၊ လက်ကိုကားယားလွှဲ၊ ခေါင်းကို ပေစောင်းစောင်းလုပ်ကာ မထီတရီ အမူအယာနဲ့ ဖြတ်ကျော်သွားတယ်။ အရင်ကလို လက်ပိုက်ခေါင်းငုံ့ပြီး လျှောက်သွားကြပုံဟာ ဘာလို့များ ပျောက်သွားရပါလိမ့်။

တစ်ညနေမှာ အရက်မူးပြီး လျှောက်လာတဲ့ လူငယ်တစ်ယောက်နဲ့ဆုံမိတယ်။ အရင်အချိန်က လူငယ်တွေ အရက်သောက်ရင် လူသိမှာစိုးလို့ ခိုးကြောင်ခိုးဝှက်သောက်ခဲ့ကြတာကို သတိရမိလိုက်တယ်။ အရက်သောက်လို့ သူများသိမှာကို အင်မတန်ကြောက်ကြတာကလား။ ဒုစရိုက်မှုကြီးတစ်ခုကို ကျူးလွန်သလို သဘောထားတတ်ကြတာကလား။

အခုတော့ လူငယ်က အရှက်အကြောက် မရှိ၊ မူးမူးနဲ့ ပြောချင်ရာပြော၊ ဆိုချင်ရာဆို၊ တစ်ရွာလုံးကို ဆဲရေးတိုင်းတွာလို့ . . . ။

ရွာရဲ့အခြေအနေတွေဟာ ဘာလို့များ ဒီလောက်တောင် အပြောင်းအလဲမြန်ကုန်တာလဲ။ အဘိုးအိုဟာ တွေးရင်းဆက်လျှောက်လာတုန်း ဖြုန်းဆို အော်ဟစ်ဆဲဆိုသံကြီးတစ်ခုကို ကြားလိုက်ရတယ်။ အဘိုးအိုဟာ အသံထွက်ပေါ်ရာဆီကို သွက်သွက်လေးလှမ်းခဲ့တယ်။ တားသင့်တား၊ ဆွဲသင့်ဆွဲရအောင်လို့ပါ။

အားပါး. . .၊ အော်ဟစ်ဆဲဆိုသံကြီးဟာ သစ်ပင်ခွကြားမှာရှိတဲ့ လော်စပီကာကြီးဆီက ထွက်ပေါ်လာတာပါလား။ အဘိုးအိုဟာ သူ့အိမ်ရှိရာ လှည့်ပြန်ခဲ့တယ်။ အိမ်ပြန်ရောက်တဲ့အထိ အဘိုးအိုခေါင်းမှာ ရင်တွေ

ပန်းတွေတုန်လို့။

ရွာထဲမှာ လူပြောသူပြောများတဲ့ ဗီဒီယိုဆိုတာ ဒါကြီးကိုး။ ဒီဟာကြီးက ငါ့ဆီက ကလေးတွေကို ဆွဲထုတ်သွားခဲ့တာပါလား။ လူငယ်တွေရဲ့ ဝတ်စားဆင်ယင်မှုနဲ့ အနေအထိုင် အပြောအဆိုတွေကို ဒီဟာကြီးက သင်ပေးနေတာကိုး။ ရွာက လူတွေ အလုပ်ပျက်အကိုင်ပျက်ရလောက်အောင် ဒီဟာကြီးက ပြုစားထားတာပါလား။

ဒီဟာကြီးနဲ့ စာရင်းရှင်းဖို့ အဘိုးအို ဆုံးဖြတ်လိုက်ပါတယ်။

❦❦

ဗီဒီယိုရုံထဲ အဘိုးအိုရောက်ရှိသွားချိန်မှာ ဘယ်သူမှ ရှိမနေကြဘူး။ သူဝင်သွားတာကိုလည်း ဘယ်သူမှ မတွေ့လိုက်ကြပါဘူး။

အဘိုးအိုဟာ ဗီဒီယိုဆိုတာကြီးကို အနီးကပ်ပြီး အသေအချာကြည့်လိုက်တယ်။

တော်တော် မျက်နှာပြောင်တဲ့ကောင်ပဲ။

"မင်း ဒီရွာက ထွက်သွားရင်ကောင်းမယ်"

အဘိုးအိုရဲ့စကားကိုကြားတဲ့အခါ ဗီဒီယိုက မခိုးမခန့်ပြုံးလိုက်ရင်းကပြန်ပြောတယ်။

"အဘိုးကြီး... ဘာတွေလာပြောနေတာလဲ"

"မင်း သိပါတယ်။ တို့ရွာလေးကို မဖျက်ဆီးချင်ပါနဲ့"



"ဘာ ကျုပ်က ဖျက်ဆီးတယ် ဟုတ်လား။ ခင်ဗျားတို့လို ချောင်ကလောင်ကဟာတွေကို ကျုပ်က ကမ္ဘာကြီးနဲ့ ဆက်သွယ်ပေးနေတာ။ "အိုင်တီ" ခေတ်ဆိုတာကို ခင်ဗျားကြားဖူးရဲ့လား။

ဂလိုဘယ်လိုက်ဖေးရှင်းဆိုတဲ့ ဝေါဟာရကိုကော ခင်ဗျားသိရဲ့လား"

"အိုကွာ. . တော်ပါတော့၊ ရွာက အခြေအနေတွေ ဒီထက်မဆိုး ခင် ရွာက ထွက်သွားတာ ကောင်းပါတယ်"

"ကျုပ်ကို ထွက်သွားခိုင်းရလောက်အောင် ခင်ဗျားက ဘာလဲ၊ ခင်ဗျားမှာ ဘာပါဝါရှိလဲ။ ခင်ဗျားနဲ့ ကျုပ် ဘယ်သူထွက်သွားရမလဲဆို တာ ကြည့်ကြသေးတာပေါ့"

အဘိုးအို အသားတွေ တဆတ်ဆတ်တုန်သွားတယ်။ ရှက်စရာ ကောင်းလိုက်တာ။ ဒီအသက် ဒီအရွယ်အထိ သူ့ကို ဘယ်သူမှ ခုလို ခွန်းတုံ့ပြန်တာ၊ ရိုင်းရိုင်းပျပျ ဆက်ဆံတာမျိုး မကြုံဘူးခဲ့။

အခုတော့ သူ့မြေးအရွယ်က. . .၊

အဘိုးအိုရဲ့လက်ထဲက တောင်ဝှေးဟာ အပေါ်မြောက်တက် သွားတယ်။ တပည့်မိုက်တစ်ဦးကို ဆုံးမသလို၊ သားသမီးတစ်ယောက်ကို အပြစ်ပေးသလို ခပ်ဆတ်ဆတ်လေး ရိုက်ချလိုက်တယ်။

"ဂလုံး ခွမ်း" ဆိုတဲ့ မြည်သံကြောင့် ဗီဒီယိုရုံထဲ လူတွေပြေးဝင် လာတဲ့အခါ အဘိုးအိုကို ကွဲနေတဲ့ ဗီဒီယိုရှေ့မှာ တွေ့လိုက်ကြတယ်။

❦

ရွာကလေးရဲ့ စက်လှေဆိပ်မှာ စက်လှေအလာကို လူတွေ စောင့်နေကြတယ်။ ဒီစက်လှေဟာ ရွာလေးနဲ့ မြို့ငယ်လေးကို ချိတ်ဆက် ပေးနေတဲ့ တစ်ခုတည်းသော ဆက်သွယ်ရေးယာဉ်ပါ။ စက်လှေက တစ် ရက်ခြား ရောက်လာပြီး ရွာမှာ ရပ်နားကာ ခရီးသည်တွေ၊ ကုန်ပစ္စည်း တွေကို သယ်ယူကာ မြို့ငယ်လေးကို ပြန်သွားပါတယ်။

"အဘိုးကြီးကို ဘာဖြစ်လို့ ဖမ်းရတာလဲ"

"မင်း မသိသေးဘူးလား။ ဒီလောက် တစ်ရွာလုံး အုတ်အုတ်သဲ သဲဖြစ်သွားတဲ့ဟာ။ မနေ့က ဗီဒီယိုရုံထဲဝင်ပြီး ဗီဒီယိုကို ရိုက်ခွဲလို့"

"ဘယ်လိုဖြစ်ရတာလဲကွာ"

"ဒါတော့ ဘယ်သိမလဲ။ သူ့ဟာသူ စိတ်ရှုပေါက်လည်း တခြား သွားပေါက်တာ မဟုတ်ဘူး။ ညက ဗီဒီယိုကားကောင်းလည်း လွတ်သွား တယ်။ ဗီဒီယိုရုံပိုင်ရှင်ကတော့ ချက်ချင်းပဲ မြို့ကို ဗီဒီယိုအသစ်တစ်လုံး

ထပ်မှာလိုက်တယ်။ အခုရောက်လာမယ့်ဟာက အရင်ဟာထက် ကြီးလည်းကြီးတယ်၊ အမျိုးအစားလည်း ပိုကောင်းတယ်တဲ့"

ဆိပ်ကမ်းကို စက်လှေ ဆိုက်ကပ်လာတဲ့အခါ အလုပ်သမားတွေဟာ စက်လှေပေါ် မှာပါလာတဲ့ ဗီဒီယိုအသစ်စက်စက်ကြီးကို ဂရုတစိုက်နဲ့ ညင်သာစွာကိုင်တွယ်ပြီး သယ်ယူသွားကြတယ်။ အရမ်းကာရော ဆွဲလွှဲသယ်ယူလို့ ရတာမျိုးမှ မဟုတ်ဘဲ။ ပုံးခွံပေါ် မှာလည်း သတိပေးစာက အထင်အရှား။

" သတိ၊ ထိခိုက်လွယ်သည်၊ ကွဲရှတတ်သည်" တဲ့။

စက်လှေပြန်ထွက်သွားချိန်မှာတော့ အဘိုးအိုဟာ တရားရင်ဆိုင်ဖို့အတွက် ရုံးတော်ရှိရာ မြို့ငယ်လေးဆီ ပါသွားခဲ့တော့တယ်။

⁂